www.burmeseclassic.com



BURMESE CLASSIC .com

# အာဇာနည်

## ဦးနု

ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြကုန်သော
အာဇာနည်ပုဂ္ဂိုလ်ထူးတို့၏ မှတ်တမ်း

သတ္တမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ် မှတ်တမ်း

ပထမအကြိမ် - ၁၉၄၅*
ဒုတိယအကြိမ် - ၁၉၄၉
တတိယအကြိမ် - ၁၉၅၃
စတုတ္ထအကြိမ် - ၁၉၅၄
ပဉ္စမအကြိမ် - ၁၉၅၇
ဆဋ္ဌမအကြိမ် - ၁၉၉၇* (စာပေလောက)

* ၁၉၄၅၊ ပထမအကြိမ် ပုံနှိပ်ခြင်း - *အာဇာနည်ဆိုတာ ဘာလဲ* အမည်ဖြင့် ပုံနှိပ်သည်။

* ၁၉၉၇၊ ဆဋ္ဌမအကြိမ် ပုံနှိပ်ခြင်းကို တတိယအကြိမ် ဟု မှားယွင်း ဖော်ပြထားသည်။

[ တစ်အုပ် ၁၂၀၀ ကျပ် ]

BURMESE CLASSIC .com

စာပေလောကစာအုပ် အမှတ် ၂၅၂-ဒု

# ဦးနု

# အာဇာနည်

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း။ ရန်ကုန်မြို့။
[ဖုန်း - ၃၇၄၃၉၁၊ ၂၇၅၁၆၆]
e-mail : splkygn@mptmail.net.mm

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၈/၂၀၀၄ (၁) ]

စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၃၀/၂၀၀၄ (၄) ]

●

မျက်နှာဖုံး
ကျော်ကျော်

---

ပုံနှိပ်ခြင်း
သတ္တမအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း
မေ၊ ၂၀၀၄

---

စာအုပ်ချုပ်
မှူးမှင့်မြေး

●

ဒေါ်စန်းစန်းနု (၀၂၉၈၀) ပဒေသာစာပေ
အမှတ် ၄၂၊ ပြည်ထောင်စုလမ်းသွယ်၊
ဆရာစံ မြောက်အနောက်ရပ်ကွက်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

## မာတိကာ


| | | |
|---|---|---|
| -၊ | စကားချီး | |
| | အာဇာနည်ဆိုတာ ဘာလဲ | ၁ |
| -၊ | စကားချီး | |
| | ဒုတိယအကြိမ် ပုံနှိပ်ခြင်း | ၉ |
| ၁၊ | မေတ္တာနှင့် သစ္စာ | ၁၁ |
| ၂၊ | တစ်ယောက်ကောင်းက | ၁၆ |
| ၃၊ | အရှုံးမပေး | ၂၄ |
| ၄၊ | မိတ်ဆွေစစ် | ၃၅ |
| ၅၊ | သေရဲသူ | ၃၉ |
| ၆၊ | အိုဘယ့်လူ | ၄၇ |
| ၇၊ | ဖွဲ့နှင့် သတ္တိ | ၅၁ |
| ၈၊ | မြို့ခံ | ၅၈ |
| ၉၊ | ရိုးမြေကျ | ၆၄ |
| ၁၀၊ | လွတ်လပ်ရေးသို့ | ၇၀ |
| ၁၁၊ | တာဝန်ကျေသူ | ၇၆ |
| ၁၂၊ | သားကောင်းရတနာ | ၈၄ |
| ၁၃၊ | သတ္တိခဲကလေး | ၈၉ |
| ၁၄၊ | ချတယ်ဆို ဒီလိုမှ | ၁၀၀ |
| ၁၅၊ | မြန်မာ့ဇာတိမာန် | ၁၁၁ |
| -၊ | စာရေးသူ ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း | ၁၂၃ |
| -၊ | စာရေးသူ ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များ | ၁၂၇ |


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## စကားချီး

## အာဇာနည်ဆိုတာ ဘာလဲ

အာဇာနည်ဆိုတာ ဘာလဲ။ ဤမေးခွန်းကိုဖြေရန် မလွယ်ကူလှပေ။ များမကြာမီက ဤစာရေးသူသည် ပညာရှိပုဂ္ဂိုလ်ကြီး တစ်ဦးနှင့် တွေ့၍ 'ဦးရယ်၊ အာဇာနည်ဆိုတာ ဘာလဲ' ဟု မေးလိုက်ရာ ထိုပုဂ္ဂိုလ်ကြီးက 'စွန့်ရဲတဲ့လူပေါ့ မောင်' ဟု ပြန်၍ ဖြေလိုက်သည်ကို ကြားရပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် မေးခွန်းကို ခပ်ပေါ့ပေါ့ ဖြေလိုက်ဟန် လက္ခဏာရှိလေသည်။ ဤအဖြေကို ယခု စာရေးသူသည် ကောင်းစွာ လက်မခံနိုင်သေး။

စွန့်ရဲတဲ့လူသည် အာဇာနည်ဟုဆိုလျှင် တစ်ခါတုန်းက စာရေးဆရာကြီး ပီမိုးနင်း၏သား ကျော်စိုးသည် ရည်းစားလုရာတွင် တစ်ဘက်သားက ဓားမြှောင်နှင့်စောင့်နေသည်ကို အသက် မနှမြောဘဲ အတင်းဝင်လုရာမှ ဓားထိုးခံရ၍ သေသွားသည်။ ကျော်စိုးသည် စွန့်ရဲသောသူတစ်ဦးပင် ဖြစ်သည်။ သို့အတွက် ဤ ကျော်စိုးကို အာဇာနည်ဟု ခေါ်ရမည်လော။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သော တပင်ရွှေထီး၏ နားထွင်းခန်းကို မြန်မာတိုင်း ကြားဖူးပေလိမ့်မည်။ ဤနားထွင်းပွဲကို လိုက်ရန်အတွက် လူစွမ်းကောင်းများကို ဘုရင့်နောင် ကိုယ်တိုင် ရွေးချယ်သည်။ လက်မထိပ်ကို အပ်ရိုက်ပြီး သွင်းလိုက်သည့်အခါ မတွန့် မရှုံ့သူကိုမှ ရွေးချယ်သည်။ ဇလရဲထင်၏ အလှည့်သို့ ရောက်သောအခါ ယောင်၍ မျက်နှာရှုံ့လိုက်မိသဖြင့် အပယ်ခံရ၏။ ထိုအခါ ဇလရဲထင်သည် အလွန်ရှက်သွားသောကြောင့် သူ့ခါးထဲမှ ဓားမြှောင်နှင့် သူ့ဗိုက်ကို ခွဲလိုက်၍ ထွက်လာသော အူစကို ဘုရင့်နောင်အား အကိုင်ခိုင်းပြီးလျှင် ဘုရင့်နောင်ကို တစ်ပတ် ပတ်၏။ အူဆုံးသည့် နေရာတွင်မှ လဲ၍ သေလေသည်။ ဤသူကိုလည်း အာဇာနည်ဟု ခေါ်မည်လော။

ထိုင်းကို တိုက်၍ နိုင်ခဲ့သော ဆင်ဖြူများရှင်ကိုပင် ထိုင်းကို အနိုင်တိုက်နိုင်သည့်အတွက် အာဇာနည်ဟု ခေါ်ရမည်လော။

ကျော်စိုးတို့ကဲ့သို့သော သူကို အာဇာနည်ဟူ၍ ခေါ်ရမည်ဆိုလျှင် ဤကမ္ဘာကြီးတွင် ရည်းစားလုရင်း မကြာခဏ သေဆုံးနေကြသော အာဇာနည်တွေ ဒုနှင့်ဒေး ဖြစ်၍ နေလိမ့်မည်။

ဇလရဲထင်လို ရှက်ရမ်းရမ်းကာ သေကြသူပေါင်းမှာလည်း မရေမတွက်နိုင်အောင် ပေါများကြလေသည်။

ထိုင်းတည်းဟူသော ကိုယ့်ထက် အားသေးသည့် နိုင်ငံတစ်နိုင်ငံကို နိုင်အောင် တိုက်ယူနိုင်သည့်အတွက် ဆင်ဖြူများရှင်ကို အာဇာနည်ဟု ခေါ်ဆိုရမည်ဆိုလျှင် အင်္ဂလိပ်တွေထဲမှာလည်း အာဇာနည်တွေ လက်ညှိုးနှင့် ထိုး၍ လွဲနိုင်တော့မည် မဟုတ်ပေ။



ကမ္ဘာ့သမိုင်းကိုကြည့်လျှင် ပီရူး[၁] နိုင်ငံတော်ကြီးကို တိုက်ယူရသော ပီဇာရိုး[၂] မှာ အတော်စွန့်ရဲရှာသည်။ သို့ရာတွင် သူများ၏ နိုင်ငံကို လိုချင်သော လောဘဇောက တိုက်တွန်းထားသဖြင့် သူ၏ သတ္တိ၊ စွန့်ရဲသော စိတ်ဓာတ်တို့မှာ အာဇာနည်စာရင်းတွင် မဝင်နိုင်တော့ချေ။ သူတစ်ဖက်သား၏ ပစ္စည်းဥစ္စာကို အသာငမ်းငမ်းတက် လိုချင်ကြသောကြောင့် စွန့်စားကြသည့် စိတ်ဓာတ်နှင့် သတ္တိတို့ကို သူခိုး ဓားပြတွေထဲတွင် မကြာခဏ တွေ့နိုင်ကြပေသည်။ စစ်အနိုင်ရကာ လုယက်ရသည်ကို သဘောကျ၍ စစ်ဝင်တိုက်ကြသော အောက်တန်းစား စစ်သားမျိုးထဲတွင်လည်း အဆိုပါ စိတ်ဓာတ်နှင့် သတ္တိမျိုးကို မကြာခဏ တွေ့နိုင်ကြလေသည်။

အချို့ကလည်း ကြွားချင်ဝါချင်သော စိတ်နှင့် စွန့်ရဲကြသူများ ရှိကြသေးသည်။ ဥဒါဟရဏ်အားဖြင့် အင်းဝတံတားကြီးပေါ်မှ ကျွမ်းထိုးချသူများမှာလည်း စွန့်ရဲသည့်စိတ် အတော်အတန်မရှိဘဲ မလုပ်နိုင်ချေ။ မက်ဆီမီလီယန်[၃] ကေရာဇ်ဘုရင်လည်း စွန့်ရဲသည့် သတ္တိရှိကြောင်းကို သူ့နိုင်ငံသူ နိုင်ငံသားများအား သိစေလိုသဖြင့် အွန်း[၄] မြို့ရှိ ဘုရားရှိခိုးကျောင်းကြီး၏ အမြင့်ဆုံး ပြာသာဒ်များတွင် မတ်တတ်ရပ်ပြဖူးသည်။

အာဇာနည်ဖြစ်ချင်လျှင် ဤလို ဤလို စွန့်ရဲသည့်သတ္တိကလေးနှင့် မပြီးနိုင်သေး။ အခြား လက်ရုံးရည် နှလုံးရည်တို့လည်း ရှိကြရပေဦးမည်။ ထိုလက်ရုံးရည် နှလုံးရည်တို့ထဲတွင် တစ်ခု အပါအဝင်မှာ အခြားမဟုတ်၊ တာဝန်ကျေပွန်ခြင်းပင် ဖြစ်လေသည်။

တာဝန်ကျေပွန်ခြင်း၏ သက်သေသာဓက ကလေးကို အနည်းငယ် ထုတ်ဖော်ပြပါအံ့။

www.burmeseclassic.com



ဘားဆူးဘိယပ်[၅] မီးတောင်ကြီးပေါက်ကွဲ၍ ပွန်ပေအိး[၆]မြို့ကြီးကို မီး မီးခိုး ပြာ ချော်ရည်တို့သည် ကွက်လပ်မရှိ ဖုံးလွှမ်းလျက်ရှိလေပြီ။ ဤမြို့၏ တစ်နေရာတွင် တာဝန်ကျသဖြင့် စောင့်နေရသော စစ်သားတစ်ဦးသည် အသက်ဘေးအတွက် ကစဉ့်ကလျား ပြေးလွှားနေကြသော မြို့သူမြို့သားများ၏အကြားတွင် တစ်ဦးတည်း ရပ်၍ကျန်ရစ်သည်။ သူ့အတွက် သူ၏ အသက်ထက် တာဝန်က ပို၍အရေးကြီးသည်။ သေဘေးကြောင့် တာဝန်ကို ပစ်ပြေးကာ အနှစ်တစ်ရာ အသက်ရှင်နေရခြင်းထက် တာဝန်ကျေပွန်စွာနှင့် တစ်နာရီတစ်မိနစ် တစ်စက္ကန့်မျှ နေရခြင်းက မြတ်သည်ဟု ထိုစစ်သားသည် အယူရှိလေသည်။ မြို့ကို ဖော်သောအခါ ထိုစစ်သားကို သူ့တာဝန်ကျသည့်နေရာတွင် မီးခိုးနှင့် ပြာတို့ မဝင်စေရန် လက်တစ်ဖက်ဖြင့် နှာခေါင်းကို ပိတ်၍ ရင်ကော့လျက် သေနေသည်ကို တွေ့ကြရလေသည်။ ဤသည်ကား ရောမစစ်သား အာဇာနည်၏ တာဝန်ကျေပွန်ပုံ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ပေတည်း။

၁၆၄၃ ခုနှစ်တွင် ဖြစ်ပွားသော ရိကရှာ[၇] တိုက်ပွဲတွင် ကွန်ဒေး[၈] မင်းသားကြီးက တစ်ဖက်၊ ဖွန်ဖားလို ဒေ ကော့ ထိုးဘား[၉] ခေါ်၊ ကမ္ဘာကျော် စစ်ဗိုလ်ကြီးကတစ်ဖက် တိုက်ကြလေသည်။ ဖွန်ဖားလိုသည် ဤတိုက်ပွဲ၌ ဝင်၍ တိုက်သည့် အချိန်အခါတွင် အလွန် အိုမင်းလျက်ရှိလေပြီ။ တိုက်ပွဲသို့ လမ်းမလျှောက်နိုင်သဖြင့် ကုလားထိုင်နှင့် သယ်ယူရသည်။ တိုက်ပွဲပြီးသောအခါ သူ့တပ်သားများသည် ကိုယ့်နေရာမပျက် သေနေကြသည်ကို တွေ့ရသည်။ အဘိုးကြီး ကိုယ်တိုင်လည်း သူ ထိုင်နေသော ကုလားထိုင်ပေါ်တွင် အနိစ္စရောက်လျက် ရှိလေသည်။ ထိုသူတို့၏ တာဝန်ကျေပွန်ပုံ



သတ္တိရှိပုံတို့ကို မြင်ရသောအခါ 'ငါတို့ နိုင်လို့သာ၊ ငါတို့သာ ရှုံးရမယ်ဆိုရင် ဒီလို သတ္တိပြပြီး အသေခံလိုက်ချင်စမ်းပါဘိ' ဟူ၍ တစ်ဖက်သား ကွန်ဒေးမင်းသားကြီးကပင် ချီးကျူးရလေသည်။ အဘိုးကြီး သေလျက် တွေ့ရသော ကုလားထိုင်ကြီးကိုလည်း သူ့နိုင်ငံတွင် တရိုတသေ အမှတ်တရ သိမ်းဆည်းထားလေသည်။

ဤသို့ တာဝန်ကျေပွန်ပုံမျိုးသည် စစ်သား၏ အသက်ပင်ဖြစ်တော့၏။ ဤ အသက်မရှိဘဲ စစ်တပ်တစ်တပ်သည် မတည်မြဲနိုင်။ နိုင်ငံတစ်နိုင်ငံသည် မတည်မြဲနိုင်။ နိုင်ငံဆိုသည်မှာ ကြီးကျယ်ပါသေးသည်။ ဤ အသက်သာမရှိပါလျှင် တစ်အိုးတစ်အိမ်ထောင်ဟူ၍ မဖြစ်နိုင်။

သူတစ်ထူးအတွက် စွန့်စားခြင်းသည်လည်း အာဇာနည်ဖြစ်ထိုက်သော လက္ခဏာတစ်ရပ် ဖြစ်သည်။ ဤသို့ စွန့်စားခြင်းအတွက် အကောင်းဆုံး သာဓကမှာ အက်သင်း[၁၀] တိုင်းသူကလေးလေးနှ[၁၁] ဖြစ်သည်။ ထိုအခါက ပိုင်ဆစ်စတြားတပ်[၁၂] ဆိုသူဘုရင်တစ်ပါးသည် အက်သင်းတွင် အလွှမ်းရမ်းကား ဆိုးညစ်လျက်ရှိသည်။ ထို မင်းဆိုးမင်းညစ်ကို ပုန်ကန်ရန် အစည်းအဝေးတစ်ခုကို လေးနှ၏ အိမ်တွင် တိတ်တဆိတ် စည်းဝေးကြသည်။ တစ်နေ့သ၌ ပုလိပ်များက သူ့ကို ဖမ်းပြီးလျှင် မပေါ် ပေါ်အောင် ညှဉ်းပန်းနှိပ်စက်၍ မေးရာတွင် မိန်းမသားဖြစ်သဖြင့် ကြာလျှင် သည်းမခံနိုင်ဘဲ လျှို့ဝှက်ချက်များကို ဖွင့်ထုတ်လိုက်မိမည်စိုးသဖြင့် စကားမပြောနိုင်အောင် သူ့လျှာကို သူ ကိုက်ဖြတ်ပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ထူးသည့် ရောမ[၃၃] အမျိုးသမီး အာဇာနည်တစ်ဦးလည်း ရှိသေး၏။ ထိုအမျိုးသမီး၏ မိခင်မှာ အစာငတ်ခံ၍ သေရမည့် သေဒဏ်ကို ခံနေရရှာသည်။ သမီးဖြစ်သူသည် ထောင်မှူးများ၏ အလစ်တွင် သူ့အမေရှိရာ ထောင်ထဲသို့ဝင်ပြီးသော် သူ့နို့ရည်ကို တိုက်ကျွေးလေသည်။ သူပါ အသတ်ခံရမည်ကို သိသော်လည်း ကျေးဇူးရှင် မိခင်အိုကြီးအတွက် သူ့အသက်ကိုပင် မငဲ့ကွက်နိုင်တော့ဘဲ စွန့်၍သွားခြင်းဖြစ်သည်။ ဤအဖြစ်အပျက်ကို လွှတ်တော်အမတ်ကြီးများ ကြားသိရသည့်အခါ အမယ်အိုကြီးအား အပြစ်သေဒဏ်မှ ချမ်းသာခွင့်ပေးခဲ့လေသည်။

ကျေးဇူးရှင် ဖခင်အိုကြီးကို ဤနည်းနှင်နှင် ကျေးဇူးဆပ်၍ကယ်ခဲ့ဖူးသော ဂရိ[၃၄] ပြည်သူ ယူဖရားဆီယား[၃၅] ဆိုသူ တစ်ဦးလည်း သမိုင်းတွင် ထင်ရှားခဲ့သည်။

တစ်ရံရောအခါတွင် ဆွစ်ဇာလန်[၃၆] တိုင်းသား လူငယ်နှစ်ဦးသည် အသည်းအသန် နာဖျားနေသော ဖခင်အိုကြီးနှင့် နေကြရလေသည်။ သူတို့သည် အလွန် ဆင်းရဲလွန်း၍ ဆေးဖိုးဝါးခပင် မတတ်နိုင်ကြချေ။ တစ်နေ့သ၌ အင်္ဂလိပ်ခရီးသည် တစ်ဦးသည် သိန်းငှက်များကို အဖိုးကြီးပေး၍ ဝယ်နေသည်ဟု ကြားရသောကြောင့် ဘယ်သူမျှ မတက်ဝံ့သော တောင်ထိပ်ဖျား တစ်ခုပေါ်ရှိ သိန်းငှက်တစ်စုံကို အသက်စွန့်ကာ တက်ရောက် ဖမ်းယူပြီးလျှင် အင်္ဂလိပ်ခရီးသည်ကို ရောင်းချ၍ ကျေးဇူးရှင် ဖခင်ကြီး၏ အသက်ကို ကယ်ဆယ်ခဲ့ဖူးသည်။ အာဇာနည် ပီလှပါပေစွ။

တစ်ခါတုန်းကလည်း ရုရှား[၃၇] ခရီးသည် တစ်ဦးသည် တောကန္တာရခရီးလမ်းတစ်ခုကို စွပ်ဖားနှင့် ဖြတ်သွားရာ ဝံပုလွေတို့သည်



ဝိုင်း၍ လိုက်ကြ၏။ ခရီးသည်လည်း သေရမည့် အသက်ဘေးမှ အလွန် ကြောက်လန့်လျက်ရှိစဉ် သူ၏ အစေခံသည် သူ့ဆရာအား ထွက်ပြေးပေါက်ကလေးမှ ရပါစေတော့ဟူသော သဘောဖြင့် ဝံပုလွေအုပ်ထဲသို့ စွပ်ဖားပေါ်မှ ခုန်ဆင်းနေလိုက်ဖူးလေသည်။

အိန္ဒိယစစ်သူပုန်[၃၈] ဖြစ်ပွားစဉ်က တရားဏသိတွင် အာဇာနည်တင်ထိုက်သည့် အဖြစ်တစ်ခု ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုအခါက ကုလားစစ်သူပုန်များသည် အင်္ဂလိပ်မှန်သမျှကို တွေ့ရာသချိုင်းဓားမဆိုင်းဘဲ ခုတ်ပိုင်း သတ်ဖြတ်လျက်ရှိရာ အင်္ဂလိပ်မှန်သမျှသည် လွတ်ရာကျွတ်ရာသို့ အရာအမိ ကသောကမျော ထွက်ပြေးတိမ်းရှောင်၍ နေကြရသည်။ သို့ရာတွင် ဒေါက်တာဟေး[၃၉] ဆိုသူ အင်္ဂလိပ်ဆရာဝန်တစ်ဦးမှာကား သူ၏ဆေးရုံမှတစ်ပါး အခြားကို မသွား။ သူ့မိတ်ဆွေ အင်္ဂလိပ်များက ထွက်ပြေးရန် အတင်းလာ၍ ခေါ်သောအခါ 'ကျုပ်လူမမာတွေ ကျုပ်မရှိရင် သေကုန်ကြလိမ့်မယ်၊ သူတို့ကို ကျုပ်ပစ်မပြေးနိုင်ဘူး' ဟု ပြန်ပြောလိုက်လေသည်။ အလွန် ကြည်ညိုဖွယ်ရာကောင်းသော အာဇာနည်ကြီးပေတကား။

ယခု ဖော်ပြခဲ့သော သာကေတို့ဖြင့် အာဇာနည်ဆိုတာ ဘာလဲဟူသော မေးခွန်း၏ အဖြေကို ပေါ်နိုင်သမျှ ပေါ်အောင် ဖော်ပြခဲ့လေပြီ။

မြန်မာပြည်တွင် ရှေးကလည်း ကမ္ဘာ့အာဇာနည် စံချိန်မီသော အာဇာနည် အမြောက်အမြား ပေါ်ထွက်ဖူးလေပြီ။ သတိမမူ ဝှကိုမမြင် ဆိုသော စကားအတိုင်း မြန်မာနိုင်ငံသူ နိုင်ငံသားတို့က အမှတ်တမဲ့ နေခဲ့ကြ၍သာ ထင်ပေါ်ခြင်း မဖြစ်ခဲ့ကြရပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေရာတွင် ရည်ရွယ်ချက်ကား အခြား မဟုတ်။ မိးခဲပြာဖုံး မြန်မာအာဇာနည်ကလေးများသည် ကမ္ဘာ့ အာဇာနည်တို့၏ ထုံးကို နှလုံးသွင်းကြ၍ မြန်မာကို ကမ္ဘာ့ထိပ်ဆုံးသို့ ရောက်အောင် မြှင့်တင်နိုင်ကြရန်ပင် ဖြစ်ပါသတည်း။

၁၃၀၇ ခု၊ နတ်တော်လဆန်း ၇ ရက်။ သခင်နု

## စကားချီး

### ဒုတိယအကြိမ် ပုံနှိပ်ခြင်း

အာဇာနည်ဆိုသည့် စာအုပ်ငယ်သည် ရှေးအခါများကထက် ယခု အချိန်အခါတွင် ကျွန်တော်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ပိုပြီး တန်ဖိုးရှိလိမ့်မည်ဟု ကျွန်တော် လေးလေးနက်နက် ယုံကြည် သည်။

၁။ ယခုအခါ ပြည်ထောင်စုအတွင်း၌ တဟုန်းဟုန်း တောက် လောင်လျက်ရှိသေးသော သောင်းကျန်းမှု မီးကို ငြိမ်းသတ်ခြင်း၊ ၂။ နောင်အနာဂတ်ကာလတွင်လည်း ဤသို့သော သောင်းကျန်းမှု မီးမျိုး ပြည်ထောင်စုအတွင်းတွင် မပေါ်ပေါက်အောင် တားဆီးပေး ခြင်း၊ ၃။ ပြည်ထောင်စုသားအားလုံးကို ဗလငါးတန်တွင် ပြည့်စုံ လုံလောက်စေပြီးလျှင် ပြည်ထောင်စု မြန်မာနိုင်ငံကြီးကို ကမ္ဘာနှင့် ရင်ဘောင်တန်းလျက် လိုက်နိုင်အောင် စွမ်းဆောင်ပေးခြင်းတည်း ဟူသော လုပ်ငန်းကြီးသုံးရပ်မှာ လူသာမန်တို့ လုပ်နိုင်သော လုပ်ငန်း များ မဟုတ်ပေ။ အာဇာနည်များသာ လုပ်နိုင်သော လုပ်ငန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ ပြည်ထောင်စုသားများသည် မိမိတို့၏ ပြည်ထောင်စုကြီးအတွက် အဆိုပါ လုပ်ငန်းကြီးများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နိုင်ကြရန် အာဇာနည်များ ဖြစ်လာကြအောင် ကြိုးစားကြရပေလိမ့်မည်။

အာဇာနည်ဖြစ်အောင် လုပ်ရန်ကိစ္စမှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ အာဇာနည်ဖြစ်အောင်လုပ်ရန် အလုပ်ကို မပြောထားနှင့်။ အာဇာနည်ဆိုတာ ဘာလဲ ဆိုသည့် အချက်ကိုပင် တိတိကျကျသိရန် ခဲယဉ်းလေသည်။

အာဇာနည်နှင့် လူမိုက်တို့ကို ခွဲခြားထားသည့် နယ်နိမိတ်သည် အလွန် ကျဉ်းမြောင်း သိမ်မွေ့လှသည်ဖြစ်ရာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အသက်ကို စွန့်ရသည်အထိ ကြိုးပမ်းသော်ငြားလည်း အာဇာနည် ဖြစ်ချင်မှ ဖြစ်မည်။ လူမိုက်စာရင်းထဲသို့ပင် သွင်းကောင်း သွင်းရပေလိမ့်မည်။

ထို့ကြောင့် ပြည်ထောင်စုကြီးအတွက် ရင်ကို မြေကတုတ်လုပ်ပြီး ကာကွယ်စောင့်ရှောက်လျက် ရှိကြသူများသည် လူမိုက်စာရင်းထဲသို့ လျှောချခြင်း မခံကြရဘဲ အာဇာနည်စာရင်းထဲ၌သာ တည်တံ့နေအောင် အစွမ်းကုန် ကြိုးပမ်းကြဖို့ အထူး တိုက်တွန်းလိုက်ပါသည်။

၁၃၁၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်။ သခင်နု

## မေတ္တာ နှင့် သစ္စာ

အယ်လဆက်စတစ်[၁] နှင့် အန်တစ်ဂိုနီ[၂] တို့သည် ဂရိပြည်သူများ ဖြစ်ကြသည်။

အယ်လဆက်စတစ်သည် ဖိရေး[၃]ပြည်ဘုရင် အက်ဒမီးတပ်[၄]၏ မိဖုရားဖြစ်သည်။ တစ်ရံရောအခါတွင် ဘုရင်ကြီး၏ရှေ့တော်မှောက်သို့ ပုဏ္ဏားဖြူပုဏ္ဏားညိုတို့ ဝင်ရောက်ခစားကြပြီးလျှင် ဘုရင်ကြီး၏ သက်တော်ရှည်စေလိုလျှင် ဘုရင်ကြီး၏ ကိုယ်စား ခမည်းတော်ကြီးသော်လည်းကောင်း၊ မယ်တော်ကြီးသော်လည်းကောင်း၊ မိဖုရားကြီးသော်လည်းကောင်း တစ်ပါးပါး အသေခံရမည်ဟူ၍ လျှောက်တင်ကြလေ၏။ ဤသုံးဦးသားအနက် မိဖုရားကြီး အယ်လဆက်စတစ် တစ်ဦးတည်းသာလျှင် ဘုရင်ကြီးအတွက် ရက်ရောစွာ အသေခံချင်သည့် ဆန္ဒရှိသဖြင့် အသေခံလိုက်၏။

ဂရိလူမျိုးတို့သည် အယ်လဆက်စတစ်၏ အကြောင်းကို ယခုတိုင် အောက်ပါအတိုင်း ပုံပြင်အဖြစ် ပြောကြလေသည်။

ဟာကျူးလီး[၅] သူရဲကောင်းသည် လူ့ပြည်မှ ယမမင်း၏ နိုင်ငံသို့ ရောက်သွားရာတွင် တစ်နေ့သ၌ အယ်လဆက်စတစ်၏ ဝိညာဉ်နှင့်တွေ့၍

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လူပြန်ဖြစ်အောင် ဖန်ဆင်းလိုက်ပြီးလျှင် ကွယ်လွန်သူ မိဖုရားကြီးအတွက် ပူဆွေးလျက်ရှိရှာသော ဘုရင်ကြီးအား ဟာကျူးလီးသူရဲကောင်းက သူကိုယ်တိုင်ရှာပေးသော သတို့သမီးကို မိဖုရားမြှောက်ရမည်ဟု အတင်းအကြပ် တိုက်တွန်းလေသည်။ ဘုရင်ကြီးလည်း သူရဲကောင်း၏ တိုက်တွန်းချက်ကို မငြင်းပယ်သာသဖြင့် လက်ခံလိုက်ရရှာပြီးလျှင် ဟာကျူးလီးပေးစားသော သတို့သမီး၏ ခြုံစောင်ကို လှန်ကြည့်လိုက်ရာ သူ့မိဖုရားကြီး ဖြစ်နေကြောင်းကို တွေ့ရလေ၏။

အချို့ ဂရိများကလည်း အယ်လဆက်စတစ်နှင့် စပ်လျဉ်း၍ တစ်မျိုးတစ်ဖုံ ပြောကြသေး၏။

ဘုရင်ကြီးတွင် ကူးစက်တတ်သော ရောဂါတစ်ခု ဖြစ်ပွားသဖြင့် မိဖုရားကြီး အယ်လဆက်စတစ်က ကိုယ်ဖိရင်ဖိ ကုသနေရာမှ မိဖုရားကြီးသို့ပါ ရောဂါကူးစက်သွား၍ မြောမေ့သွားလေသည်။ နန်းတွင်းသူ နန်းတွင်းသားတို့က မိဖုရားကြီးသည် နတ်ရွာစံလေပြီဟု ငိုကြွေးတသကြစဉ် သမားတော်တစ်ပါး ရောက်လာပြီးလျှင် ကုသသဖြင့် မိဖုရားကြီးမှာ အသက်ချမ်းသာရာ ရလေသည်။

မည်သည့်အဆိုက မှန်သည်ဖြစ်စေ၊ ဂရိလူမျိုးတို့သည် အယ်လဆက်စတစ်အပေါ်တွင် အထူး ကြည်ညိုကြလေသည်။ မြန်မာများသည် မိန်းမများကို ဆုံးမလို၍ စံနမူနာထားလောက်သော သူတို့၏ သက်သေသာဓကတို့ကို ပြလိုသည့်အခါ အမရာ မယ်မဒ္ဒီ ကိန္နရီ သမ္ဗူလတို့၏ နာမည်နာမကို ဖော်ထုတ်သကဲ့သို့ ဂရိပြည်သူများကို ဆုံးမရာ၌လည်း အယ်လဆက်စတစ်၏ နာမည်မပါဘဲ မပြီးချေ။

\+ + +



အန်တစ်ဂိုနီသည် သီးဗီး[၆] ပြည်ဘုရင် အက်ဒီပပ်[၇] သမီးတော် ဖြစ်သည်။ ဘစ်ရုံရောအခါက အက်ဒီပပ်ဘုရင်ကြီး၏ အမူအကျင့်ကို မနှစ်မြို့သဖြင့် တိုင်းသူပြည်သားများက ဘုရင်အိုကြီးကို တိုင်းပြည်မှ နှင်ထုတ်လိုက်ကြပြီးလျှင် သူ၏ သားတော်ကို မင်းမြှောက်ကြလေသည်။ အန်တစ်ဂိုနီသည် သီးဗီးပြည်တွင် သူ၏ မောင်တော်နှင့် နေရစ်ခဲ့လျှင် မင်းသမီးတို့၏ အဆောင်အယောင်နှင့် တင့်တင့်တယ်တယ် နေနိုင်မည်မှန်သော်လည်း သူတကာဝိုင်း၍ လက်ညှိုးထိုးနေသော ကျေးဇူးရှင် ဖခင် မျက်မမြင်ကြီးနှင့်အေးအတူ ပူအမျှ မခွဲမခွာဘဲ နေထိုင်လျက်ရှိ၏။

ဤသို့ သားအဖနှစ်ယောက်သည် ခွက်လက်စွဲကာ တစ်အိမ် တက်ဆင်း တောင်းရမ်း စားသောက်ရင်း အက်တိက[၈] ပြည်၏ ကိုလိုနပ်[၉] မြို့အနီးရှိ တောအုပ်တစ်ခုသို့ ရောက်ကြလေ၏။ ထိုတောအုပ်တွင် ယူမင်နီးဒီး[၁၀] ခေါ်သော ဒေဝီများ အုပ်စိုးလျက် ရှိကြသည်။ သာမန်အားဖြင့်ဆိုလျှင် ဤတောအုပ်အတွင်းသို့ ဘယ်လူသားမျှ မလာဝံ့ချေ။ သားအဖနှစ်ဦးသားလည်း နေစရာမရှိ၍ ဒေဝီများအား တောင်းပန်တိုးလျှိုးပြီးသကာလ တောအုပ်၏ အာဝါသကိုပင် မှီခိုလျက် နေကြရလေ၏။ အက်သင်ပြည်ဘုရင် သီးဆပ်[၁၁] ကလည်း ကရုဏာတော်ရှိ၍ ထိုသားအဖနှစ်ဦးအား စောက်ပံ့ကြည့်ရှုထားလေသည်။ ဤတောအုပ်တွင်နေကြစဉ် အခြားသမီးတော်တစ်ဦးဖြစ်သော အစ္စမီနီ[၁၂] နှင့် သားတော်ကြီး ပေါလီနီးဆီး[၁၃] တို့သည်း သူတို့နှင့်အတူ လာရောက်နေထိုင်ကြလေသည်။

ပေါလီနီးဆီးမှာ သူ၏ ညီတော်ဖြစ်သော သီးဗီးဘုရင် အီးတီးအိုကလီး[၁၄] က တိုင်းပြည်မှ နှင်ထုတ်လိုက်သဖြင့် နန်းပြန်လုရန်အတွက် ဂရိပြည်တွင်းတစ်လျှောက်တွင် အားလိုက်စုနေခြင်း ဖြစ်သည်။ ခင်အား

www.burmeseclassic.com

www.burmeseclassic.com



အတော်ပြည့်သဖြင့် သူ၏ ခမည်းတော်ကြီးအား စစ်မချီတက်သေးမီ လာရောက်ကန်တော့ခြင်း ဖြစ်လေသည်။ နှမတော်များကိုကား နှုတ်လည်းဆက်ရင်း စစ်ပွဲတွင် ကျခဲ့သော သူ့အလောင်းကို ဂရိလူမျိုးတို့ ယုံကြည်သည့် အယူဝါဒအတိုင်း မြှုပ်နှံရစ်ပါဟုလည်း မှာရင်း လာရောက်ခြင်းဖြစ်လေသည်။ (ထိုအခါက ဂရိတို့၏ အယူကား ဤသို့တည်း။ လူတစ်ဦး တစ်ယောက် အနိစ္စရောက်၍ ထိုသူကို အယူဝါဒ ထုံးစံဓလေ့အတိုင်း မသင်္ဂြိုဟ်လျှင် ထိုသူ၏ ဝိညာဉ်သည် ယမမင်းနိုင်ငံသို့ မဝင်နိုင်သေး။ အလွန် မည်းနက်သော ချောင်းကမ်းပါးတစ်လျှောက်တွင် ဆောက်တည်ရာမရဘဲ စုန်ချည် ဆန်ချည် နေရသည်ဟူသော အယူပင်တည်း။) ထို့ကြောင့် အန်တစ်ဂိုနီသည် မောင်တော် လိုလားသည့်အတိုင်း ဆောင်ရွက်ပါမည်ဟု ကတိပေးလိုက်၏။ များမကြာမီ ဘုရင်ကြီး အက်ဒီပပ်သည် မိုးကြိုးအပစ်ခံရ၍ သေဆုံးသွားသဖြင့် မင်းသမီးနှစ်ပါးလည်း သီးဗ်ီးပြည်သို့ ပြန်ကြလေ၏။

ပေါ်လီနီးဆီး၏ တပ်မတော်များလည်း သီးဗ်ီးပြည်ကို တိုက်ရန် ချီတက်လာကြ၏။ အီးတီးအိုကလီးလည်း ထွက်၍ခံသဖြင့် စစ်ပွဲ အကြီးအကျယ် ဖြစ်လေသည်။ ထိုတိုက်ပွဲတွင် ညီတော် နောင်တော် နှစ်ပါးစလုံး ကျဆုံးကြလေသည်။ ထို့ကြောင့် အီးတီးအိုကလီး၏ ဘက်တော်သားလည်းဖြစ် ဦးရီးတော်လည်းဖြစ်သော ကရိုးအွန်[၅]သည် ဘုရင်ဖြစ်လာ၏။ ကရိုးအွန်လည်း သူ့ဘက်တော်သားဖြစ်သော အီးတီးအိုကလီး၏အလောင်းကို ထုံးစံဓလေ့အတိုင်း ကောင်းစွာမြှုပ်နှံသင်္ဂြိုဟ်လိုက်ပြီးလျှင် ပေါ်လီနီးဆီး၏ အလောင်းကိုမူကား ကျီး ငှက် ခွေးစာအဖြစ် လယ်ကွင်းထဲတွင် ပစ်၍ထားရုံသာမက ထိုသူ၏ အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်သူအား တိုင်းပြည်၏ သူပုန်ဖြစ်စေမည်ဟူ၍လည်း အမိန့်တော်ပြန်ထား၏။



ဘုရင်က မည်သို့ပင် အမိန့်တော် ပြန်ထားသော်လည်း အာဇာနည် တို့မည်သည် ပေးပြီးသော ကတိကို ပယ်သည်ဟူ၍ မရှိချေ။ ညီမငယ် ကလေး အစ္စမီးနီးက 'အစ်မတော်ရယ်၊ ဦးရီးတော်ဘုရား သိသွားမှဖြင့် ကိုယ်ကျိုးနည်းပါလိမ့်မယ်' ဟု မျက်ရည်သွယ်သွယ်ကျလျက် တောင်းပန် တိုးလျှိုးပါသော်လည်း အန်တစ်ဂိုနီမှာမူကား 'အစ်မတော် ကတိပေးပြီးပြီ၊ အစ်မတော်ရဲ့ အသက် သေသော်လည်း သေပေစေ၊ ပေးပြီးတဲ့ ကတိကို တော့ မဖျက်နိုင်တော့ဘူး' ဟု ပြန်ပြောလေ၏။ ညီမကလေးကလည်း အနားက မခွာဘဲ ထပ်၍သာ ငိုကြွေးလျက် ရှိနေသောကြောင့် 'ညီမတော် ကလေးရယ်၊ မင်းမှာသစ္စာ လူမှာကတိ တဲ့၊ ကတိတည်ရလို့ သေရမယ်ဆိုရင် ဒီအသေဟာ လှတဲ့အသေပါပဲ၊ ဒီလို အသေလှလှ သေရမယ်ဆိုရင် အစ်မ တော် ဘယ်လို ဒုက္ခမျိုးကိုမှ မကြောက်ပါဘူးကွယ်၊ မငိုပါနဲ့' ဟု ဖျောင်းဖျ လေသည်။

အန်တစ်ဂိုနီသည် ထိုကတိအတိုင်း ညဥ့်ဘက်တွင် စစ်တလင်းသို့ တစ်ဦးတည်း တိတ်တဆိတ်သွားပြီးသော် သူ့မောင်တော်အလောင်းကို ကောင်းစွာ မြှုပ်နှံလိုက်လေ၏။ နောက်တစ်နေ့တွင် ဦးရီးတော်ဘုရင်ကြီးသည် အလောင်းကို လိုက်လံရှာဖွေစေပြီးလျှင် ရှေးကကဲ့သို့ ပစ်ထားစေ၍ သူ့စစ်သားများကိုလည်း တိတ်တဆိတ် အချောင်းခိုင်းထားလေသည်။

အန်တစ်ဂိုနီလည်း ရှေးကကဲ့သို့ ထွက်၍ မောင်တော်၏အလောင်းကို မြှုပ်နှံနေစဉ် အစောင့်များသည် ဝိုင်း၍ ဖမ်းဆီးကြပြီးသော် ဦးရီးတော် ဘုရင်ကြီး၏ ရှေ့တော်သို့ သွင်းလိုက်ကြလေ၏။ တူမတော် အစ္စမီးနီး ဝင်၍ အသနားခံသည်ကိုပင် ပယ်တော်မူ၍ ဦးရီးတော် ကရိုးအွန်သည် အန်တစ်ဂိုနီ ကလေးအား သေဒဏ် အပြစ်ပေးလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# တစ်ယောက်ကောင်းက

## (နှစ်ပေါင်း ၂၅၀၀ ခန့်က)

တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေဆိုသောစကားသည် စာအဖြစ်နှင့်သာ ဆိုထားသော စကားမဟုတ်။ တကယ့်အဖြစ်အပျက်များ ဖြစ်သည်ကို သတိပြုသင့်ပေသည်။

နှစ်ပေါင်း ၂၅၀၀ လောက်က ရောမမြို့ကြီးတွင် ဤအဖြစ်အပျက်မျိုး တစ်ခု ပေါ်ပေါက်ခဲ့ဖူးလေသည်။ ထိုအချိန်အခါ၌ ရောမမြို့ကြီးတွင် ဘုရင်များ မတရားကြလွန်းသဖြင့် တိုင်းသူပြည်သားများက ထကြွပုန်ကန်ပြီးလျှင် ဘုရင်များကို ရောမမြို့ကြီးမှ နှင်ထုတ်လိုက်ရာ ထိုဘုရင်များက အီထရုပ်စကန်း[၁] လူမျိုးတို့၏ အကူအညီဖြင့် နန်းပြန်တက်ရန် ကြိုးစားလျက်ရှိကြသည်။ အီထရုပ်စကန်းတို့၏ ဗိုလ်ချုပ်မှာ လာပေါ်ဆင်းနား[၂] ဖြစ်၍ တိုင်းပြည်မှ အနှင်ခံရသော ရောမဘုရင်မှာ တားကွင်းနီယပ် ဆူပါးဗပ်[၃] နှင့် သူ၏သား ဆက်စတပ်[၄] တို့ ဖြစ်ကြသည်။

လာပေါ်ဆင်းနားသည် သူ့တွင်ရှိသမျှသော အင်အားများကို စုရုံး၍ ရောမမြို့ကြီးဆီသို့ အပြင်းချီတက်လျက်ရှိသည်။ ထိုအချိန်အခါက ရောမမြို့ကြီးအတွက် အကောင်းဆုံးသော အကာအကွယ်သည် တိုက်ဘာမြစ်[၅]



ဖြစ်သည်။ တိုက်ဘာမြစ်ကို ဖြတ်ကူးရန် သစ်သားတံတားတစ်ခု ရှိသည်။ ရောမမြို့နှင့် တစ်ဘက်ကမ်းရှိ တံတားထိပ်တွင် ဂျနစ်ကျူလမ်[၆] ခေါ် ခံတပ်ငယ်တစ်ခု ရှိလေသည်။ အပြင်းချီတက်လာသော အီးထရုပ်စကန်းတို့တပ်၏ တပ်ဦး ဘီလူးများသည် ထိုခံတပ်ကို တစ်ချက်တည်း သိမ်းပစ်လိုက်ကြသည်။

ထိုအခိုက်တွင် ဆီနိတ်[၇] ခေါ် လွှတ်တော်ကြီးလည်း စည်းဝေးလျက်ရှိရာ ခံတပ်ကို သိမ်းလိုက်ပြီဟူသော သတင်းကို ကြားသိကြရသောအခါ ထိုလွှတ်တော် အမတ်ကြီးများလည်း ကြံရာမရဖြစ်ပြီးသော် မြို့ရိုးဆီသို့ သုတ်ခြေတင်ကြကုန်၏။ မြို့ရိုးဆီသို့ရောက်ကြသောအခါ သစ်သားတံတားသို့ထွက်သော မြို့တံခါးပေါက်ဝတွင် ထိုင်မှုပင် မထိုင်နိုင်ကြတော့ဘဲ မတ်တတ်ရပ်ရင်း အကူအညီတောင်းသည့် သဘောမျိုးနှင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် နေကြစဉ် သမ္မတကြီးက 'ကဲ အမတ်ကြီးတို့၊ ကျုပ်တို့ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး၊ ဂျနစ်ကျူလမ်ခံတပ် ကျသွားပြီဆိုရင် မြို့ကို ကာကွယ်ဖို့ဟာ ဒီတံတားကို ဖျက်ချဖို့ တစ်ခုတည်း ရှိတော့တယ်' ဟု ခပ်ရှင်းရှင်း ဖွင့်၍ ပြောလေ၏။

မြို့ကို ကာကွယ်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းသည် တံတားကို ဖျက်ချရန်သာ ရှိတော့သည်ဟု ဆိုပါသော်လည်း ဤကိစ္စသည် အပြောလွယ်သလောက် အလုပ်ရခက်သောကိစ္စ ဖြစ်လေသည်။ အဘယ့်ကြောင့် ဆိုသော် တံတားတစ်ဖက်ရှိ ခံတပ်ကို ရန်သူ၏ တပ်ဦးများက သိမ်းပြီးပြီ။ ဗိုလ်ချုပ် လာပေါ်ဆင်းနား ကိုယ်တိုင် ခေါင်းဆောင်လာသော ရန်သူတပ်မတော်ကြီးမှာလည်း စစ်ယာဉ်များ၊ မြင်းများဖြင့် တစ်လမ်းလုံး နှင့်တထောင်းထောင်း ထ စေလျက် တရကြမ်း ချီတက်လာနေကြသည်ကို လည်း တစ်ဖက်ကမ်းမှ လှမ်း၍မြင်ရလျက် ရှိချေပြီ။ တံတားကိုဖျက်ရန် အတွက် အချိန်မရှိသလောက်ပင် ဖြစ်နေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကြံရာမရဖြစ်နေကြစဉ် တံတားဘက်ရှိ မြို့ရိုးပေါက်၏ တံခါးမှူး ဟိုရေးရှပ်[၈] သည် ပြေးထွက်လာပြီးသော် 'သမ္မတမင်း၊ မြန်နိုင်သမျှမြန်အောင် တံတားကို ဖျက်ချပါ၊ ကျွန်တော် တံတား ဟိုဘက်ထိပ်ကသွားပြီး ရန်သူတွေ ရှေ့မတက်နိုင်အောင် ဆီးပြီး တားပါ့မယ်၊ ကျွန်တော်ရဲ့ ဘယ်ညာက ကူဖို့ စစ်သားနှစ်ယောက်ကိုသာ ပေးပါ၊ ကဲ၊ ဘယ်သူ ကျုပ်နဲ့ လိုက်ခဲ့မလဲ၊ ဘယ်သူမဆို တစ်သက်တော့ တစ်ခါသေစမြဲပဲ၊ အခုမသေလဲ နောက်တော့ သေရမှာ၊ အဲဒီတော့ သေရမှာချင်း အတူတူ အာဇာနည်လို သေရတာထက် ကောင်းတဲ့ အသေမျိုးဟာ လောကမှာ မရှိပါဘူး' ဟု ပြောလေ၏။

စစ်သားများထဲမှ ဆပ္ပူးရီးယပ် လားရှပ်[၉] ဆိုသူက 'ကျွန်တော် ဟိုရေးရှပ်ရဲ့ ညာဘက်ကနေပြီး တိုက်မယ်' ဟု ပြောပြောဆိုဆို ထွက်လာ၏။ ဟာမိနီးယပ်[၁၀] ဆိုသူက ဘယ်ဘက်က တိုက်ရန် ထွက်လာ၏။

လာပေါ်ဆင်းနား၏ တပ်မတော်ကြီးလည်း တံတားဦးဆီသို့ တဖြည်းဖြည်း နီးကပ်လျက် ရှိလေပြီ။ တပ်ဦး ဘီလူးများလည်း တံတားဦးကို ကာကွယ်ရန်အတွက် ရပ်နေသော ဟိုရေးရှပ်တို့ သုံးယောက်ကို မြင်သောအခါ 'ဒီအရူးသုံးကောင် ဒီမှာ ဘာလာလုပ်ကြတာလဲ' ဟု ဟစ်အော် လှောင်ပြောင်ကာ ရယ်မောကြလေ၏။ အာဇာနည်သုံးယောက်လည်း မည်သူ့ကိုမျှ ဂရုမပြုကြဘဲ မိမိတို့၏ တာဝန်ကို အသက်နှင့်လဲ၍ ထမ်းရွက်ရန် ကြံ့ကြံ့ခံလျက် ရှိကြ၏။ သူတို့ကို ကြည့်ရသည်မှာ မိမိတို့၏ လိုဏ်ဂူဝတွင် လာသမျှသော ရန်သူဟူသမျှကို ဖြိုဖျက်ချေမှုန်းပစ်မည်ဟူသော သန္နိဋ္ဌာန်ဖြင့် မာန်ဖီလျက်ရှိသော ကေသရာခြင်္သေ့ သုံးစီးနှင့်ပင် တူတော့၏။

သစ်သားတံတားကလည်း ကျဉ်းမြောင်းသဖြင့် ရန်သူဘက်မှ တစ်ကြိမ်လျှင် သုံးယောက်သာ တက်နိုင်ကြသည်။ တက်သမျှကိုလည်း ဟိုရေးရှပ်တို့ သုံးဦးက ဖြိုခွင်းပစ်လိုက်၏။ တက်သွားသမျှသော ရန်သူ စစ်သားတို့သည် လယ်သမား၏ မြက်ခုတ်ဓားအောက်တွင် တီခနဲ တီခနဲ ပြတ်၍ကျသွားသော



မြက်ပင်များကဲ့သို့ ဟိုရေးရှပ်တို့၏ ရှေ့တွင် ပုံလျက်သား ပုံလျက်သား ကျဆုံးလျက်ရှိရာ စိတ်ထက်ထက်သန်သန်နှင့် ရှေ့သို့တက်လာရဲသော စစ်သားများပင် လက်ဦး အစတုန်းကလောက် မများလှတော့ပေ။ နောက် စစ်သားများက တွန်းထုတ်လိုက်၍ ဟိုရေးရှပ်တို့ လူစုအနီးသို့ ရောက်သွားသည့်အခါ ဟိုရေးရှပ်တို့က လိုက်ခုတ်မည်အလုပ်တွင် နောက်ဆုတ်ပြေးကြပြန်လေသည်။ ကြမ္မာငင်နေသော သူများလည်း မရှောင်သာ မပြေးသာတော့ဘဲ ဟိုရေးရှပ်တို့၏ ဓားဖျားတွင် အသက်ပါသွားကြရရှာ၏။

ဤသို့ ရှေ့မှခံ၍ တိုက်လျက်ရှိကြစဉ် ရောမမြို့သူမြို့သားများကလည်း လူကြီးလူငယ် ယောကျ်ား မိန်းမ အပျို အအို လူဆင်းရဲ သူဌေးမကျန်၊ ကိုယ့်ပြည်နှင့် ကိုယ့်လူမျိုးကို ကာကွယ်ရေးအတွက် တံတားကို အစွမ်းကုန်ဝိုင်း၍ ဖျက်ကြရာ တံတားလည်း ပျက်လုနီးနီး ရှိသွားလေ၏။ ထိုအခါတွင် ဟိုရေးရှပ်တို့လူစုသည် နောက်ပြန်ဆုတ်ပြီးလျှင် မြို့တွင်းသို့ဝင်၍ ခိုနိုင်သည်။ ရန်သူများ တက်လာရင်း မြို့ဘက်ကမ်းကိုမရောက်မီ သူ့အလေးနှင့် သူပြို၍ ကျပေတော့မည်။ ထို့ကြောင့် 'ဟိုရေးရှပ်တို့ရေ ပြန်လာကြတော့ဟေ့၊ တံတားကြီး ပြိုတော့မယ်၊ ဟာမိနီးယပ် လားရှပ်တို့ရေ ပြန်လာကြတော့ဟေ့၊ ပြန်လာကြတော့၊ တံတားကြီး ပြိုတော့မယ်' ဟု သံပြိုင်အော်ကြ၏။

ဟာမိနီးယပ်နှင့် လားရှပ်တို့သည်လည်း နောက်ပြန်လှည့်ပြီးလျှင် ပြိုကျလုနီးနီးရှိနေသော တံတားပေါ်မှ ခုန်ဆင်းလိုက်ကြ၏။ ဤသို့ ခုန်ဆင်းလျှင် ဆင်းချင်း သူတို့၏နေရာကို ပြန်လှည့်ကြည့်လိုက်သောအခါ ဟိုရေးရှပ်မှာ နောက်ပြန်မဆုတ်ဘဲ အလွန်ရဲရင့်စွာ တစ်ယောက်တည်း ခံချနေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် သူတို့လည်း ဟိုရေးရှပ်ရှိရာသို့ ပြန်သွားဦးမည်ဟု လှမ်းလိုက်စဉ်တွင်ပင် တံတားကြီးသည် ဝုန်းခနဲ မြည်ဟည်းကာ ကျိုးကျသွားသောကြောင့် သူတို့လည်း သူတို့၏ ရဲဘော်ရှိရာသို့ မသွားနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုရေးရှပ်သည် မြားမှန်သဖြင့် မျက်လုံးတစ်ဖက် ပေါက်သွားသည်။ ပေါင်တွင်လည်း ဒဏ်ရာရရှိသည်။ သို့ရာတွင် အာဇာနည်တို့မည်သည် သေခါမှ လျှော့သည်ဟူသော ထုံးတမ်းစဉ်လာနှင့်အညီ သူ၏စိတ်ကို အနည်းငယ်မျှ မလျှော့ဘဲ ရှိသမျှအင်အားနှင့် သူ့ဝတ္ထုရားကျေပွန်သည် အထိ ရန်သူများကို ခုခံတိုက်ဖျက်လျက် ရှိလေသည်။ ရှေးက အရှုံးသုံးကောင် ပဲဟု လှောင်ပြောင်ခဲ့သော ရန်သူစစ်သားများလည်း သူတို့၏ စွမ်းရည် သတ္တိကို မြင်ပြီးကြသောအခါ 'ဒီအကောင်တွေ အရှုံးတွေ မဟုတ်ဘူး၊ ဘီလူးတွေ' ဟု အံ့သြကြောက်လန့်လျက် ရှိကြကုန်၏။

ဟိုရေးရှပ်လည်း တံတားကြီး ဝန်းခနဲ ကျိုးသံကို ကြားရပြီးသည့် အခါမှ 'ရောမတိုင်းသားတို့၏ အသက်သခင် ကျေးဇူးရှင် တိုက်ဘာမြစ်ကြီး ကျွန်တော့်တာဝန် ကျေပွန်ပါပြီ၊ ကျေးဇူးရှင်ကြီးက ကျန်တဲ့ တာဝန်ကိုသာ ဆက်ပြီး ထမ်းရွက်ရစ်ပါတော့' ဟု နှုတ်ခွန်းဆက်သကာ မြစ်ထဲသို့ ခုန်ချ လိုက်လေသည်။

ရောမမြို့သူမြို့သားတို့လည်း သူတို့၏ အာဇာနည်ကြီး ဟိုရေးရှပ်ကို လှိုင်းကြားလေကြားထဲမှ ဆယ်ယူပြီးလျှင် ချီးကျူးကော်ရော် ပူဇော်ပွဲကြီး ကျင်းပလိုက်ကြသည်မှာ သိမ့်သိမ့်တုန်သွားလေ၏။

\+ + +

၁၀၆၆ ခုနှစ်က ဟိုရေးရှပ်ကဲ့သို့ လူမျိုးတစ်ဦး အင်္ဂလန်[၃၁] သမိုင်းတွင် ပေါ်ခဲ့ ဖူးသေးသည်။ ထိုအခါက အင်္ဂလန်ပြည်တွင် ဟားရယ်[၃၂] ဘုရင် အုပ်ချုပ် လျက်ရှိသည်။ ဂေါ်ဒွင်[၃၃] ၏ သား တောစတစ်[၃၄] နယ်စားသည် ဟားရယ် ဘုရင်ကို မကျေနပ်သောကြောင့် ဟားရယ်ဟော့ဒြာဒါ[၃၅] ဆိုသူ ရေနန်း ဘုရင်အား အင်္ဂလန်ကို လာရောက်တိုက်ခိုက်ရန် ပင့်ဖိတ်လေသည်။ ရေနန်း ဘုရင်နှင့် သူ့တပ်သားများကလည်း အင်္ဂလိပ်တွေ ခံမတိုက်ရဲပါဘူး ဟူ၍



အထင်သေးသဖြင့် စစ်တိုက်ရန် ဘာကိုမျှ အသင့်ပြင်ထားခြင်းမရှိဘဲ ခပ်အေးအေး ချီတက်နေရာ ဟားရယ်ဘုရင်က အလစ် ထွက်တိုက်လိုက် သဖြင့် ရေနန်းဘုရင်နှင့် သူ့တပ်သား အမြောက်အမြားမှာ တိုက်ပွဲတွင် ကျဆုံးကြလေသည်။ အသက်မသေ ကျန်၍နေသော တပ်သားများစွာတို့ လည်း သူတို့လှေများရှိရာ ဆိပ်ကမ်းသို့ ပရမ်းပတာ ထွက်ပြေးကြကုန်၏။ တစ်နေရာတွင် အုံးစမြစ်[၃၆] ခံ၍နေသဖြင့် ဖြတ်ကူးရန်အတွက် လူတစ်ယောက် လျှောက်သာရုံမျှရှိသော သစ်သားတံတားကလေး တစ်ခုသာ ရှိသည်။ အင်္ဂလိပ်စစ်သားများကလည်း နောက်မှဖိ၍ တရကြမ်းလိုက်လျက် ရှိလေ သည်။ ရန်သူ၏ အင်အားကား ကြီးလွန်းသောကြောင့် ခံချဖို့နေနေသာသာ ရှေ့မှ ထွက်ပြေးသော ရေနန်းဘုရင်၏ တပ်သားများသည် အသက်ရှူများပင် မှားလျက်ရှိကြ၏။ စစ်၏အခြေအနေအတိုင်း ကြည့်လိုက်မည်ဆိုလျှင် ရေနန်း ဘုရင်၏ တပ်သားများသည် သူတို့၏ လှေများသို့ပင် မရောက်တော့ဘဲ မလွန့်သာသော ထိုတံတားကလေးပေါ်တွင် ညှပ်၍ အမိခံရတော့မည်ကဲ့သို့ ဖြစ်နေ၏။ ထိုအခါ ရေနန်းဘုရင် တပ်သားထဲမှ အာဇာနည်တစ်ဦး ထွက်လာပြီးနောက် 'ကဲ၊ ရဲဘော်တို့သာ ကိုယ့်လှေ ကိုယ်ပြန်ရောက်ကြ အောင် ကြိုးစားပြီး သွားကြ၊ လိုက်လာတဲ့အကောင်တွေအတွက်တော့ ဘာမှမပူနဲ့၊ ကျုပ် ကြည့်ပြီး နှံလိုက်မယ်' ဟု ပြောပြီးလျှင် ပြောသည့်အတိုင်း ပင် လာသမျှကို တံတားထိပ်မှ ဆီး၍ ခုခံလျက်ရှိလေ၏။ တံတားပေါ်သို့ လည်း ရန်သူဘက်မှ တစ်ယောက်ချင်းသာ တက်နိုင်သဖြင့် အင်္ဂလိပ်တပ် ကြီးလည်း တံတားထိပ်တွင် တန့်လျက်ရှိလေ၏။ အတော်ကလေးကြာ၍ ဟားရယ် တပ်သားများလည်း မကြံနိုင်ဘဲ မှိုင်လျက်ရှိကြစဉ် ကောက်ကျစ် သော တပ်သားတစ်ဦးသည် မြစ်ထဲသို့ အမှတ်တမဲ့ ဆင်းသွားပြီးသော် အာဇာနည်၏ ရပ်တန့်ရာ ကျဲလျက်ရှိသော တံတား၏ ပျဉ်ကြားထဲမှ လှံနှင့် ဆိုးလိုက်၏။ အာဇာနည်လည်း ရှေ့တွင် မဲ၍ တိုက်နေရသဖြင့် အောက်မှ

www.burmeseclassic.com

www.burmeseclassic.com



အလစ်တွင် ထိုးလိုက်သော လူ့သူရဲပေါ၏ လှံချက်တွင် အသက် ပါသွားရရှာလေ၏။ သို့ရာတွင် သူမသေမီ သူ၏ တပ်သားပေါင်းမြောက်မြားစွာတို့၏ အသက်ကို ကယ်လိုက်ရသေး၏။

\+ + +

၁၇၆၀ ပြည့်နှစ်၌လည်း ဤသို့ အာဇာနည်မျိုး ပြင်သစ်လူမျိုးထဲမှပေါ်ဖူးသေး၏။ ထိုအချိန်အခါတွင် ပရပ်ရှား[၁၇] နှင့် ဩစတြီးယား[၁၈] နိုင်ငံတို့မှာ စစ်ပြိုင်လျက် ရှိကြသည်။ ဆယ့်ငါးဆက်မြောက် လူဝီ[၁၉] ခေါ် ပြင်သစ်ဘုရင်သည် ဩစတြီးယားပြည်ဘက်မှ ကူ၍ တိုက်ရန်အတွက် ပြင်သစ်စစ်တပ်များကို ဂျာမနီ[၂၀] ပြည်တွင်းသို့ ပို့လေသည်။ ထိုကပ်မတော်ကြီးမှ စစ်သား ၂၅,၀၀၀ တပ်ခွဲတစ်တပ်ကို မားကွစ်ဒေ ကာစတြာ[၂၁] က ခေါင်းဆောင်ကာ ရိုင်းဗတ်[၂၂] မြို့ဆီသို့ ချီတက်စေလေသည်။ ထိုတပ်ခွဲသည် ကလော့စတားကင့်[၂၃] ဆိုသော အရပ်၌ တပ်စွဲလျက် ရှိနေလသည်။ အောက်တိုဘာလ ၁၅ ရက်နေ့ ညဉ့်တွင် ထိုတပ်ထဲမှ တပ်ကြပ်ကလေးတစ်ဦးကို ကင်းထောက်ရန်အတွက် ရန်သူ့စခန်းရှိရာသို့ စေလွှတ်လိုက်လေ၏။ အခန့်သင့်သွားသည်ကား အခြားမဟုတ်၊ ထိုညဉ့်တွင်ပင် အမှောင်ကို အကာယူ၍ ရန်သူတပ်များသည် ကလော့စတားကင့် အရပ်ထဲကွင် တပ်စွဲလျက်ရှိသော ပြင်သစ်တပ်ခွဲဘက်သို့ တိတ်တဆိတ် ချီတက်လျက်ရှိခြင်းပင် ဖြစ်လေသည်။ ရန်သူတို့၏ အကြံကား ပြင်သစ်တပ်များကို အလစ်တွင် ဝင်၍ ချေမှုန်းရန်ပင်ဖြစ်၏။

တပ်ကြပ်ကလေးလည်း ဤသတင်းကို ပြန်၍ပို့မည်ဟု လုပ်နေစဉ် ရန်သူ စစ်သားများသည် သူ့ကိုဝိုင်း၍ ဖမ်းမိလျက် ဖြစ်နေ၏။ 'ဟေ့ကောင်၊ အသံ မထွက်နဲ့နော်၊ နည်းနည်းကလေး အသံထွက်လိုက်ရင် မင့်အသက်တော့ ဟောဒီ လှံစွပ်ဖျားမှာ ပါပြီးသားပဲ' ဟု ရန်သူစစ်သားများက လှံစွပ်



တပ်ထားသော သူတို့၏သေနတ်ကြီးများဖြင့် တပ်ကြပ်ကလေး၏ ရင်ပတ်ကို တေ့ရင်း ခြိမ်းခြောက်ကြ၏။

သို့ရာတွင် အာဇာနည်တို့မည်သည် ကိုယ့်အသက် ကိုယ့်စည်းစိမ်ထက် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၏ အသက်စည်းစိမ်ကို ပိုပြီး အရေးထားသည်က တစ်ကြောင်း၊ တာဝန်ကျေပွန်ဖို့ ကြုံလာလျှင် တစ်ခါမက ဆယ်ခါမျှပင် သေလိုက်ရန် အသင့်ဖြစ်နေသည်က တစ်ဖုံ၊ တစ်သက်တစ်ခါ သေရမည့် အတူတူ သူရဲပေါနည်းသည့် လူနုံ လူအ လူချာတို့၏ သေခြင်းမျိုးတို့ဖြင့် မသေဘဲ အာဇာနည်ပီပီ ရဲရဲရင့်ရင့် သေခြင်းက မြတ်လှပေသည်ဟု ယုံကြည်ထားသည်က တစ်မျိုးတို့ကြောင့် သူ့ရင်ဝတွင် တေ့ပြီးထားသော လှံစွပ်တို့ကို ဘာမျှ အရေးမထားဘဲ 'ရန်သူတွေ တက်လာပြီ' ဟု သံကုန်ဟစ်လေ၏။ ထိုအသံကို ကြားရသဖြင့် ပြင်သစ်တပ်ခွဲလည်း အဆင်သင့် ပြင်ထားကြသောကြောင့် ရန်သူများသည် အလစ်ဝင်စီးရန် အကြံပျက်ပြီးလျှင် နောက်သို့ ဆုတ်ခွာသွားကြရလေ၏။ ဤနည်းဖြင့် ၂၅,၀၀၀ မျှသော ပြင်သစ်တပ်ခွဲ တစ်တပ်လုံးသည် အသက်ဘေးမှ လွတ်သွားခဲ့ရသည်ဖြစ်သော်လည်း ထိုတပ်ခွဲ၏ တပ်ကြပ်ကလေး ဒက်ဆက်[၂၄] မှာမူကား ရန်သူ၏ လက်ချက်ဖြင့် စိစိညက်ညက် ကြေမွသွားရရှာလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အရှုံးမပေး

### (နှစ်ပေါင်း ၂၄၀၀ ခန့်က)

ဂရိတစ်ပြည်လုံး ကြောက်ဒူးတွေတုန်လျက် ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ပါရှား[၁] ပြည်ဘုရင် ဇပ်ဆီး[၂] သည် ခါဘဏီတပ်ကြီးဖြင့် ဂရိပြည်ကို တိုက်ခိုက်သိမ်းယူရန် ချီတက်လာလျက် ရှိသောကြောင့်ပင်တည်း။

ကြောက်ဒူးတွေ တုန်မည်ဆိုလျှင်လည်း တုန်စရာပေ။ ဇပ်ဆီးနိုင်ငံ၏ ကျယ်ပြန့်ပုံကို ပြောရမည်ဆိုသော် အိန္ဒိယ ကော့ကေးဆပ်[၃] တောင်တန်းများမှ အီဂျီးယပ်[၄] အထိ ကက်စပီယန်[၅] ပင်လယ်မှ ပင်လယ်နီအထိ ကျယ်ပြန့်လျက် ရှိသည်။ သူ့ လက်အောက်တွင် ကယ်လဒီယန်လူမျိုး[၆] ယဟူဒီလူမျိုး ဖိနီးရှန်းလူမျိုး[၇] အီဂျစ်လူမျိုး[၈] အာရပ်လူမျိုး[၉] အီသီးအိုပီယန်လူမျိုး[၁၀] အစရှိသည်တို့သည် နှစ်စဉ် ပဏ္ဏာလက်ဆောင်များ ဆက်သကြပြီးသော် ကျေးတော်မျိုး ကျွန်တော်မျိုးခံလျက် ရှိကြသည်။ သူ၏ မြို့တော်များမှာလည်း ဗက်ဗီလုံ[၁၁] ဆူဆာ[၁၂] ပါဆက်ပိုလစ်[၁၃] အစရှိသည်ဖြင့် သုံးလေးမြို့ရှိလေသည်။ ဇပ်ဆီး၏ တန်ခိုးကြီးပုံ၊ ခမ်းနားပုံ၊ ရက်စက်ကြမ်းကြုတ်ပုံတို့မှာ ယခုကဲ့သို့ ချီတက်လာတော်မမူမီ ပဝေသဏီကတည်းကပင် ဂရိတို့သည်



ကောင်းစွာ ကြားဖူးကြသဖြင့် သူချီတက်လာပြီဟု ကြားရသည့်အခါတွင် ဂရိတစ်ပြည်ထောင်လုံး ကြောက်ဒူးတွေ တုန်နေသည်။ အံ့သြစရာမရှိတော့ပေ။ စစ်မတိုက်ရဘဲနှင့် သူ့နောက်တော်ပါးက ပါလာကြသော စစ်သည်တော် အလုံးအရင်းဖြင့် ဖိသတ်လိုက်ရုံနှင့်ပင် ဂရိတစ်ပြည်ထောင်လုံး ဗိစိညက်ညက် ကြေမွ သွားလောက်ပေ၏။

ဇပ်ဆီး၏ စစ်သားများ စုရုံးနေသောနေရာမှာ ဆားဒစ်[၁၄]မြို့ဖြစ်သည်။ ထိုအရပ်တွင် ထားရှိသော ဂရိသူလျှိုတို့သည် သူ၏ အလုံးအရင်းများကို ကောင်းစွာ ခန့်မှန်းနိုင်လေသည်။ ဇပ်ဆီးလည်း အလုံးအရင်းနှင့် ခြောက်၍ရလျှင် မပင်မပန်းဘဲ ခြောက်လှန့်၍သာ ဂရိပြည်ကြီးကို သိမ်းယူမည်ဟု အကြံတော်ရှိသဖြင့် ဂရိပြည်ထောင်စု၏ အာဏာပိုင်များထံသို့ အညွှံခံရန် တောင်းဆိုသည့် ရာဇသံကို သူ့သံတမန်များနှင့် ပို့လိုက်လေ၏။ အညွှံခံရမည့်အစီအစဉ်မှာ အခြားမဟုတ်။ ဂရိပြည်ထောင်စုများမှ ရေနှင့် မြေကြီးကို ဇပ်ဆီးထံသို့ လာရောက်ဆက်သခြင်းဖြင့် ဇပ်ဆီးသည် ဂရိတို့၏ ရေမြေရှင်ဖြစ်ကြောင်းကို အသိအမှတ်ပြုရန်ပင် ဖြစ်လေသည်။

ဤသို့တောင်းဆိုရာ၌ သက်ဆလီ[၁၅] ဆိုသော ပြည်နယ်ကလေးတစ်ခုသာလျှင် ချက်ချင်း လွယ်လွယ်နှင့် အညွှံခံလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုပြည်နယ်ကလေးသည် ဇပ်ဆီးချီတက်ရာ လမ်းမတွင် တည်လျက်ရှိသောကြောင့်တည်း။

ကျန်သော ပြည်ထောင်စုများမှ ကိုယ်စားလှယ်တို့သည် ကောရင့်ကျွန်းဆက်[၁၆] တွင် စုဝေးကြပြီးလျှင် သူတို့၏အမျိုးနှင့် တိုင်းပြည်ကို အကောင်းဆုံးနည်းဖြင့် ကာကွယ်ရန်ကိစ္စကို ဆွေးနွေးကြလေ၏။ ဇပ်ဆီးသည် အလုံးအရင်း အင်အားကြီးမားလှသော ဘုရင်တစ်ဆူဖြစ်သည်ကို ဂရိလူမျိုးတို့သည် ကောင်းစွာ သိ၏။ ဤကဲ့သို့သော ဘုရင်တစ်ဆူကို

www.burmeseclassic.com

www.burmeseclassic.com



ခုခံခြင်းအားဖြင့် ဂရိတစ်မျိုးလုံး ကြေမွပျက်သုဉ်း ဆုံးရှုံးသွားနိုင်သည်ဆိုသည်ကိုလည်း ဂရိတို့ကို သွားရောက်သင်ကြားစရာ မလို။

ဤသို့ဖြစ်လျှင် ဂရိတို့သည် ဤမျှ ကြီးမားလှသော ဗိုလ်ထုကြီးကို အဘယ်ကြောင့်ခုခံရန် ကြံရွယ်ရပါသနည်း။ ဂရိတစ်ပြည်လုံး ကျောက်ရူးတွေ ရူးကြ၍လော။ သို့မဟုတ် ဘာမျှ မစဉ်းစားမဆင်ခြင်ကြဘဲ မိုက်ရူးရဲထ၍ လုပ်ကြခြင်းပေလော။

ကျောက်ရူးတွေ ရူးကုန်ကြ၍လည်း မဟုတ်။ မိုက်ရူးရဲထ၍ လုပ်ကြခြင်းလည်းမဟုတ်။ တိုတိုပြောရလျှင် သူ့ကျွန်ဖြစ်ရသည်ထက် သေရသည်က မြတ်သေးသည် ဟူ၍ ယုံကြည်လျက် ရှိကြသောကြောင့်ပင်ဖြစ်၏။

ရန်သူတို့ ဂရိပြည်တွင်းသို့ ချီတက်လာသည်ဆိုလျှင်ပင် အေဂျီးယန်[၁၇] ပင်လယ်ကို ရေတပ်ဖြင့် ဖြတ်ကူး၍ ထိုကမ်းခြေမှ ဂရိ ပြည်တွင်းသို့ ချီတက်ရန်လမ်းကြောင်း၊ ဒုတိယလမ်းမှာ ဟဲလက်စပွန့်[၁၈] ရေလက်ကြားကို လှေတံတားထိုး၍ ကုန်းတပ်ဖြင့် ချီတက်ရန် လမ်းကြောင်းဟူ၍ လမ်းနှစ်ကြောင်း ရှိသည်။ ထို့ကြောင့် ထိုမျှ အလုံးအရင်း အင်အားကြီးမားလှသော ရေတပ် ကုန်းတပ်ကြီးကို ခုခံမည်ဆိုလျှင် အကောင်းဆုံးနည်းမှာ ဆယ်ချင်း ရာချင်းလောက်သာ သွားနိုင်သော တောကြိုတောင်ကြား ချောက်ကမ်းပါးများမှ စောင့်၍ တိုက်ကြရန်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဟူမူ ဤအရပ်ဒေသများတွင် အလုံးအရင်းထက် စွမ်းရည်သတ္တိတို့က ပိုပြီး ခရီးရောက်နိုင်သောကြောင့်တည်း။

ဤကဲ့သို့ ဒေသများထဲတွင် ဂရိတို့အတွက် အရေးကြီးဆုံးဒေသသည် သာမေ့ပီလီး[၁၉] တောင်ကြားလမ်းပင်ဖြစ်လေသည်။ ထိုတောင်ကြားလမ်းကို ကာကွယ်ရန်အတွက် ဂရိစစ်သားလေးထောင်ရှိ၍ ဖပ်ဆီး၏ စစ်သားများမှာ နှစ်သန်းကျော်မျှရှိလေသည်။ ဂရိစစ်သားတို့၏ဗိုလ်မှာ ဆပါးတာ[၂၀] ပြည်နယ်



နဲ ဘုရင်တစ်ပါးဖြစ်သော လီအွန်နီးဒက်[၂၁] ပင် ဖြစ်လေသည်။ ဆပါးတနယ်သားများသည် ကမ္ဘာကသိကြသည့်အတိုင်း အသက်နှင့် လူလုပ်ကြသော သူများမဟုတ်။ အရှက်နှင့် လူလုပ်ကြသော သူများဖြစ်ကြ၍ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး အသက်ရှင်နေရခြင်းကို သေရခြင်းထက် အဆပေါင်း အသချေ် ပို၍ ကြောက်ကြ၏။

ဗိုလ်လီအွန်နီးဒက်ကမူကား ဤစစ်ပွဲတွင် သူကျဆုံးမည်ဟု တစ်ထစ်ချ ယုံကြည်ထား၏။ အဘယ်ကြောင့်ဆိုသော် ရှေးအခါက ဒယ်လဖိုင်[၂၂] မြို့တွင် ဂရိလူမျိုးတို့ယုံကြည်ကိုးကွယ်သော နတ်ကွန်းတစ်ခုရှိသည်။ အရေးကြီးကိစ္စတစ်ခုခု ဆောင်ရွက်ခါနီးတွင် ဂရိလူမျိုးတို့သည် ထိုနတ်ကွန်းရှိ နတ်ထိန်းများကို တိုင်ပင်လေ့ရှိသည်။ ယခုကိစ္စတွင် နတ်ကွန်းကို တိုင်ပင်ကြရာ ဆပါးတ ဘုရင်တစ်ပါးပါး အသေခံမှသာလျှင် ဆပါးတပြည်သည် ချမ်းသာရာ ရလိမ့်မည်ဟု ဟောကိန်းထုတ်ထားသောကြောင့် သူ အသေခံလိုက်လျှင် ဆပါးတပြည် ချမ်းသာရာရလိမ့်မည်ဟု ယုံကြည်ထားခြင်း ဖြစ်လေသည်။

ဥပဒေအရဆိုလျှင် ဘုရင်တစ်ပါးသည် သူ့ကိုယ်ရံတော်အဖြစ် လူသုံးရာကို ခေါ်သွားနိုင်သည်။ ဤသုံးရာကိုရွေးချယ်ရာ၌ လီအွန်နီးဒက်သည် သားသမီးရှိသူများကိုသာ စိစစ်ရွေးချယ်လေသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍စစ်ပွဲတွင်ကျဆုံးခဲ့လျှင် သားသမီးမကျန်ရစ်က ထိုသူ၏မျိုးပြုတ်သွားမည် စိုးသောကြောင့်ပင် ဖြစ်ပေသည်။ သားသမီးရှိသဖြင့် ရွေးချယ်ခြင်း ခံရသောသူများနှင့်တကွ သူတို့၏အခိုင်းအစေများပါ ထည့်၍ ပေါင်းလိုက်ရာ လူသုံးရာပြည့်သွားလေသည်။

ထိုသုံးရာတို့သည် တိုက်ပွဲသို့မဝင်မီ သူတို့ ထုံးစံဓလေ့အတိုင်း သူတို့ကိုယ်ကို သူတို့ သရဏဂုံတင်ကြလေသည်။ ဤသို့ ထုံးစံရှိသည့် အစီရင်တွေကို လုပ်ခြင်းဖြင့် နိမိတ်မရှိ မင်္ဂလာမရှိသော အရာများကို

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည်ဟူ၍ သူတို့စိတ်ကို အနည်းငယ်မျှ မထိခိုက်။ ရှေ့အခန်းတစ်ခု ဖြစ်သော အန်တစ်ဂိုနီ အကြောင်းတွင် ဖော်ပြခဲ့သည့်အတိုင်း သူတို့ကျဆုံး၍ ထုံးစံအတိုင်း သင်္ဂြိုဟ်ခြင်းမပြုရဟု ရန်သူများကတားမြစ်ထားလျှင် သူတို့၏ ဝိညာဉ်တို့သည် ဆောက်တည်ရာမရ ဖြစ်မည်စိုးသောကြောင့် မသေမီကပင် သရဏဂုံတင်ထားခြင်း ဖြစ်သည်။

ဗိုလ်လီအွန်နီးဒက်၏ မိန်းမ ဂေါ်ဂို[၂၇] ကလည်း သတ္တိခဲကလေး ပင်တည်း။ လင်ယောကျ်ား ဤသို့ သေပွဲဝင်ရတော့မည့်အတွက် စိတ်လေးခြင်း၊ သောကရောက်ခြင်း၊ ကြောင့်ကြခြင်း မဖြစ်ပေ။ သူ၏ လင်တော်မောင်သည် အချည်းနှီး သေရခြင်းမဟုတ်ဘဲ အာဇာနည်တို့၏ အသေမျိုးကို သေရမည်ဖြစ်ရာ သေမည့်သူအသေဖြောင့်အောင် အမျိုးမျိုးအားပေးလျက် ရှိလေသည်။ ဆပါးတသူများသည် ဂေါ်ဂိုကဲ့သို့ပင် သတ္တိခဲကလေးများ သာတည်း။ သူတို့၏ရည်းစားများ စစ်တိုက်ထွက်တော့မည်ဆိုလျှင် 'ဒိုင်းကို ကိုင်ပြီးတော့ဖြစ်ရင်လဲ ပြန်လာပါ၊ ဒါမှမဟုတ်ရင်လဲ ဒိုင်းကို စီးပြီးတော့ ပြန်လာပါ ကိုကို'ဟု မှာလေ့မှာထ ရှိကြသည်။ အဓိပ္ပာယ်ကား ဒိုင်းကို ကိုင်ပြီး ပြန်လာပါဆိုသည်မှာ အခြားမဟုတ်။ စစ်ပွဲတွင်အနိုင်ရ၍ ဒိုင်းကြီးကို တဝင့်ဝင့်ကိုင်ကာ ပြန်လာပါဟု ဆိုခြင်းဖြစ်သည်။ ဒိုင်းကိုစီးပြီး ပြန်လာပါဆိုသည်မှာ အရှုံးပေးကာ ပြန်မလာပါနှင့်၊ မနိုင်လို့ ရှုံးရလျှင်လည်း စစ်ပွဲတွင်အသေခံ၍ အလောင်းကို ဒိုင်းပေါ်တင်၍ အိမ်ကို ပြန်ယူလာပါစေဟု မှာလိုက်ခြင်းပင် ဖြစ်လေသည်။

လီအွန်နီးဒက်နှင့် သူ့တပ်သားများသည် တောင်ကြားလမ်းသို့ ရောက်ကြသောအခါ တောင်အောက်တွင် ပုရွက်ဆိတ်များကဲ့သို့ တရွရွ တလှုပ်လှုပ် သွားနေကြသော ဖပ်ဆီး၏ တပ်သားများကို ကောင်းစွာမြင်ကြရလေသည်။ လီအွန်နီးဒက်မှာမူကား တုန်လှုပ်ခြင်း မဖြစ်ဘဲ တိုက်ရမည့် ရက်ကိုသာ



မျှော်လင့်လျက်ရှိလေ၏။ မကြာမီ ပါရှန်းမြင်းစီး ကင်းထောက်တစ်ယောက်သည် တောင်ကြား၏အခြေအနေကိုကင်းထောက်ရန် ရောက်လာလေသည်။ သူ့ရှေ့တွင်မြင်ရသော အရာများသည်ကား သူ့မျက်စိကိုပင် မယုံနိုင်လောက်အောင် ဖြစ်နေ၏။ ဤသို့ဖြစ်ရခြင်းကား အခြားမဟုတ်။ ယနေ့ နက်ဖြန်ဆိုသလို စစ်ပွဲအကြီးအကျယ် ဆင်နွှဲရတော့မည်။ သို့သော်လည်း ဆပါးတစစ်သားများမှာ သေရတော့မည့်ဘေးကို ကြောက်လန့်ပြီးလျှင် မှိုင်တွေခြင်း၊ ဆွေးမောခြင်း မဖြစ်ရုံမျှမက အချို့မှာ ပြေးပွဲခုန်ပွဲများကိုပင် ပျော်ပျော်ရွှင်ရွှင် ကျင်းပလျက်ရှိ၍ အချို့မှာမူကား သူတို့၏ ဆံရှည်များကို ကြော့နေအောင် ဖြီးလျက် ရှိကြသောကြောင့်ပင်တည်း။ ထို့ကြောင့် သူမြင်သမျှကို ဖပ်ဆီး ဘုရင်ကြီးထံ ပြန်၍ လျှောက်တင်ရလေ၏။ ဖပ်ဆီး ဘုရင်ကြီးသည် သူ့ခြေတော်ရင်းတွင် ခစားလျက်ရှိသော သစ္စာဖောက်မျိုးဖျက် အတိုင်ပင်ခံ ဒီမာရေးတပ်[၂၈] ကို ခေါ်၍ အကျိုးအကြောင်း စုံစမ်းတော်မူလေသည်။ ဒီမာရေးတပ်ဆိုသူမှာ အခြားမဟုတ်။ အကျင့်ယုတ်၍ ဆပါးတလူထုကြီးက တိုင်းပြည်မှ နှင်ထုတ်လိုက်သောကြောင့် ဖပ်ဆီး၏ ခြေတော်စုံကို ခိုလှုံနေရသော ဆပါးတ မင်းညီမင်းသားတစ်ဦးဖြစ်သည်။ ထို့ကြောင့် ဆပါးတလူမျိုးတို့၏အကြောင်း သူ ကောင်းကောင်းသိသည်။

'ဘယ့်နှယ်လဲ ဒီမာရေးတပ်၊ မောင်မင်းတို့ ဆပါးတလူမျိုးများဟာ ဘယ်လဲ ရူးကြောင်ကြောင်နိုင်လှပါလား၊ ငါ့ ခေါဘဏီတပ်ကြီးကို မြင်ကာမျှ နဲ့ ဘယ်ရန်သူမှ ဆောက်တည်ရာရတယ်လို့ ငါကိုယ်တော်မြတ် ကြားတော် မမူဘူးသေးဘူး၊ ယခုမှာမူ မောင်မင်းတို့ရဲ့ လက်တစ်ဆုပ်စာလောက်ရှိတဲ့ ဆပါးတတပ်ကလေးဟာ ငါကိုယ်တော်မြတ်ရဲ့ ခေါဘဏီတပ်မတော်ကြီး ကြီးလာသည့်တိုင်အောင် ထွက်မပြေးရုံမျှမက အလှများပြနေလိုက်ကြသေး တယ်၊ အဲသည်ကြောင်းခြင်းရာဟာ ဘယ်လိုတုန်းဆိုတာကို ငါကိုယ်တော်

www.burmeseclassic.com

www.burmeseclassic.com



မြတ် သိချင်တော်မူတယ်၊ သံတော်ဦးတင်စမ်း မောင်မင်း’ဟု ဇပ်ဆီးဘုရင်ကြီးက မိန့်တော်မူလေသည်။ ဆပါးတလူမျိုးများသည် ဤသို့ပြုမူနေလျှင် သဲသဲမဲမဲ တိုက်ခိုက်တော့မည့် လက္ခဏာဖြစ်ကြောင်းကို ဒီမာရေးတပ်က သံတော်ဦးတင်လေသည်။ သို့သော်လည်း ဤလက်တစ်ဆုပ်မျှလောက်သော ဆပါးတ တပ်ကလေးသည် သူ၏ ခေါဘဏီတပ်မတော်ကြီးကို စ၍ တိုက်ခိုက်မည်ဆိုသည်မှာ ဘယ်နည်းနှင့်မျှမဖြစ်တန်ရာ၊ ရယ်ဖွယ်သာဖြစ်တော့သည်ဟု နှလုံးတော်သွင်းလျက်ရှိသဖြင့် ရုတ်တရက် မတိုက်သေးဘဲ ဆပါးတတပ်သားများ အည့်ခံလာကြမည့် အချိန်ကိုသာ ဇပ်ဆီးဘုရင်ကြီးသည် မျှော်လင့်စောင့်စားလျက် ရှိလေ၏။ လေးရက်ကြာ၍ ဘယ်သူမျှ မလာသောအခါ ဇပ်ဆီးဘုရင်ကြီးသည် စစ်တိုက်ရန် အမိန့်ထုတ်လိုက်လေ၏။

သို့ရာတွင် ကေသရာအခြသေ့တစ်ကောင်ကို မြင်းတစ်ထောင်ဝန်းရံရမည်မှာ လွယ်ကူမည်ဖြစ်သော်လည်း ကိုယ့်လွတ်လပ်ရေးအတွက် တိုက်ခိုက်နေကြသော လီအွန်းနီးဒက်တို့ လူတစ်စုကို ခေါဘဏီတပ်ကြီးသည် တိုက်ရန်မလွယ်ကူပေ။ ဇပ်ဆီးဘုရင်ကြီးလည်း နှစ်ရက်အတွင်း သူ့တပ်သားများအကြိမ်ကြိမ်လန့်၍ ကျလာသည်ကိုတွေ့ရ၍ သူ့ ယာယီသလွန်တော်မှ သုံးကြိမ်တိုင်တိုင် ဒေါသထွက်လျက် ခုန်၍ပင် ချတော်မူခဲ့သည်။

သို့ရာတွင် ဤသို့ ဇပ်ဆီးတပ်သားများလည်း အကြံရကြပ်လျက်ရှိစဉ်အသားထဲက လောက်ထွက်ဆိုသော စကားအတိုင်း လီအွန်းနီးဒက်၏လက်အောက်မှ သစ္စာဖောက် တပ်သားတစ်ယောက်သည် ဇပ်ဆီးထံသို့သွားပြီးသော် ဆုတော်ငွေကိုလိုသလောက်ရလျှင် ဖြတ်လမ်းကောင်းတစ်ခုကိုပြမည်ဟု လျှောက်ထားလေ၏။ ဇပ်ဆီးလည်း ဆုတော်ငွေကိုပေးသနားပြီးလျှင် ထိုသစ္စာဖောက်နှင့်အတူ ပါရှန်းစစ်ဗိုလ်ချုပ်ကြီး ဟိုက်ဒါနက်[၂၅]



ကိုယ်တိုင် ကြီးမှူးအုပ်ချုပ်သော တပ်တစ်တပ်ကိုထည့်လိုက်၏။ ထိုဖြတ်လမ်းအတိုင်း လိုက်သွားရာ လီအွန်းနီဒက်တို့၏ နောက်ဘက်သို့ ရောက်သွားကြလေ၏။ ထိုလမ်းတွင်အစောင့်ချထားသော ဖိုးဆီယန်[၂၆] တပ်သားများသည်အလစ်တွင်ဝင်၍ အတိုက်ခံရသဖြင့် မကြံသာတော့ဘဲ သူတို့စခန်းကို စွန့်ခွာလျက် တောင်ပေါ်သို့တက်ပြေးကြလေ၏။ ဤသတင်းကို ကင်းထောက်တစ်ယောက်လာပြော၍ လီအွန်းနီးဒက်လည်း ချက်ချင်းသိလေ၏။

ထို့ကြောင့် လီအွန်းနီးဒက်သည် စစ်သည် တပ်ဗိုလ်များ၏ အစည်းအဝေး တစ်ခုကို ရုတ်တရက် ချက်ချင်းခေါ်စေပြီးသော် နောက်ဆုံး စစ်၏အခြေအနေကို ဆွေးနွေးကြလေ၏။ လက္ခဏာဖတ်ဆရာ မက်ဂစ်တီးယက်[၂၇] ဆရာကမူ ကျဆုံးသော စစ်သားတစ်ဦး၏ အူ အသည်းတွေမှ နိမိတ်ကောက်ယူကာ ရှုံးမှာပဲဟု ဟောကိန်းထုတ်လေ၏။ ဤအခြေအနေတွင် တိုက်လိုက်လျှင် ရှုံးမည်ဆိုသည်ကို ဆေဒင်မေးနေစရာ မလိုတော့ပေ။ စဉ်းစားတတ်သည့်လူတိုင်း ကောင်းစွာ အသိပင် ဖြစ်နေ၏။ လီအွန်းနီးဒက်လည်း မက်ဂစ်တီးယက်အား ပြန်လိုလျှင် ပြန်နိုင်ရန် အခွင့်ပေးလေသည်။ သို့သော်လည်း လက္ခဏာဖတ်ဆရာသည် သူ့ဗိုလ်အပေါ်တွင် သစ္စာမဖောက်လို။ သူ၏တစ်ဦးတည်းသော သားကိုသာ ပြန်၍ လွှတ်လိုက်သည်။ ထို့နောက် လီအွန်းနီးဒက်သည် သူ့လက်အောက်တွင်ထားရှိသော ပြည်ထောင်စုအသီးသီးမှ တပ်သားများကို ခေါ်ပြီးသော် ‘ကဲ၊ ရဲဘော်တို့၊ ငါတို့ရဲ့ အခြေအနေကတော့ ရဲဘော်တို့ သိတဲ့အတိုင်းပဲ၊ အထူး ပြောနေရန် မလိုဘူး၊ တို့တတွေ ဆက်တိုက်ရင်လဲ ဒီအခြေအနေကျမှဖြင့် ဘယ်နည်းနှင့်မျှ မနိုင်တော့ဘူး၊ အဲဒီတော့ အားချင်းမမျှလို့ ဆုတ်ပေးရတယ်ဆိုတာ အမှန်စင်စစ်တော့ ရှက်ဖို့ကောင်းလှဘူး၊ ဒီတော့ တိုတိုပဲ ရဲဘော်တို့၊ မင်းတို့ အခု အချိန်ရှိတုန်း လွတ်ရာကျွတ်ရာကို ဆုတ်ချင်တဲ့လူများရှိရင် ဆုတ်နိုင်ကြတယ်၊ ငါ ခွင့်ပေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ ငါ့လူသုံးရာကတော့ ကိုနေရာက တစ်ဖဝါးမရွေ့ဘဲ အသေခံပြီး တိုက်ကြဖို့ သန္နိဋ္ဌာန်ချပြီးပြီ’ ဟု လီအွန်းနီးဒက်သည် သဘောထားကြီးမားစွာဖြင့် သူ့လက်အောက်တပ်သားများကို ခွင့်လွှတ်လျက်ရှိ၏။

အချို့တပ်သားများသည် တပ်ခေါက်၍ ပြန်သွားကြသည်။ လီအွန်းနီးဒက်နှင့် သေအတူ ရှင်အတူ နေတော့မည်ဟု သန္နိဋ္ဌာန်ချထားသူများမှာကား မိုင်ဆီးနေ[၂၈]နယ်သား ရှစ်ဆယ်၊ သက်ဆပီယန်[၂၉] နယ်သား ခုနစ်ရာ၊ သီးဗန်း[၃၀] နယ်သား လေးရာနှင့် လီအွန်းနီးဒက်၏ လူရင်းများဖြစ်ကြသော ဆပါးတနယ်သား သုံးရာတို့ပင် ဖြစ်သည်။ တစ်ဖက်က ချီတက်လာမည့် ရန်သူတပ်သားများမှာကား နှစ်သန်းထက် မနည်းပေ။

တပ်ထဲတွင် လီအွန်းနီးဒက်နှင့်ဆွေမျိုးနီးစပ် အသက်ငယ်ငယ်လူမမယ်ကလေး နှစ်ဦးရှိ၍ ထိုသူနှစ်ဦးကို အချည်းနှီး မသေစေလိုသောသဘောဖြင့် ဆပါးတသို့ စာပို့သွားပါဟု လီအွန်းနီးဒက်သည် ဥပါယ်တံမျဉ်ဖြင့်ပြောဆိုရာ ထိုသူငယ်နှစ်ဦးအနက် တစ်ဦးက ‘ကျွန်တော် ဒီကိုစစ်တိုက်ရအောင်လာတာ၊ စာပို့ရအောင်လာတာ မဟုတ်ပါ၊ ကျွန်တော် မပို့ပါရစေနှင့်’ ဟု ပြန်၍ ဖြေပြီးလျှင် အခြားတစ်ယောက်ကမူ ‘သတင်းပြန်ပို့နေဖို့ မလိုပါဘူး၊ ဆပါးတသိချင်တာက ကျွန်တော်တို့ ဒီမှာ ဘယ်လိုအသေခံပြီး တိုက်တယ် ဆိုတာပါပဲ’ ဟု ပြောပြလေသည်။ လီအွန်းနီးဒက်လည်း သတ္တိခဲကလေး နှစ်ယောက်ကို အလွန်ကြည်ညိုသော စိတ်ထားဖြင့်ကြည့်ကာ ခေါင်းညိတ်လျက် ရှိ၏။

ဒိုင်အီနီဆက်[၃၁] ဆိုသော ဆပါးတ ရဲဘော်တစ်ဦးအား အခြားတစ်ဦးက ‘အံမာ၊ ပါရှန်းလေးသမားတွေက တယ်များဆိုပဲ၊ သူတို့မြားတွေ ပစ်လိုက်ရင် နေလုံးတောင် ပျောက်သွားတယ်တဲ့ ဆရာ’ ဟု ပြောသောအခါ ‘ဒီလိုဆိုရင် သာကောင်းသေးတယ်၊ တို့တစ်တွေ နေရိပ်ထဲမှာ တိုက်ရတာပေါ့’ ဟု ပြန်၍ ဖြေသတတ်။



ထိုနေ့တွင် ဆပါးတ တပ်သားနှစ်ဦးမှာ မျက်စိရောဂါ အပြင်းအထန်ခံကပ်လျက်ရှိသောကြောင့် အနီးအနားရှိ ရွာကလေးတစ်ရွာသို့ ပို့ထားရရာ ယူရီတပ်[၃၂] ခေါ်သော ရဲဘော်တစ်ဦးသည် သူ့စစ်ဝတ်စစ်စားကို အတင်းဝတ်ပြီးလျှင် သူ့တပည့်အား သူ့စစ်တပ်သို့ အတင်းပြန်ပို့ခိုင်းလေသည်။ အခြားတစ်ဦးမှာမူကား ရောဂါ အလွန်ပြင်းထန်လျက်ရှိသောကြောင့် အတော်ပင်တောင်းပန်ပြီးနောက် ခေါက်သွားသော တပ်များနှင့် ပြန်ထည့်လိုက်ရ၏။

ရှေးအခါက သူ့တပည့်များ အကျအဆုံး မများရအောင် ရန်သူ၏အတိုက်ကို စောင့်ပြီးမှ လီအွန်းနီးဒက်သည် ပြန်၍တိုက်လေ့ရှိသည်။ ထိုနေ့အဖို့တွင်မူကား ပါရှန်းတို့ လာ၍ အတိုက်ကို မစောင့်တော့ဘဲ လီအွန်းနီးဒက်သည် အတင်းထွက်၍ တိုက်လေ၏။ ဤသို့ လုပ်လိုက်ခြင်းမှာ အခြားကြောင့် မဟုတ်။ ထိုနေ့က တိုက်ပွဲသည် နောက်ဆုံးပွဲဖြစ်သဖြင့် သတ္တိအစွမ်းကုန်ပြ၍ တရကြမ်း တိုက်လိုက်လျှင် ရန်သူတွေလည်း အကျအဆုံးများရုံသာမက ဤသို့ မီးကုန်ယမ်းကုန် တိုက်လိုက်သဖြင့် ‘ဂရိတွေကိုသွားမစမ်းနဲ့ဟေ့၊ ဒီကောင်တွေဟာ သူတို့ရဲ့ လွတ်လပ်ရေးကို ထိလာရင် ဘီလူးထက်တောင် ကြောက်စရာကောင်းသေးတယ်’ ဟူသော ဥဒါန်းလည်းတွင်၍ ကျန်ရစ်မည် ဖြစ်သောကြောင့်ပေတည်း။

လီအွန်းနီးဒက်တို့လူစု၏ လက်နက်ဖျားတွင် ရန်သူများသည် အတုံးလိုက် အရုံးလိုက် ကျဆုံးကြရရှာလေ၏။ ရန်သူတို့၏ စစ်ဗိုလ်ချုပ်များမှာမူကား သူတို့ကိုယ်တိုင် ရှေ့သို့ပင်ထွက်၍ မတိုက်စုံတော့ဘဲ တပ်သားတွေ၏နောက်မှ ပုန်းကွယ်ကာ ကြောက်၍ နောက်ဆုတ်နေသော တပ်သားများကိုသာ ကျာပွတ်နှင့် ရိုက်တင်လျက် နေကြလေသည်။

လီအွန်းနီးဒက်တို့၏ လှံတံများသည် ထိုးရဖန်များ၍ ကျိုးပဲ့ကုန်ကြသောအခါ ဓားလွှတ်များကို ထုတ်၍ ခုတ်ကြသည်။ ဓားလွှတ်များ ကျိုးပဲ့

www.burmeseclassic.com

www.burmeseclassic.com



သွားသည့်အခါ နောက်ပြန်မဆုတ်ဘဲ လက်သီးများ သွားများကိုပင် အသုံးပြုရင်း အသေခံတိုက်ကြ၏။ ဤတိုက်ပွဲတွင် ပါးရှန်းတပ်သားပေါင်း နှစ်သောင်းကျော် သေ၍ ထိုအထဲတွင် ဇပ်ဆီး၏ ညီတော်နှစ်ပါးလည်း ပါသွားလေသည်။

တိုက်ပွဲပြီးသောအခါ ဇပ်ဆီးသည် သစ္စာဖောက် ဒီမာရေးတပ်ကို အပါးတော်သို့ ခေါ်တော်မူ၍ 'ဒီမာရေးတပ်၊ ဆပါးတပြည်မှာ ဒီလိုအကောင်ရူးကလေးတွေ တော်တော်များများ ရှိသေးသလား'ဟု မေးတော်မူရာ 'မှန်လှပါ၊ ရှစ်ထောင်ကျော်ကျော်လောက် ကျန်ပါသေးတယ်ဘုရား' ဟု ပြန်၍ လျှောက်တင်လိုက်သဖြင့် ဘုရင်ကြီးသည် စိတ်တော် အလွန်ညှိုးသွားရှာလေသတည်း။

## မိတ်ဆွေစစ်

(နှစ်ပေါင်း ၂၃၀၀ ကျော်ခန့်က)

ဆီရာကျူ[၁] မြို့သည် ဆစ်ဆလီ[၂] ကျွန်းတွင်ရှိ၍ ရှေးအခါက ဂရိလူမျိုးများ ကောင်းစားစဉ်က ကြီးကျယ်ခမ်းနားခဲ့သော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။ ယခုအဖြစ်အပျက်ကလေး ပေါ်ပေါက်စဉ်က ထိုမြို့၏ ဘုရင်သည် ဒိုင်းအိုနစ်ရှီယပ်[၃] ဖြစ်သည်။ သူသည် သူ၏ စွမ်းရည်သတ္တိကြောင့် စာရေးကလေးဘဝမှ ဘုရင်ဖြစ်လာသည်။ ထို့ကြောင့် မြို့သူမြို့သားတို့သည် တတ်နိုင်သည့် နေ့တစ်နေ့တွင် သူ့ကို အတင်းဖြုတ်ချလိမ့်မည်ဟူသော အတွေးဖြင့် ကိုယ်ကကျူး ကိုယ့်ဒူးကိုပင် မယုံကြည်နိုင်ဘဲ ရှိလေသည်။

အဘယ်မျှ မယုံသင်္ကာရှိသနည်းဆိုသည်ကို ကြည့်ကြဦးစို့။ ဒိုင်းအိုနစ်ရှီယပ်သည် ထောင်တစ်ခု ပြုလုပ်ထားသည်။ သူနှင့် မသင့်မတင့်သောသူများ၊ သူ မယုံသင်္ကာသောသူများ၊ သူ့အလိုကိုမလိုက်သူများ အစရှိသည်တို့ကို ထိုထောင်တွင်း၌ အကျဉ်းသွင်းထားလေသည်။ ထိုသူများသည် ထောင်ထဲတွင် သူ့အကြောင်းကို ဘာတွေများ ပြောကြသနည်းဟု သိချင်သောကြောင့် ထိုထောင်နှင့် ကပ်လျက်ရှိသော ကျောက်တောင်ကို ထွင်း

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဂလိုဏ်များလုပ်ဖောက်ထားရာ အကျဉ်းသားများ ပြောသမျှစကားကို ထိုအခန်းတွင်းမှ ကောင်းစွာ ကြားနိုင်လေသည်။

သူ့အိပ်ခန်း၏ပတ်လည်တွင်လည်း ကျုံးတစ်ခု တူးထားပြီးလျှင် ဆွဲတံခါးတစ်ခုကိုစီမံထား၍ အသုံးပြုချင်သည့်အခါ ထိုတံခါးကို သူကိုယ်တိုင် ဆွဲတင်ဆွဲချလေ့ရှိသည်။ တစ်ခါကလည်း သူ့မုတ်ဆိတ်ရိတ်သမားက 'ကျုပ်ဟာ နှယ်နှယ့်လူ မဟုတ်ဘူး၊ ဒိုင်းအိုနစ်ရှီယပ်ရဲ့ လည်မျိုနားကို ကျုပ် သင်တုန်းဓားဟာ မနက်တိုင်း ရောက်ရတဲ့လူပါဗျ' ဟု အကြွားလွန်မိသဖြင့် အသတ်ခံရဖူးလေသည်။ ထို မုတ်ဆိတ်ရိတ်သမား သေပြီးသည်နောက် ဒိုင်းအိုနစ်ရှီယပ်သည် သူ့သမီးများကို မုတ်ဆိတ်မွေး အရိတ်ခိုင်းသည်။ သို့သော်လည်း သူ့သမီးများကိုပင် သင်တုန်းဓားနှင့် စိတ်မချပြန်သောကြောင့် သစ်စေ့များကို ပူအောင်လုပ်ပြီးမှ ထိုသစ်စေ့တို့ဖြင့် မုတ်ဆိတ်မွေးများကို မီးပူတိုက်ပစ်လေသည်။

လူတစ်ဦးကိုလည်း အကျီစား မှားသွားသဖြင့် သတ်ပစ်ဖူးလေသည်။ ဒိုင်းအိုနစ်ရှီယပ်သည် တစ်နေ့သ၌ ထိုလူအား 'ကြေးထဲမှာ ဘယ်ကြေးဟာ အကောင်းဆုံးလဲ' ဟု မေးရာ ထိုလူက ဟာမိုးဒီးယပ်[၄] နှင့် အာရစ္စတိုးဂေးတန်[၅]တို့၏ အရုပ်များကို သွန်းလုပ်ထားသော ကြေးများသည် အကောင်းဆုံး ဖြစ်ပါသည်' ဟု ပြန်ပြောလိုက်ရာ ဤပြက်လုံးကို ဒိုင်းအိုနစ်ရှီယပ်သည် မခံမရပ်နိုင်အောင် နာကြည်းသဖြင့် ထိုလူကို သတ်ပစ်ခြင်း ဖြစ်သည်။ ပြက်လုံး၏ အဓိပ္ပာယ်မှာကား ဤသို့တည်း။ ဟာမိုးဒီးယပ်နှင့် အာရစ္စတိုးဂေးတန် တို့သည် ဘုရင်ရာထူးကို ဒိုင်းအိုနစ်ရှီယပ်ကဲ့သို့ အဓမ္မ သိမ်းပိုက်ထားသော ပိုင်ဆစ်စတြားတပ်၏ သားများကို သတ်ပစ်လိုက်ဖူးသော ဂုဏ်ထူးကြောင့် မြို့သူမြို့သားများက ကြေးရုပ်သွန်းထားသောသူများ ဖြစ်ကြသည်။

တစ်ခါတုန်းကလည်း ဒိုင်းအိုနစ်ရှီယပ်သည် လင်္ကာတစ်ပုဒ်ရေးစပ်လိုက်ရာ ထိုလင်္ကာမှာ ဘာမျှ အနှစ်သာရမရှိကြောင်းဖြင့် ပညာရှိ ဖီလို



ခ်ီးနပ်[၆] က ပြောပြမိသောကြောင့် ထိုပညာရှိကြီးကို ထောင်သွင်း အကျဉ်းချထားဖူးသည်။ နောက်တစ်ကြိမ် စာတစ်ပုဒ်ကို ထပ်ချိုးပြီးလျှင် ဖီလိုခ်ီးနပ်ကို ထောင်မှထုတ်၍ ဝေဖန်ခိုင်းပြန်ရာ ပညာရှိကြီးလည်း သူ့အား ဘာမျှပြန်မပြောတော့ဘဲ အရာရှိများဘက်ကိုသာ လှည့်၍ 'ကိုင်း ဆရာတို့၊ ကျုပ်ကိုသာ ထောင်ပြန်ပို့ပါတော့' ဟု ဆိုလေ၏။ ထိုအခါမှ ဒိုင်းအိုနစ်ရှီယပ်လည်း အားရအောင် ရယ်ထည့်ပြီးလျှင် 'ဒီလူ ရိုးပါတယ်၊ လွှတ်လိုက်ကြပါတော့ကွယ်' ဟု ဆို၍ လွှတ်ပစ်လိုက်ဖူးသည်။

ဤဒိုင်းအိုနစ်ရှီယပ်သည် တစ်နေ့သ၌ ပစ်သီယက်[၇] ဆိုသော လူတစ်ဦးကို မသင်္ကာမှုနှင့် ဖမ်းဆီးပြီးနောက် သေဒဏ်ပေးလိုက်လေသည်။ ထိုအခါက ပစ်သီယက်တွင် ဂရိပြည်၌ ဆွေမျိုးညာတိများကို တွေ့စရာရှိသည့်အပြင် လယ်ယာကိုင်းကျွန်းများကိုလည်း စီမံခန့်ခွဲစရာ ရှိသေးသဖြင့် ဂရိပြည်မှ ပြန်လာသည်အထိ သေဒဏ်ဆိုင်းငံ့ပေးပါရန် ပစ်သီယက်လည်း ဒိုင်းအိုနစ်ရှီယပ်ထံတွင် ခွင့်တောင်းလေသည်။ ဒိုင်းအိုနစ်ရှီယပ်သည် ပစ်သီယက်ကို ကြည့်ပြီးနောက် 'ဒီကောင် တယ် အ သေးတာပဲ' ဟူသော သဘောမျိုးဖြင့် ရယ်၍ 'မင်းက ငါ့ကို တစ်ပတ်ရိုက်မယ်များ ကြံနေသလားကွ၊ ဒီမြို့က ထွက်သွားပြီးရင် မင်း ဘယ်ပြန်လာတော့မလဲ' ဟု ပြောလေ၏။ ထိုအခါ ပစ်သီယက်၏ သူငယ်ချင်း ဒါမွန်[၈] ဆိုသူသည် လူတောထဲမှ ထွက်လာပြီးသော် 'ကျွန်တော့်သူငယ်ချင်း ပစ်သီယက်ဟာ ကတိအတိုင်း အချိန်နဲ့ ပြန်မလာရင် ကျွန်တော့်ကို သတ်ပါ၊ အခု သူ့ကိုလွှတ်ပြီး သူ့ကိုယ်စား ကျွန်တော့်ကိုပဲ ဖမ်းထားပါ' ဟု လျှောက်ထားလေ၏။

ဒိုင်းအိုနစ်ရှီယပ်လည်း ပထမ၌ အံ့အားသင့်သွားသော်လည်း နောက်ဆုံး၌ သဘောတူလိုက်လေသည်။ သို့ရာတွင် သူ့စိတ်ထဲမှာမူကား 'ဒီကောင်တော့ ပြန်လာမှာ မဟုတ်ဘူး၊ ဒီမှာ နေရစ်တဲ့ လူအ ကိုပဲ သတ်ရမှာပဲ' ဟု အမှတ်ထားလိုက်၏။ သူ အမှတ်ထားလိုက်သည့်အတိုင်း အချိန်တွေလွန်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ပစ်သီယက်သည် ပေါ်မလာချေ။ သို့ပင် ဖြစ်သော်လည်း ဒါမွန်မှာမူကား သေရတော့မည့်ဘေးကို တွေးတောပြီးလျှင် ပူဆွေးခြင်း ထိတ်လန့်တကြားဖြစ်ခြင်း သောကရောက်ခြင်း စသည့် အမူအရာတို့ကို မပြချေ။ သူ့ကို စုံစမ်းကြည့်သောအခါ သူ့သူငယ်ချင်း၏ သမာဓိကို ယုံကြည်မြဲ ယုံကြည်လျက် ပစ်သီယက်ကတော့ ပြန်လာမှာမုချပဲ၊ လမ်းမှာ တစ်ခုခုဖြစ်နေလို့ ကြာနေတာ ဖြစ်မှာပဲ၊ ဒါပေမယ့် သူ ပြန်မလာနိုင်လို့ အသေခံရမယ်ဆိုရင်လဲ ချစ်တဲ့သူအတွက် အသေခံရလို့ ဝမ်းနည်းစရာ မရှိပါဘူး၊ ဝမ်းတောင်သာပါသေးတယ်' ဟု ဒါမွန်က ပြန်၍ ပြောလေ၏။

ဒါမွန်လည်း နောက်ဆုံးရက် နောက်ဆုံးနာရီ ထိုးသည့်တိုင်အောင် သူ့သူငယ်ချင်း၏ သမာဓိအပေါ်တွင် စိတ်မကွက်ဘဲ ခပ်အေးအေးနေမြဲပင် နေလေ၏။ 'ပစ်သီယက်ရဲ့သဘောနဲ့ တမင် မလာတာတော့ မဟုတ်ပါဘူး၊ လှိုင်းတွေလေတွေနဲ့မို့ ပြန်မလာနိုင်တာပါပဲ' ဟု နောက်ဆုံး သူ့ကိုသတ်ရန် ထုတ်သွားသည့်တိုင်အောင် ပြောနေသေး၏။

သို့ရာတွင် ပစ်သီယက်မှာမူကား သူ့သူငယ်ချင်းကို သတ်ခါနီးဆဲဆဲတွင် ဖြန်းခနဲ ပေါ်လာပြီးနောက် မတုန်မလှုပ် မကြောက်မလန့်ဘဲ သူ့ကို သတ်ရန် ထိုး၍ အပ်လေ၏။ သူငယ်ချင်းနှစ်ဦး၏ သစ္စာရှိပုံကို မြင်သဖြင့် ဒိုင်းအိုနစ်ရှီယပ်သည် သံဝေဂရပြီးလျှင် ပစ်သီယက်ကိုလည်း မသတ်တော့ဘဲ သေဒဏ်မှ ချမ်းသာခွင့်ပေးလိုက်ဖူးလေသည်။

## သေရဲသူ

### (နှစ်ပေါင်း ၂၃၀၀ ခန့်က)

ငါ ငါ ငါ နှင့် ငါ အစွဲကြီး ကြီးနေသော လောကကြီးတွင် သူများအတွက် ငါ့ တိုင်းပြည်နှင့် အမျိုးအတွက် အသက်ကို စွန့်ရဲသည်ဆိုသည်မှာ သာမည သတ္တိ မဟုတ်ပေ။ အာဇာနည်တို့မှာသာ ရှိနိုင်သည့် သတ္တိထူး ဖြစ်သည်။ တိုင်းပြည်တစ်ပြည်သည် အခြား အဘက်ဘက်၌ မည်မျှ တောင့်တင်းခိုင်လုံသည် ဆိုစေကာ ဤသတ္တိထူးတို့ဖြင့် ပြည့်လျှံလျက်ရှိသော အာဇာနည်တို့ ချို့ယွင်းခေါင်းပါးနေမည်ဆိုပါလျှင် ထိုတိုင်းပြည်သည် လွတ်လပ်စွာကြာရှည် တည်မြဲနိုင်မည် မဟုတ်ချေ။ သို့ဖြစ်သောကြောင့် ကိုယ့်အမျိုးနှင့် ကိုယ့်တိုင်းပြည်၏ လွတ်လပ်ရေးကို ချစ်ခင်မြတ်နိုးကြကုန်သော တိုင်းသူပြည်သားများသည် သူတို့ကိုယ်တိုင်က အာဇာနည်တို့ကဲ့သို့ မစွန့်စားသည့်တိုင်အောင် စွန့်စားရဲသော အာဇာနည်များကို ထိုက်သည့်အားလျော်စွာ ချီးကျူးကြရန်အား လက်မနှေးကြပေ။

သူ့တိုင်း သူ့ပြည်သားတွေ အသက်ဘေးမှ ချမ်းသာရာရအောင် သူ့အသက်ကို စွန့်သွားရှာသော အသီးနီယန် ဘုရင်ကြီး ကိုဒရပ်* ကို သူ့တိုင်းသူ့ပြည်သားများသည် ယနေ့တိုင် ချီးကျူးကော်ရော် ပူဇော်လျက် ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်တစ်ပါး၏ မိဖုရားကြီးတစ်ပါးလည်း ရှိသေးသည်။ ရှေးကျလွန်း၍ အမည်နှင့် တိုင်းပြည်ကိုပင် ပုရပိုဒ်များထဲတွင် ရှာ၍ မတွေ့တော့ပေ။ တစ်နေ့သ၌ အရည်းကြီး ဆရာတော်များသည် နန်းတော်သို့ကြွလာပြီးလျှင် 'အသင်မင်းကြီး၊ နတ်မင်းကြီးများ ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ရှိကြတယ်၊ ဒီလိုဆိုရင် တိုင်းပြည် ပျက်လိမ့်မယ်၊ အဲဒါ ပပျောက်အောင် အသင်မင်းကြီးရဲ့ အချစ်ဆုံးဖြစ်တဲ့ လူတစ်ယောက်ယောက်ကို ယစ်ပူဇော်ရမယ်' ဟု ပြောပြောဆိုဆို ဘုရင်၏ သားတော်ကလေးကို အရည်းကြီးတို့သည် ဝိုင်း၍ ဆွဲကြလေ၏။ ထိုအခါ ဘုရင်၏ အချစ်ဆုံးဖြစ်သည်ကို ပြလိုသည်က တစ်ကြောင်း၊ တိုင်းသူပြည်သားများနှင့်တကွ မိမိရင်သွေးသားကလေးလည်း အသက်မှ ချမ်းသာရာရပါစေဟူသော စေတနာက တစ်တန်တို့ကြောင့် မိဖုရားကြီးသည် အရည်းကြီးတို့၏ လက်ထဲမှကလေးကို ပြန်လုလိုက်ပြီးလျှင် သူ့ကိုယ်သူ အပ်လိုက်၏။ အရည်းကြီးတို့လည်း လက်မနှေးဘဲ ထိုနေရာတွင် မိဖုရားကြီးကို သတ်ကြရာ မိဖုရားကြီးလည်း လင့်အပေါ် သားအပေါ်နှင့် တိုင်းသူပြည်သားတို့အပေါ်တွင် တာဝန်ကျေပွန်စွာ ထမ်းရွက်လိုက်ရသဖြင့် ပျော်ရွှင်သည့် နှလုံးဖြင့် ပြုံးပြုံးကလေးလဲ၍ သေပွဲဝင်သွားရှာလေ၏။

\+ + +

ဤအဖြစ်အပျက်မျိုးနှင့် အလားတူ အဖြစ်အပျက်မျိုးတစ်ခုသည် နှစ်ပေါင်းနှစ်ထောင်ကျော်ကျော်လောက်က ရောမတိုင်းတွင် ဖြစ်ပေါ်ခဲ့ဖူးလေသည်။ ထိုအချိန်အခါတွင် ရောမလူမျိုးတို့သည် လက်တင်လူမျိုး[၂] တို့နှင့် စစ်မက်ဖြစ်ပွားလျက် ရှိကြသည်။ အမှန်စင်စစ် ရောမနှင့် လက်တင်တို့သည်



ဘာသာစကား ထုံးစံဓလေ့ အုပ်ချုပ်ရေး စစ်ချီစစ်တက်မှစ၍ အစစအရာရာ အားလုံးပင် အတူတူဖြစ်ကြသည်။ အမှန်စင်စစ် ရောမမြို့ကြီးပင်လျှင် လက်တင်နိုင်ငံဟောင်းမှ ပြန့်ပွားလာသော အညွှာက်အတက်ကလေး ဖြစ်လေသည်။ လက်တင်နှင့် ရောမတို့သည် သတ္တိရှိကြပုံ ခွဲကောင်းပုံတို့၌ ပင်လျှင် အတူတူသာလျှင်တည်း။

ဤစစ်ဖြစ်စဉ် အချိန်အခါတွင် ရောမမြို့၏ ကောင်စစ်[၃] ဝန်ကြီးနှစ်ပါးမှာ တစ်တပ် မန်းလီယပ် တော်ကေးတပ်[၄] နှင့် ပပ်ဗလိယပ် ဒက်ဆီယပ် မပ်[၅] တို့ ဖြစ်ကြသည်။ ရှေးအခါက ဘုရင်အုပ်စိုးသော တိုင်းပြည်ဖြစ်လျှင် ဘုရင်ကိုယ်တိုင် စစ်ဖြစ်သည့်အခါ ခေါင်းဆောင်၍ တိုက်ရသည်။ သမ္မတနိုင်ငံဖြစ်လျှင် သမ္မတ သို့မဟုတ် သမ္မတနှင့် အလားတူ အကြီးအကဲတို့က ခေါင်းဆောင်၍ တိုက်ကြရသည်။ ထို့ကြောင့် ဝန်ကြီးနှစ်ပါးသည် လက်တင်များကို စစ်ပြိုင်ရန် သူတို့၏ စစ်တပ်များနှင့် ချီတက်သွားကြလေ၏။ ဘေးဆူးဘီးယပ် မီးတောင်၏ ခြေရင်းရှိ တောအုပ်တွင်းသို့ ရောက်သောအခါ ထိုညဉ့်အဖို့ ခေတ္တ စခန်းချကြလေ၏။

ညဉ့်ဘက်တွင် ဝန်ကြီးနှစ်ပါးစလုံး အိပ်မက်ဆန်းတစ်ခု မြင်မက်ကြလေ၏။ မြင်မက်ပုံကား အလွန်ကြီးမား ကြံ့ခိုင်သော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ဝန်ကြီးများဆီသို့ လာလတ်၍ 'အသင်တို့ နှစ်ဦးထဲက ယမမင်းကြီးကို အသက်လှူဝံ့သော သူသည် အောင်ပန်းကို ဆွတ်လှမ်းလိမ့်မည်' ဟု ပြောပြီးနောက် ကွယ်ပျောက်သွားလေ၏။ အိပ်မက်လည်း အတော်ထူးဆန်း၏။ ထိုထက် ထူးဆန်းသည်ကား ဝန်ကြီးနှစ်ပါးစလုံး ထိုအိပ်မက်ကို ပြိုင်တူမက်ကြခြင်းပင် ဖြစ်သည်။

နံနက်ဘက်တွင် ထိုအိပ်မက်၏ ဆန်းကြယ်ပုံကို တိုင်ပင်ကြပြီးနောက် ဝန်ကြီးနှစ်ပါးသည် တစ်ဦးနှင့် တစ်ဦး ကတိပြုကြသည်။ ထိုကတိအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် လက်တင်စစ်တပ်များနှင့် တိုက်ခိုက်ရာ၌ အကယ်၍ ဝန်ကြီးတစ်ဦးဦး၏ စစ်ဦးညွှန်းလျှင် ထိုဝန်ကြီးသည် သူ့အဖော် ဝန်ကြီးအားအောင်ပန်းဆွတ်ခူးစေနိုင်ရန်အတွက် ရန်သူ့တပ်ထဲသို့ အတင်းပစ်ဝင်ပြီးလျှင် အသေခံရမည်ဖြစ်သည်။ ထိုဝန်ကြီးနှစ်ပါးသည် သူတို့၏ တပ်နှစ်တပ်ကို တစ်တပ်တည်းပေါင်း၍ ဒက်ဆီယပ်က ညာတောင်ပံ၊ မန်းလီယပ်က ဘယ်တောင်ပံမှ ချီတက်ကြရန် စီစဉ်ထားကြလေသည်။ ထိုအတွင်း အရေးကြီးသော စစ်မိန့်တစ်ရပ်ကို ဆင့်ဆိုလေသည်။ ထိုအမိန့်မှာ အခြားမဟုတ်။ မည်သည့် ရောမစစ်သားမှ မိမိတို့၏ စစ်တပ်ထဲမှ ထွက်လာပြီးလျှင် လက်တင်စစ်သားများနှင့် တစ်ယောက်ချင်း တိုက်ပွဲများ မပြုရဟူသော အမိန့်ပင် ဖြစ်လေသည်။ အဘယ့်ကြောင့် ဤအမိန့်ကို ထုတ်ရသနည်းဆိုသော် လက်တင်နှင့် ရောမစစ်သားတို့သည် အစစအရာရာ၌ အလွန်တူကြသောကြောင့် ဤသို့ ပညတ်မထားလျှင် တစ်ဦးနှင့် တစ်ဦး ကူးလူး ဆက်ဆံကြခြင်းအားဖြင့် ရန်သူမှန်း မိတ်ဆွေမှန်း ခွဲခြား၍မရနိုင်အောင်ပင် ရှုပ်ထွေးသွားမည့် အရေးကြောင့်ပင် ဖြစ်သည်။

ဤအမိန့်ကို ထုတ်ပြီး၍ ဘာမျှ မကြာသေးခင် ဝန်ကြီး မန်းလီယပ်၏ သားသည် လက်တင် ဗိုလ်မှူးတစ်ဦးနှင့် တွေ့ကြရာဝယ် ဗိုလ်လုကြပြီးနောက် တစ်ယောက်ချင်း တိုက်ကြလေ၏။ ဝန်ကြီး၏သားမှာအလွန်ရဲရင့်လှသောကြောင့် သူ့ဒဏ်ကို လက်တင်ဗိုလ်မှူး မခံနိုင်ရှာဘဲ စစ်ပွဲတွင်ကျလေ၏။ ထိုအခါ မန်းလီယပ်၏သားသည် လက်တင်ဗိုလ်မှူး၏ သံချပ်အင်္ကျီကိုချွတ်ပြီးသော် သူ့ဖခင်ကြီးထံသို့သွား၍ အပ်နှင်းလေ၏။ ဖခင်ကြီးလည်းဝမ်းသာရမည့်အစား မျက်နှာညှိုးသွားပြီးလျှင် သူ့တပ်များကို ချက်ချင်းစုရုံးစေ၍ ထိုသူတို့၏ရှေ့တွင် သူ၏သားကို အောက်ပါအတိုင်း အပြစ်ဆို၏။



'မင်းဟာ၊ အပြစ်ကျူးလွန်တဲ့ လူပဲ၊ ဘယ်အပြစ်လဲဆိုရင် စည်းကမ်းဖောက်ဖျက်တဲ့အပြစ်ပဲ၊ စည်းကမ်းဆိုတာ မင်းလဲ အသိသား၊ တို့ရောမလူမျိုးတို့ရဲ့အသက်ပဲ၊ အခု မင်းလုပ်လိုက်တာဟာ ငါ့မှာ အတော်ပဲ အခက်အခဲနဲ့တွေ့ရပြီ၊ ဒီအပြစ် ကျူးလွန်တဲ့အတွက် မင့်ကိုပဲ စီရင်ပြီး ရောမ လူမျိုးတွေရဲ့ချမ်းသာမှုကို ရှာရမလား၊ ဒီလိုမှမဟုတ်ရင်လဲ ရောမလူမျိုးတွေ ဘာပဲဖြစ်ဖြစ် ငါနဲ့ ငါ့သားရဲ့ ချမ်းသာမှုကိုပဲ ရှာမလား၊ အဲဒီ အခက်အခဲကြီးတွေနဲ့တွေ့ကြုံနေရပြီ၊ ဒါပေမယ့် လူတစ်ယောက်တည်းရဲ့အပြစ်ကြောင့် ရောမတစ်မျိုးလုံးတော့ မနစ်နာစေနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် တို့တစ်တွေ ကိုယ်တိုင်ကနာကနေပြီး သက်သေပြကြရမယ်၊ ဒီလို သက်သေပြရမယ့် လူတွေမှာတော့ငါမှာပဲ၊ ဒါပေမယ့် ဒီလို သက်သေပြလိုက်တဲ့အတွက် နောင်လာနောက်သားရောမလူငယ်များအဖို့တော့ အတော်ကောင်းမှာပဲ၊ ငါ့အတွက်ကို ပြောရမယ်ဆိုရင် ဖအေဖြစ်တဲ့အတွက် ယူကြုံးမရဖြစ်ရုံမကဘူး၊ မင်းလို သတ္တိနဲ့ပြည့်စုံတဲ့လူတစ်ယောက် ဆုံးရှုံးရမည့်အတွက် ပြောမပြနိုင်အောင် နှမြောတယ်၊ ဒါပေမယ့် မင့်ကို သားဖြစ်တယ်ရယ်လို့ မညှာလိုက်ဘဲ ဥပဒေအတိုင်းစီရင်မှတို့ရဲ့ အာဏာတည်မယ်၊ မစီရင်နိုင်ရင် တို့ရဲ့ အာဏာလဲ ပျက်မယ်၊ အာဏာပျက်ပြန်လျှင် စစ်တပ်လဲပျက်၊ စစ်တပ်ပျက်တဲ့နောက် လူမျိုးပါပျောက်မယ့်အတွက် မင်းဟာ ငါ့ရဲ့ သွေးစစ်သွေးမှန် ဖြစ်ခဲ့လျှင် မင်းဖောက်ဖျက်လိုက်လို့ပျက်သွားတဲ့ စစ်စည်းကမ်းကြီးကို မင်းသွေးနဲ့ ပြန်ပြီး ဖာထေးဖို့ရန် ဦးမလေးဘူးလို့ ငါ ယုံကြည်တယ်'ဟု ဖခင်ကြီးသည် မပစ်ရက် နိုင်ရှာသော သားကိုတစိမ့်စိမ့်ကြည့်၍ ပြောရင်း စစ်ပွဲနိုင်သူတိုင်း ရထိုက်သော ပန်းခွေတစ်ခုကိုသား၏ခေါင်းပေါ်သို့ တင်၍ ပေးလေ၏။ ထို့နောက် လက်မရွံ့အာဏာသားတစ်ဦးကို သူ့သားအား လက်ဝါးကပ်တိုင်တစ်ခုတွင် ချည်၍ ခေါင်းကိုခုတ်ပိုင်းရန် သူကိုယ်တိုင် အမိန့်ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းအားဖြင့် ရှေးရောမလူကြီးတို့သည် စစ်စည်းကမ်းကို တည်မြဲစေလေသည်။

ရက်များမကြာမီ မျှော်လင့်သည့် တိုက်ပွဲကြီး စလေ၏။ တိုက်ပွဲစ၍ များမကြာမီ ဒပ်ဆီယပ်ဘက်မှ တပ်သားများသည် စစ်ခြေကြွလေသည်။ ဤအခါသည်ကား ဒပ်ဆီယပ် အလွန်တောင့်တစောင့်စားခဲ့သည့် အခါကြီးပင် ဖြစ်လေ၏။ ထို့ကြောင့် ဘာလီရီယပ်[6] ခေါ်သော ရောမ ဆရာတော်ဘုန်းကြီးကိုပင့်ပြီးလျှင် သူတို့ထုံးစံအတိုင်း သရဏဂုံတင်စေ၏။ ပြီးလျှင် ပြီးစီးကြောင်းကို သူ့ရဲဘော်ဖြစ်သော ဝန်ကြီး မန်းလီယပ်ထံသို့ ချက်ချင်းအကြောင်းကြားစေ၍ စစ်မြင်းဖြူကြီးကိုစီးပြီးကာ ရန်သူများပေ့ဆိုသည့်ဘက်ဆီသို့ တရကြမ်းဝင်၍ တိုက်လေ၏။ လက်ဦးပထမတွင် ရန်သူများသည် ဤသို့ တရကြမ်းဝင်၍ တိုက်သူကို လန့်ဖျပ်ပြီးလျှင် ထွက်ပြေးကြသေး၏။ ထို့နောက်မှ ဝန်ကြီး ဒက်ဆီယပ်မှန်း သိကြသဖြင့် ဝိုင်းလာကြပြီးသော် ခုတ်ထစ်သတ်ဖြတ်လိုက်ကြရာတွင် ဒပ်ဆီယပ်လည်း ထိုနေရာတွင်ကျသွားလေသည်။

ထိုသတင်းကို ကြားရသောအခါ သားသေ၍မျှ မျက်ရည်တစ်ပေါက်မကျခဲ့ရှာသော ဝန်ကြီး မန်းလီယပ်သည် ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ အဘယ့်ကြောင့်ဆိုသော် ဤဂုဏ်ထူးကို သူယူမည်ဟု အားအခဲကြီး ခဲထားရာမှ သူ့လက်တွင်းက လွတ်သွားသောကြောင့် ဖြစ်၏။

ဤတိုက်ပွဲတွင် ရောမတို့က အနိုင်ရလိုက်၏။ လူ့စိတ်မည်သည် အတော်ထူးဆန်း၏။ မည်မျှလွယ်ကူသော အလုပ်ပင်ဖြစ်စေကာမူ မိမိစိတ်ထဲက လုပ်၍ မဖြစ်နိုင်ဟု စွဲလမ်းနေလျှင် အလုပ်ရ အလွန်ခက်တတ်၏။ သို့သော် မည်မျှပင် ခက်စေကာမူ မိမိစိတ်က လွယ်ကူသည်ဟု ထင်လျှင် လွယ်လွယ်ကူကူနှင့်ပင် ပြီးစီးတတ်သည်။ သို့အတွက် အလုပ်တစ်ခုလုပ်လျှင်



ထိုအလုပ်၌ ယုံကြည်ချက်ရှိပါက အလုပ်တစ်ဝက် ပြီးပြီးသားဖြစ်သည်ဟု လူကြီးသူမများ ပြောစမှတ်ပြုကြ၏။

ယခု တိုက်ပွဲတွင်လည်း ဝန်ကြီးတစ်ပါး အသေခံနိုင်လျှင် စစ်ပွဲနိုင်မည်ဟု ယုံကြည်ထားကြသဖြင့် ဝန်ကြီး ဒပ်ဆီယပ်ကျဆုံးသည်နှင့်တစ်ပြိုင်နက်မန်လီယပ်တို့လည်း အားသွန်၍ တိုက်ကြရာ အနိုင်ရကြခြင်းပင် ဖြစ်လေသတည်း။

ယခု အဖြစ်အပျက် ဖြစ်ပွားပြီးသည့်နောက် လေးဆယ့်ငါးနှစ် ကြာသောအခါ ရောမမြို့တွင် ဒပ်ဆီယပ်၏ သားသည် ထိုနာမည်နှင့်ပင် ဝန်ကြီးဖြစ်လာပြန်၏။ သူသည်လည်း သူ့ဖခင်ကဲ့သို့ပင် သတ္တိ ဇွတ္တိတို့နှင့်ပြည့်စုံသူတစ်ဦး ဖြစ်လေသည်။ သူနှင့် တွဲဖက်ဝန်ကြီးမှာ ကွင်းတပ် ဖေးဗီယပ်[7] ဖြစ်လေသည်။

ဤအချိန်အခါတွင်လည်း ရောမလူမျိုးများသည် စစ်မက်ဖြစ်ပွားလျက်ရှိပြန်သည်။ သို့ရာတွင် ယခုတစ်ကြိမ်ကား လက်တင်တို့နှင့် မဟုတ်ဘဲ ဂေါလ[8] တို့နှင့် ဖြစ်ကြသည်။ ဂေါလတို့သည် သူတို့ချင်း မဟုတ်ကြဘဲ ဆင်းမနိုက်လူမျိုးများ[9] များနှင့် မဟာမိတ်ပြုလုပ်ထားကြသဖြင့် သူတို့ဘက်တွင် ခြေသည်တပ်သား တစ်သိန်းငါးသောင်း၊ မြင်းသည် လေးသောင်းခြောက်ထောင်ခန့် ရှိလေသည်။ ရောမတို့ဘက်တွင် အားလုံးပေါင်းမှ ခြေသည်တပ်သား နှစ်သောင်းလေးထောင်နှင့် မြင်းသည် အနည်းငယ်ရှိလေသည်။ စစ်တလင်းမှာ ဆင်းတီနမ်[10] အရပ်ပင် ဖြစ်သည်။ ဤတိုက်ပွဲတွင် ဂေါလတို့သည် လှည်းဘီးများတွင် တံစဉ်များတပ်ဆင်ထားသော စစ်ရထားများကို ပထမဆုံး စတင် အသုံးပြုလေသည်။ ထိုအခါက စစ်ရထားသည် အထူးအဆန်းဖြစ်နေ၍ ရောမတို့ဘက်မှ စစ်သားရော မြင်းပါ လန့်၍ ပြေးကြရန်၏။ ဒက်ဆီယပ်လည်း ပြန်တိုက်ကြရန် အစွမ်းကုန်ကြိုးစားပါသော်လည်း သူ့လူများကို ထိန်း၍ မရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့အဖေ၏ ခြေရာကိုလိုက်၍ နင်းရလျှင် စစ်နိုင်လိမ့်မည်ဟု ယုံကြည်ပြီးလျှင် ရောမဆရာတော် ဘုန်းကြီးတစ်ပါးကို ပင့်၍ သူ့ကိုယ်ကို သရဏဂုံတင်စေ၏။ ထို့နောက်မှ တစ်ယောက်ထီးတည်း လက်နက်မပါ ဗလာသက်သက် ရန်သူတွေနက်ရာသို့ အတင်းဝင်ပစ်လေ၏။ သူလည်း အရိုးနှင့် အသားဖြင့်သာလုပ်ထားသော လူသားတစ်ဦးပင်ဖြစ်လေရာ ရန်သူတို့၏ လက်နက်အောက်တွင် အသက်ပျောက်ရရှာလေ၏။ သို့ရာတွင် သူ့ဖခင်ကြီး၏ လက်ထက်ကကဲ့သို့ပင် ဗိုလ်လုပ်သူအသေခံရဲလျှင် စစ်ပွဲကို အမှန်နိုင်ကြတော့မည်ဟု ယုံကြည်လျက်ရှိသော ရောမစစ်သားတို့သည် စိတ်အားတွေထက်သန်လာကြပြီးလျှင် တရကြမ်း ပြန်၍ တိုက်ကြရာတွင် ဤတိုက်ပွဲ၌လည်း ရောမတို့ပင် အနိုင်ရလေသတည်း။

## အိုဘယ့်လူ

(နှစ်ပေါင်း ၂၂၀၀ ကျော်ခန့်က)

ထိုအခါက ရောမတိုင်းနှင့် ကာသေ့[၁] တိုင်းတို့သည် စစ်အကြီးအကျယ်ဖြစ်လျက် ရှိကြသည်။ ကာသေ့တိုင်းမှာ အာဖရိကတိုက်တွင်ရှိ၍ ရောမစစ်သားများသည် ရေတပ်ကုန်းတပ်တို့ဖြင့် အာဖရိကတိုက်သို့ ချီတက်တိုက်ခိုက်လျက်ရှိကြသည်။ ရောမတပ်သားများကို အုပ်ချုပ်သူမှာ ဗိုလ်ချုပ်ရက်ဂျူလပ်[၂] ဖြစ်လေသည်။

ပထမအချီတွင် ရောမတပ်များက အနိုင်ရလိုက်ကာ ကာသေ့ခေါင်းဆောင်များသည် ဂရိပြည်သို့သွားပြီးလျှင် စစ်ကူတောင်းကြ၏။ ဂရိပြည်မှ ဆပါးတနယ်သား လူစွမ်းကောင်း ဇင်သစ်ပပ်[၃] ကို ထည့်လိုက်၏။ ဇင်သစ်ပပ်လည်း တိုက်ဆင်များကို အလယ်ကထား၍ တိုက်မြင်းများကို ဘေးနှစ်ဘက်မှရံကာ တိုက်လေ၏။ ဇင်သစ်ပပ်သည် အစီမံအခန့်ခွဲ ကောင်းသည်က တစ်ကြောင်း၊ ဆင်များနှင့်တိုက်သည့် တိုက်ပွဲမျိုးကိုလည်း ရောမတို့သည် တစ်ကြိမ်မျှမတွေ့ဖူးသေးသည်က တစ်ကြောင်းတို့ကြောင့် ရောမတပ်များသည် ကစဉ့်ကလျားပျက်၍ ပြေးကြလေ၏။ ရောမဗိုလ်ချုပ် ရက်ဂျူလပ်ကိုလည်း ထိုတိုက်ပွဲတွင် မိသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရောမတပ်သားများလည်း စစ်ကို တစ်ခါတည်း အရှုံးမပေးလိုက်သေးဘဲ စစ်ကူများထပ်တောင်းပြီး တိုက်ပြန်ရာ စစ်ပွဲသည် နှစ်နှစ်မျှ ကြာသွားလေ၏။ နောက်ဆုံးတွင် ရောမများသည် ခွဲကောင်းကြသောကြောင့် ကာသေ့တို့ကို တိုက်ပွဲတစ်ခုတွင် အကြီးအကျယ် အနိုင်ရလိုက်ကြလေ၏။ ထိုအခါ ကာသေ့တို့လည်း စစ်ပြေငြိမ်းလိုကြသောကြောင့် ဤကိစ္စအတွက် အကောင်းဆုံးလူအဖြစ်ဖြင့် ဗိုလ်ချုပ်ရက်ဂျူလပ်ကို ရွေးပြီးလျှင် သူတို့၏ သံတမန်များနှင့် ရောမမြို့သို့ လွှတ်လိုက်ကြ၏။ ဗိုလ်ချုပ် ရက်ဂျူလပ် ထံမှလည်း ကိစ္စမအောင်မြင် မပြီးစီးခဲ့သော် ကာသေ့အချုပ်ထောင်သို့ပင် ပြန်လာပါမည်ဟူသော ကတိကို တောင်းထားလိုက်၏။

ရက်ဂျူလပ်သည် အလွန်စည်းကမ်းရှိသူတစ်ယောက် ဖြစ်လေသည်။ ရောမမြို့၏ တံခါးပေါက်ဝသို့ ရောက်သောအခါ သူသည် ကာသေ့တို့၏ ကျွန်ဖြစ်နေသောကြောင့် မြို့တွင်းရှိ လွှတ်တော်ခန်းမကြီးမှာ သူဝင်လိုက်ခြင်းဖြင့် ယုတ်ညံ့သွားလိမ့်မည်ဟု ဆိုပြီးလျှင် မြို့တံခါးဝ၌ပင် နေလေ၏။ သူ၏မိန်းမ မားရှိယာ ' လည်း ထိုသတင်းကို ကြားရသောအခါ ရင်ပတ်စည်တီးဖြစ်ကာ သူ့ယောကျာ်းကို မြို့ပြင်သို့ထွက်၍တွေ့လေ၏။ ရက်ဂျူလပ်လည်း သူသည် ကျွန်တစ်ယောက်ဖြစ်နေသဖြင့် သူ့မိန်းမနှင့် ဘဝချင်းခြားနားနေကြပြီ ဖြစ်သောကြောင့် လင်ယောကျာ်းအနေနှင့် မဆက်ဆံဘဲ ကျွန်တစ်ဦးအနေနှင့် ရိုသေစွာဆက်ဆံလျက်ရှိ၏။ ရက်ဂျူလပ်က စည်းကမ်းကြီးလေလေ မယားဖြစ်သူမှာ ရင်ကွဲလုမတတ် အသည်းနာလေလေ ဖြစ်၏။

ရက်ဂျူလပ်က အလွန်စည်းကမ်းကြီးနေသဖြင့် လွှတ်တော်အမတ်ကြီးများလည်း သူနှင့်တွေ့ရန် မြို့ပြင်သို့လာကြရ၏။ တွေ့ပြန်သောအခါတွင်လည်း ရက်ဂျူလပ်သည် ဘာမျှ အထူးမပြောဘဲ 'အမတ်ကြီးများ ခင်ဗျား ကျွန်တော်သည် ကာသေ့တို့၏ ကျွန်တစ်ယောက် ဖြစ်နေသည့်အတိုင်း ကျွန်တော့်သခင်က စေခိုင်းလိုက်လို့ စစ်ပြေငြိမ်းရေးကိစ္စနှင့် စစ်အကျဉ်းသမားများ လဲလှယ်ရေးကိစ္စတို့အတွက် လာခဲ့ရပါသည်'ဟု ဟိုက မှာလိုက်သည့်အတိုင်းပြောပြပြီးသော် လှည့်ထွက်သွားလေ၏။ သူ့မိတ်ဆွေ လွှတ်တော် အမတ်ကြီးများက သူတို့နှင့်ထိုင်၍ ဆွေးနွေးပါဦးဟု ဖိတ်ကြားသည်ကိုမျှ ကျွန်တစ်ယောက်သည် အမတ်ကြီးများနှင့် မဆွေးနွေးထိုက်ဟုဆိုကာ ဖိတ်ကြားချက်ကို လက်မခံချေ။ သူ့သခင်များဖြစ်ကြသော ကာသေ့သံတမန်များက လက်ခံလိုက်ပါဟု အမိန့်ပေးမှသာ သခင့်စကားကို ကျွန်က နားထောင်သည့်အနေနှင့် လက်ခံလိုက်လေသည်။



စစ်ပြေငြိမ်းသင့် မငြိမ်းသင့် ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်အမတ်ကြီးများက ရက်ဂျူလပ်၏ အကြံဉာဏ်ကိုတောင်းကြရာ 'စစ်ဆက်တိုက်နိုင်လျှင် ရောမတို့ အကျိုးရှိလိမ့်မယ်၊ ကာသေ့လူမျိုးတွေ အတော် ပန်းနေကြပြီဆိုတာကို ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရပါတယ်၊ ပြီးတော့လဲ စစ်အကျဉ်းသမားချင်း လဲဖို့ဆိုတာလဲ ဒီမှာ ဖမ်းထားတဲ့ ဗိုလ်ချုပ်တွေဟာ ကျွန်တော်နဲ့စာလိုက်ရင် စွမ်းစွမ်းသန်သန် လူတွေပါ၊ ကျွန်တော့်မှာတော့ တဖြည်းဖြည်းသေစေတတ်တဲ့ အဆိပ်ဆေးမိနေလို့ မကြာခင် သေရတော့မယ်၊ အဲဒီတော့ အကျဉ်းသမားချင်း လဲလိုက်ပြန်ရင်လဲ ရောမက နာလိမ့်မယ်၊ အဲဒါကြောင့် မလဲကြရန် ကျွန်တော်က တိုက်တွန်းပါတယ်'ဟု ပြောပြလိုက်လေ၏။

အမတ်ကြီးများလည်း ဤကဲ့သို့ တိုင်းပြည်အတွက် ကိုယ့်အသက်ကို စွံ့ကွက်သော အာဇာနည် ရက်ဂျူလပ်၏ ရဲရဲတောက် စကားများကို ကြားရသောအခါ ကြက်သီးမွေးညင်း ထကြလေသည်။

ထိုအခါ ရောမဆရာတော် ဘုန်းတော်ကြီးသည် ရက်ဂျူလပ်၏အနီးသို့ လာပြီးလျှင် 'ရက်ဂျူလပ်၊ မင်းပြန်မသွားဘဲ နေနိုင်တယ်၊ မင်းပေးခဲ့ရတဲ့ ကတိဟာ မင်းစိတ်သဘောအတိုင်း ပေးခဲ့တာမှ မဟုတ်ဘဲ၊ သူတို့အတင်းအကြပ်ဆက်စီးနင်းလုပ်ပြီး ယူထားလိုက်တာကပဲ၊ ပြန်မသွားလို့ မင်းမှာ ဘာမှ အပြစ်မရှိဘူး'ဟု ပြောဆိုတားမြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ရက်ဂျူလပ်ကို တား၍မရ။ 'အရှင်ဘုရားတို့၊ တပည့်တော်ရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် လုပ်တော့မယ်လို့များ သန္နိဋ္ဌာန်ချထားကြရောသလား ဘုရား၊ တပည့်တော် ပြန်သွားရင် ဟိုမှာ တပည့်တော်ဟာ အင်မတန်ဆိုးဝါးတဲ့ အညှဉ်းပန်း အနှိပ်စက်တွေကို ခံပြီး သေခြင်းဆိုးနဲ့ သေရမယ်ဆိုတာ တပည့်တော်မသိလို့ မဟုတ်ပါဘူး၊ သိပါတယ်ဘုရား၊ ဒါပေမယ့် ကိုယ့်သိက္ခာ ကိုယ်ဖျက်တဲ့ အလုပ်နဲ့စာလိုက်ရင် ဒီလိုသေရတာဟာ ဘာမှ မဖြုံလောက်ပါဘူး၊ တပည့်တော်ဟာ ကံအကြောင်းမကောင်းလှလို့ ကာသေ့ရဲ့ကျွန် ဖြစ်ရပေတဲ့ ရောမသွေးတော့ အများကြီးရှိပါသေးတယ်၊ အဲဒီတော့ တပည့်တော် ပြန်ခဲ့မယ်လို့ ကတိပေးခဲ့ပြီးပြီ၊ ပြန်သွားဖို့ဟာ တပည့်တော်ရဲ့ တာဝန်ပဲ၊ ကျန်တာတွေကတော့ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက ကြည့်ရှုမှိုင်းမကြပေတော့'ဟု ပြောပြီးလျှင် ဆရာတော်ကြီးနှင့် သူ့မိတ်ဆွေများ ဝိုင်း၍ တောင်းပန်နေသည့်ကြားထဲမှ အတင်းထွက်၍ ကာသေ့သို့ ပြန်သွားလေ၏။

ရက်ဂျူလပ် ပြောသည့်အတိုင်း စစ်ဆက်၍ တိုက်ကြရာဝယ် ရောမတို့သည် အကြီးအကျယ် နိုင်လိုက်ကြလေသတည်း။

## ဓွဲ နှင့် သတ္တိ
(နှစ်ပေါင်း ၂၀၀၀ ခန့်က)

ထိုအချိန်အခါက ရောမစစ်သေနာပတိချုပ် ဂျူးလီယပ်ဆီဇာ[၁]၏ ဘုန်းသက်ရုံးတို့သည် နေ လ ပမာ အထွန်းတောက်ဆုံး အချိန်အခါကြီးပေ။

သို့ရာတွင် ယခုအခန်းတွင် ဖော်ပြလတ္တံ့သော အကြောင်းသည် ထိုဘုန်းလက်ရုံး တောက်ခဲ့ဖူးသော ဂျူးလီယပ်ဆီဇာ၏ အကြောင်းကိုသာ ဖော်ပြရမည်ဖြစ်ရာ မိမိ၏ ဘုန်းနှင့် လက်ရုံးကို အားကိုးပြု၍ အားမဲ့နေသော ဂေါလနိုင်ငံကလေးကို အတင်းအဓမ္မ နိုင့်ထက်စီးနင်း သိမ်းပိုက်ခဲ့သော ဂျူးလီယပ်ဆီဇာကို အဘယ်ကဲ့သို့ အာဇာနည်အဖြစ်ဖြင့် ချီးကျူးနိုင်ပါအံ့နည်း။

ယခု ဖော်ပြရမည့် အကြောင်းသည် ထိုကဲ့သို့ လက်ရုံးအားကိုး နိုင့်ထက်စီးနင်းလုပ်လိုသော ဂျူးလီယပ်ဆီဇာကြီးအား အားမတန်သော်လည်း မာန်မလျှော့ဘဲ ကိုယ့်အမျိုး၏ လွတ်လပ်ရေးအတွက် အပြင်းအထန်ခံချသွားသော အာဇာနည်ကလေး ဘားဆင် ဂျက်တိုရစ်[၂] ၏ အကြောင်းပင်ဖြစ်သည်။

ဂေါလတို့သည် တိုင်းပြည်ကို အလုခံရရုံမျှမက သူတို့၏ခေါင်းဆောင်များမှာလည်း အသတ်ခံကြရပေရာ တစ်တိုင်းပြည်လုံး ကြိမ်မီးအုံးလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိကြ၏။ ထို့ကြောင့် မျိုးချစ်ကြီးငယ်အပေါင်းတို့သည် တိတ်တဆိတ် စည်းဝေးကြပြီးလျှင် ရောမကို တစ်ဦးဦးက ပုန်ကန်လျှင် အားလုံးဝိုင်း၍ ပုန်ကန်ကြပါမည်ဟု သစ္စာပြုကြ၏။

များကြာမီ ပထမဆုံး ပုန်ကန်မှုကြီးပေါ်ပေါက်လာလေ၏။ ပေါ်ပေါက်လာပုံ အကျဉ်းချုပ်မှာ ဤသို့တည်း။ ယခုအခါ အော်လီယန်း ဟုခေါ်သော မြို့တွင် အခြေစိုက်၍ စီးပွားရှာလျက်ရှိကြသော ရောမလူမျိုးများနှင့် ဂေါလလူမျိုးတို့ အချင်းများရာမှ အစပြု၍ ဂေါလတို့က ရောမအားလုံးကို သတ်ပစ်လိုက်ကြလေ၏။ ဂေါလတို့၏ မျိုးချစ်စိတ်ဓာတ်တို့သည် မည်မျှ ပြင်းထန်လျက်ရှိသနည်း ဆိုသော် နံနက် အရုဏ်တက်တွင် ဖြစ်ပွားသောကိစ္စကို ည ကိုးနာရီအချိန်တွင် မိုင် ၁၆၀ မျှ ကွာဝေးသော အရပ်အထိ သတင်းပျံ့နှံ့ခြင်းဖြင့် သိနိုင်လေသည်။ ထိုအခါက မော်တော်ကားမရှိ၊ မီးရထားမရှိ၊ သံကြိုးလည်း မရှိဘဲနှင့် ဤမျှ သတင်းဖြန့်နိုင်ခြင်းမှာ အံ့သြစရာဖြစ်လေသည်။ အဘယ်ကဲ့သို့ ဖြန့်သနည်းဆိုသော် ဂေါလ မျိုးချစ်ကလေးများသည် ထိုသတင်းကို ပျံ့နိုင်သရွေ့ ပျံ့နှံ့အောင် တစ်တောင်မှ တစ်တောင်သို့ အော်ဟစ်၍ ပြောကြခြင်းကြောင့် ဖြစ်သည်။

ထိုသတင်းသည် ဘားဆင်ထံသို့လည်း ရောက်သွားလေ၏။ ဘားဆင်သည် သူတစ်ပါး၏ခြေဖဝါးအောက်တွင် သူများနှာခေါင်းပေါက်နှင့် အသက်ရှူနေရသော သူ့လူမျိုးများအတွက် တစ်နေ့တစ်ရက်မျှ စိတ်မအေးပေ။ သူ့လူမျိုးများအား သူတို့၏ ဘူမိနက်သန် နေရာမှန်ဖြစ်သော လွတ်လပ်ရေးပန်းတိုင်သို့ ရောက်အောင် ပို့ပေးရန် အချိန်ကောင်းကိုသာ စောင့်ဆိုင်းလျက်ရှိသည်။ ထို့ကြောင့် အဆိုပါ သတင်းကောင်းကို ကြားရသည်နှင့်တစ်ပြိုင်နက် သူ မျှော်လင့်စောင့်စားခဲ့သည့် အချိန်သို့ ရောက်ပြီဟူသော ယုံကြည်ချက်နှင့် သူ့လူယုံတော် ရဲဘော် ဂေါလများကို ချက်ချင်း စုလေသည်။ ရောမလူမျိုးတို့၏ အမျက်အထွက်မခံဝံ့သော ဘားဆင်၏ ဦးရီးတော်သည် ဘားဆင်ကို



အိမ်မှ နှင်ထုတ်လိုက်လေ၏။ သို့ရာတွင် ဘားဆင်ကား ဤအချက်များကို ဆည်၍ တွက်ပြီးသား ဖြစ်သဖြင့် ဘာမျှ ဂရုမစိုက်ဘဲ စိတ်ဓာတ်ထက်သန်သော လူငယ်တစ်စုကို စုစေပြီးလျှင် ဦးရီးတော်၏ မြို့ကို သိမ်းယူ၍ ရောမအား ပြန်၍ချချင်သူ အပေါင်း၏ ဗိုလ်ပါ ခေါင်းဆောင်အဖြစ်ကို လက်ခံလိုက်လေ၏။ ထိုသတင်းကို ကြားကြသောအခါ အနီးအဝေးမှ မျိုးချစ်ကြီးငယ်တို့လည်း အမျိုး၏ ရန်သူကို တွန်းလှန်ဖြိုဖျက်ကြရန် ဘားဆင်၏ လက်အောက်သို့ ခိုလှုံကြလေ၏။

ဂျူးလီယပ်ဆီဇာသည် ထိုသတင်းကို ကြားရသည့်အခါ မျိုးချစ်သူပုန်များကို နှိမ်နင်းရန် အပြင်း ချီတက်လာ၏။ ဘားဆင်တို့က အားကိုးထားသော အကွယ်အကာကြီးမှာ ဆီဗင်းနား[၆] တောင်တန်းကြီး ဖြစ်သည်။ ဆောင်းတွင်းအခါလည်း ဖြစ်နေသောကြောင့် ထိုတောင်တန်းကြီးပေါ်တွင် ဆီးနှင်းများ ထူထပ်နေသဖြင့် ဂျူးလီယပ်ဆီဇာသည် ထိုတောင်တန်းကို ဘယ်နည်းနှင့်မျှ မဖြတ်ကျော်နိုင်ဟု ဘားဆင်တို့လူစုက တွက်ကိန်းဆင်ထားလေသည်။ သို့ရာတွင် ဂျူးလီယပ်ဆီဇာသည် ထိုတောင်တန်းကြီးကို ကျော်လိုက်နိုင်သဖြင့် ထိုဘက်ရှိ မြို့များရွာများမှ မခုခံနိုင်တော့ဘဲ ရန်သူ့လက်တွင်းသို့ ကျဆင်းကြရ၏။ ထို့ကြောင့် ခေါင်းဆောင် ဘားဆင်သည် သူ့ဗိုလ်မှူးများနှင့် တိုင်ပင်ပြီးသော် ရန်သူ၏လက်တွင်းသို့ မကျရောက်သေးသော မြို့ရွာများကို မီးထင်းတိုက်ခြင်း၊ စားနပ်ရိက္ခာတို့ကို သိုဝှက်ခြင်း၊ ကျွဲနွားတိရစ္ဆာန်တို့ကို ဝေးရာသို့ မောင်းနှင်ထုတ်ခြင်း အလုပ်တို့ကို စတင်လုပ်ကြ၏။

ဤနည်းဖြင့် မြို့နှစ်ဆယ်ကျော်ကို တစ်နေ့တည်းနှင့် ပြာချလိုက်ကြလေ၏။ သို့ရာတွင် ဗူးဇ[၇] မြို့သို့ ရောက်သောအခါ မြို့သူမြို့သားများက သူတို့၏ လှပသော မြို့ကလေးအား မဖျက်ဆီးပါနှင့်။ ရန်သူ့လက်တွင်းသို့ ရောက်ရအောင် အသက်နှင့်လဲကာ သူတို့ ခုခံကြပါမည်ဟု ရှိကြီးတင်

www.burmeseclassic.com

www.burmeseclassic.com



ငိုယိုတောင်းပန်ကြသောကြောင့် ဘားဆင်လည်း စိတ်လေးလေးနှင့် လျှော့ပေးလိုက်၏။

ဘားဆင် တွက်ကိန်းထုတ်ထားသည့်အတိုင်း ဂျူးလီယပ်ဆီဇာလည်း ထိုမြို့ကို ဝိုင်းလေ၏။ ဘားဆင်တို့ လူစုကလည်း ရန်သူ့ရိက္ခာတပ်များကို လမ်းမှ ဆီးကြို၍ တိုက်ဖျက်လျက်ရှိကြသောကြောင့် ဆီဇာ၏ တပ်များသည် အတော်ပင် အငတ်ငတ်အမွတ်မွတ် ဖြစ်လျက်ရှိကြ၏။ ရောမတို့လည်း ဗူးဇမြို့၏ မြို့ရိုးများနှင့်ညီအောင် မြို့ရိုးပတ်လည်တွင် မြေဖို့ရာ ဗူးဇမြို့သားများကလည်း ရန်သူတို့ ဖို့သလောက် သူတို့၏ မြို့ရိုးကို မြှင့်တင်ကြလေ၏။ ဤနည်းအားဖြင့် နှစ်ဆယ့်ငါးရက်တိုင်တိုင် မြို့တွင်းနှင့် မြို့ပြင် အပြင်းအထန်တိုက်လျက်ရှိကြ၏။ နောက်ဆုံးတွင် မြို့ရိုးပေါက်သွားပြီးနောက် ရောမတပ်များသည် မြို့တွင်းသို့ဝင်၍ တွေ့သမျှတို့ကို သုတ်သင်ရာ ဘားဆင်ထံသို့ ထွက်ပြေးနိုင်သော လူရှစ်ရာမျှသာလျှင် အသက်ချမ်းသာရတော့၏။

ဤသို့ ရှုံးသည်ကို ဘားဆင်သည် စိတ်မပျက်ချေ။ စစ်ဖြစ်လျှင် နိုင်လျှင် နိုင် မနိုင်လျှင် ရှုံးရမည်။ ဤနှစ်လမ်းသာရှိသည်ဟု တွက်ပြီးသားဖြစ်သဖြင့် ဤတစ်ပွဲရှုံးလျှင် နောက်တစ်ပွဲလျှင် အနိုင်တိုက်မည်ဟူသော ခွဲနှင့် စစ်သားသစ်များကို ထပ်မံစုဆောင်းပြီးသော် လေးအတတ်နှင့် မြင်းစီးအတတ်တို့ကို လေ့ကျင့်စေသည်။ ထိုနောက် သူ့အရပ်ဖြစ်သော အိဘန်း[၆] နယ်သို့ ဆုတ်၍ သူ့တပ်များနှင့် တစ်ချိခံပြန်သည်။ ဂျာဂိုဗီယား[၇] မြို့တစ်ဝိုက်တွင် အကြီးအကျယ် တိုက်ပွဲကြီးများဖြစ်ပွားလေသည်။ သို့သော်လည်း အိဒိုင်း[၈] ခေါ်သော ဂေါလလူမျိုးတစ်မျိုးက ထ၍ ချပြန်သဖြင့် ဂျူးလီယပ်ဆီဇာသည် သူ့တပ်များကို အိဒိုင်းတို့ဘက်သို့ ချီတက်ခိုင်းလိုက်ရသောကြောင့် အိဘန်းနယ်သည် ခေတ္တမျှ ရန်အေး၍ သွားလေသည်။

အိဒိုင်းတို့ကို နှိမ်နင်းပြီးသော် ဂျူးလီယပ်ဆီဇာသည် အိဘန်းနယ်ကို ပြန်၍ ဝိုင်းလေ၏။ ထိုအကြိမ်တွင် ဘားဆင်တို့သည် အယ်လစ်ဆီယာ[၉]



မြို့မှ ခံလေ၏။ ထိုမြို့သည် တောင်တစ်တောင်ပေါ်တွင်ရှိ၍ တောင်အောက်တွင် မြစ်နှစ်သွယ် စီးဆင်းလျက်ရှိသည်။ ထိုမြို့၏ ပတ်လည်တွင်လည်း တောင်များဖြင့် ဝိုင်းရံလျက်ရှိသောကြောင့် စစ်ခံရန်အတွက် အကောင်းဆုံးမြို့တစ်မြို့ဖြစ်သည်။ ဆီဇာလည်း ဝင်၍ တိုက်၍ မရနိုင်သောကြောင့် ထိုမြို့တွင်းမှ ခုခံသူများအား အစာငတ်ထားခြင်းဖြင့် အညံ့ခံအောင်လုပ်ရန် ခီစဉ်လျက်ရှိ၏။

ဤသို့ စီစဉ်ရာ၌ သူ၏ အကြံမှာ အတော်နက်လေသည်။ အယ်လစ်ဆီယာမြို့၏ပတ်လည်တွင် ဆယ့်တစ်မိုင်မျှရှည်လျားသော ကျုံးမြောင်း ပစ္စင်ရင်တားများကို အလျင်အမြန် ဆောက်စေသည်။ ဤအစီအရင်များသည် အကျိုးနှစ်ခု ပြီးစေသည်။ စားနပ်ရိက္ခာများကိုလည်း မြို့တွင်းသို့မသွင်းရအောင်၊ စစ်ကူတပ်များလည်း မြို့တွင်းသို့ မဝင်နိုင်အောင် တားနိုင်လေသည်။

ဤအစီအစဉ်များမပြီးမီ ဘားဆင်လည်း သူ့မြင်းတပ်နှင့် ရောမများကို ဘစ်ကြိမ်ထွက်၍ စမ်းလိုက်သေး၏။

ခေါင်းဆောင်ဘားဆင်၏ ကြည်ညိုဖွယ်ကောင်းသော လက္ခဏာဘစ်ရပ်မှာ အခြားမဟုတ်။ ရန်သူသည် မည်မျှအင်အားကြီးမားသည်ကို အနည်းငယ်မျှ ပမာနမထားဘဲ သူ့အမျိုး၏ ရန်သူကို ခံချရန်မှာသာ သူ့ဘာဝန်ဖြစ်သဖြင့် ထိုတာဝန်တစ်ခုတည်းကိုသာ ကျေပွန်အောင်ထမ်းဆောင်မည်ဆိုသော ခွဲနှင့် သတ္တိရှိခြင်းပင် ဖြစ်သည်။

ဤခွဲနှင့် ဤသတ္တိ မရှိဘဲ လက်တစ်ဆုပ်လောက်ရှိသော သူ့လူစုသည် ဆိုအခါက တစ်ကမ္ဘာလုံးလိုလို ဖိန့်ဖိန့်တုန်လျက်ရှိကြသော အလွန်အင်အားကြီးမားသည့် ဆီဇာနှင့် သူ့တပ်များကို ဤမျှကြာရှည်အောင် တိုက်ရဲဖို့ ခဆိုထားနှင့်၊ ပြန်တိုက်ရန်ကိုပင် စိတ်ကူးထဲသို့ ထည့်ဝံ့မည်မဟုတ်ပေ။ ထို့ကြောင့်လည်း ဘားဆင်၏ ဦးရိုးတော်သည် သူ့ကို အိမ်မှ နှင်ထုတ်လိုက်ရုးပြီ မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ဦးတည်းက မည်မျှခွဲကောင်းသော်လည်း သူ့နောက်လိုက်များသည် ဆိဇာ၏ အင်အားကို ကြာရှည်စွာ မခံနိုင်ကြတော့ချေ။ ငတ်မွတ်၍ သေကြသူများလည်း တစ်နေ့တခြား များပြားလာလေပြီ။ ဘားဆင်သည် သူ့မြို့ကို ဆိဇာ၏ အစီအရင်များအရ လုံးဝ မပတ်မိသေးမီ နောက်ဆုံး တစ်ပွဲလောက် နွှဲလိုက်ချင်သေး၏။ ထို့ကြောင့် ဘားဆင်သည် သူ၏ မြင်းစီး သူရဲများကို ခေါ်ပြီးလျှင် သူတို့နယ်များသို့ ခရီးအပြင်းနှင်၍ စစ်ကူတပ်များကို ခေါ်လာကြရန် စေခိုင်းရလေ၏။ ဤသို့မှ မစီစဉ်လျှင် သူနှင့်တကွ သူ့လူများသည် ရောမတို့၏ လက်တွင်းသို့ ကျရောက်တော့မည်ကား မလွဲတော့ပေ။ အဘယ့်ကြောင့်ဆိုသော် သူတို့၌ ရက်ပေါင်း ၃၀ စာလောက်သာ စားနပ်ရိက္ခာများ ရှိကြလေသောကြောင့်ပေတည်း။

ထိုစားနပ်ရိက္ခာများ ကုန်ခါနီးလောက်တွင် သူ စစ်ကူတောင်းလိုက်သော သူ့ရဲဘော်များသည် မနီးမဝေးရှိ တောင်များပေါ်မှလာကြလေ၏။ ထိုအခါတွင် မြို့တွင်းမှ စစ်တပ်များလည်း သူတို့ရဲဘော်များနှင့်ဆက်မိရန် ဆိဇာ၏ အကာအရံတပ်တာ ဟူသမျှကို အတင်း အသေခံဖောက်၍ ကျော်ထွက်ကြကုန်၏။ သို့ရာတွင် ရောမတပ်သားများ၏ အင်အားမှာ မနှိုင်းယှဉ် လောက်အောင် ကြီးမားလှရကား ရောမတို့၏ ဓားလွတ်များအောက်တွင် ဂေါလတပ်သားများသည် အတုံးအရုန်း သေကြရလေ၏။ စစ်ကူရန်လာသော တပ်များ၏ ဗိုလ်ချုပ် ဘားကိုဆီးလောနပ်[၁၈] ကိုလည်း ရောမတပ်သားများက လက်ရ ဖမ်းမိကြလေ၏။

သို့ဖြစ်၍ ရှေ့ဆက်တိုက်လျှင်လည်း သူ့ငယ်သားများ၏အသက်ကို အလဟဿ ဖြုန်းတီးပစ်ရာ ရောက်တော့မည်ဟု ဆင်ခြင် သုံးသပ်မိသဖြင့် ဗိုလ်ဘားဆင်သည် သူ့လူများကို စုဝေးစေပြီးလျှင် 'တို့တတွေ ဆက်တိုက်ရင်တော့ အကုန်လုံး သေကုန်ကြမှာအမှန်ပဲ၊ ဒင်းတို့ရဲ့ အင်အားကိုလဲ နောက်တစ်ခါတော့ နိုင်ကြရမှာပေါ့၊ အမြဲတမ်း လွတ်လပ်ချင်တဲ့ဆန္ဒ ကြီးမား



နေတဲ့ လူမျိုးတစ်မျိုးဟာ ကျွန်ဘဝမှာ မကြာပါဘူးကွ၊ အဲဒီတော့ ငါ့လူများလဲ အလဟဿ မသေသင့်ဘဲနဲ့ မသေကြလေအောင် ငါ့ကို မင်းတို့ကိုယ်တိုင် သတ်ပြီးတော့ ငါ့ခေါင်းကို ဆိဇာလက်ကို သွားပြီး အပ်ရင်လဲ အပ်ပါ၊ ဒီလိုမှ မလုပ်ချင်ရင်လဲ ငါ့လူတွေကို အသက်ချမ်းသာပေးမယ်ဆိုရင် ငါ့ကို ဆိဇာ့လက်သို့အပ်ပါမယ် ဆိုတာကိုပဲ လူလွှတ်ပြီး ပြောကြပေါ့ကွ' ဟု ဘားဆင်က ပြောလေ၏။ သူ့ နောက်လိုက် ငယ်သားများလည်း သူတို့၏ခေါင်းဆောင်ကြီးအား ဤသို့ ထိုးပေးလိုက်ရမှာ အလွန်ခက်ခဲလျက်ရှိကြ၏။ သို့ရာတွင် ခေါင်းဆောင်ကြီးဘားဆင်ကိုယ်တိုင်က အမိန့်ပေးနေသောကြောင့် မငြင်းဆန်ဝံ့ဘဲ သူ ပြောသည့်အတိုင်း ဆိဇာထံသို့ လူလွှတ်၍ အညံ့ခံကြရလေ၏။

ဆိဇာသည် သူ့နောက်လိုက်ငယ်သားတို့၏ အသက်ကို ချမ်းသာပေးရန် သဘောတူသဖြင့် ဘားဆင်သည် ဆိဇာထံတွင် အညံ့ခံလေ၏။ ဆိဇာလည်း ဘားဆင်ကို အစောင့်အကြပ်ကောင်းစွာနှင့် ထားပြီးနောက် ခြောက်နှစ်ကြာသောအခါ အရပ်ရပ်တွင် စစ်ပွဲကြီးများကိုနိုင်သော အထိမ်းအမှတ်ဖြင့် စစ်အောင်ပွဲကြီးများကို ရောမမြို့တော်အတွင်း ကျင်းပသောနေ့တွင် ရောမတို့၏ထုံးစံအတိုင်း ဘားဆင်ကို သူတို့၏ ဘုရားရှိခိုးကျောင်းကြီးအတွင်း၌ ဓားနှင့် တစ်ချက်တည်း ထိုးသတ်၍ ယစ်ပူဇော်လိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## မြို့ခံ

(၁၂၉၃ ခုနှစ်)

အေဒီ ရှစ်ရာစုလောက်က အစပြု၍ နှစ်ပေါင်း ငါးရာခန့် ဥရောပတိုက် အနောက်တောင်ပိုင်းတွင် အစ္စလာမ် သာသနာဝင် မူးလူမျိုး[၁] တို့သည် အတော်ကြီးစိုးခဲ့၏။ ထိုအပိုင်းများရှိ မြို့ရွာ ပြည်နယ်များကို တိုက်ခိုက် သိမ်းယူပြီးလျှင် ထိုအရပ်များမှာပင် အခြေစိုက်ကြ၍ သူတို့၏ အစ္စလာမ် သာသနာကို ဖြန့်ဖြူးကြလေသည်။ ထိုတိုင်းပြည်များတွင် စပိန်[၂] နိုင်ငံလည်း အပါအဝင် ဖြစ်ခဲ့၏။

သို့ရာတွင် ၁၃ ရာစု၏နောက်ပိုင်းတွင် ကက်စတီး[၃] နှင့် အယ်ရဂွန်[၄] ပြည်နယ်များ၌ အားပြည့်နေသော စပိန်လူမျိုးများသည် မူးလူမျိုးများကို ပြန်၍ တိုက်စပြုလေရာ မူးလူမျိုးများ အခြေစိုက်ထားသော မြို့ရွာနယ်ပယ် တို့သည် တစ်ခုပြီးတစ်ခု စပိန်တို့၏ လက်တွင်းသို့ သက်ဆင်းကြရကုန် ၏။ စပိန်တို့၏ ခေါင်းဆောင်မှာ ပဋ္ဌမ ဆန်ချို[၅] ဘုရင်ပင် ဖြစ်လေသည်။

၁၂၉၁ ခုနှစ်သို့ ရောက်သောအခါ မူးလူမျိုးတို့ အကြီးအကျယ် အခိုင်အခန့် ကာကွယ်ထားသော တာရီးဖာ[၆] မြို့ကိုပင် သိမ်းယူကြရန်



စပိန်တို့သည် ချီတက်ကြလေ၏။ ထိုမြို့သည် မြေထဲပင်လယ်သို့အနောက် ဘက်မှ ဝင်ရောက်ရန် တံခါးပေါက်ဝမြို့ကြီးတစ်မြို့ ဖြစ်လေသည်။ မူး တို့သည် ထိုမြို့ကို ကျောက်မြို့ရိုးကြီးဖြင့် ကာရံထားပြီးသော် အပြင်ရန်ကို ခုခံရန် ပစ္စင် ရင်တားပေါင်း ၂၆ ခုမျှ အခိုင်အခန့် ဆောက်လုပ်ထားလေ သည်။ သေနတ်များ အမြောက်များ မပေါ်မီ ဓား လှံ လက်နက်ကိုသာ ကိုင်စွဲရသော ခေတ်က ဤမြို့ကို သိမ်းယူရန်မှာ နည်းတစ်နည်းသာရှိလေ သည်။ ထိုနည်းမှာကား အခြားမဟုတ်။ မြို့တွင်းကလူများကို အစာငတ် ထားရန်ပင် ဖြစ်လေသည်။

စပိန်လူမျိုးတို့လည်း တာရီးဖာမြို့ကို ခြောက်လတိုင်တိုင် ဝန်းရံထား ကြရာ မူးတို့သည် ငတ်မွတ်ခေါင်းပါးသည့်ဒဏ်ကို မခံနိုင်သဖြင့် နောက်ဆုံး ၌ အညံ့ခံကြရလေ၏။ သို့ပင်ဖြစ်သော်လည်း ဘုရင်ဆန်ချိုတွင် စစ်သား နှင့် စားနပ်ရိက္ခာများ လုံလုံလောက်လောက်မရှိသဖြင့် ထိုမြို့ကို မူးတို့၏ ဆားရန်မှ ကြာရှည်အောင် သိမ်းပိုက်ထားရန်မှာ မစွမ်းနိုင်ချေ။ ထို့ကြောင့် တပ်ပြန်ခေါက်ရတော့မည်ကဲ့သို့ ဖြစ်နေစဉ် စစ်ဗိုလ်ကြီးတစ်ဦးသည် ထွက်လာပြီးလျှင် ထိုမြို့ကို မူးတို့၏ရန်မှ သူ့တွင် ပါသမျှသော စစ်သား နှင့် တစ်နှစ်တိတိ သိမ်းပိုက်ထားပါမည်။ တစ်နှစ်စေ့မြောက်သည့်အချိန် တွင်သာ အခြားစစ်ဗိုလ်တစ်ဦးနှင့် လွှဲပါရစေဟု လျှောက်ထားသဖြင့် ဘုရင် လည်း ကြည်သာတော်မူရကား တာရီးဖာမြို့ကို အုပ်ချုပ်ရန် ထိုစစ်ဗိုလ်ကြီးကို လွှဲအပ်ခဲ့လေ၏။ တစ်နှစ်စေ့မြောက်သောအခါ ထိုစစ်ဗိုလ်ကြီး၏လက်ထဲမှ တာဝန်ကို လွှဲယူရန် ဂပ်ဇမန်း[၇] ဆိုသူ ရောက်၍ လာလေ၏။

ဂပ်ဇမန်းသည် စိတ်နှလုံးနူးညံ့သည်၊ တည်ကြည်သည်၊ ရဲရင့်သည်၊ တာဝန်ကို ထမ်းဆောင်ရာ၌ အသက်နှင့်လဲ၍ ထမ်းဆောင်နိုင်သည့်သတ္တိထူး ရှိသည်။ ထို့ကြောင့် တာရီးဖာမြို့ကဲ့သို့ အတွင်းရန် အပြင်ရန် အန္တရာယ် များပြားသော မြို့ကို အုပ်ချုပ်ရန် ဂပ်ဇမန်းကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂပ်ဇမန်းသည် သူ့သားကြီး ဩရသတစ်ယောက်မှတစ်ပါး သူ၏မိသားတစ်စု ကို သူနှင့်အတူ တာရီးဖာမြို့တွင်းသို့ခေါ်ထားပြီးသော် မြို့ကို အနိုင်အလုံ စီမံထား၏။

သူ၏သားကြီး ဩရသမှာမူကား ဘုရင်ဆန်ချို၏တူ ဒွန်ဂျူးအန်[၈]၏ နောက်သို့ လိုက်၍ နေလေသည်။ ဒွန်ဂျူးအန်သည် ဦးရီးတော်၏နန်းကို လုရန်အကြံနှင့် ပေါ်တူဂီ[၉] နိုင်ငံတွင် ပုန်း၍ အားစုလျက်ရှိ၏။ သို့ရာတွင် ဘုရင်ဆန်ချို၏ တောင်းပန်ချက်အရ ပေါ်တူဂီဘုရင်သည် ဒွန်ဂျူးအန်ကို တိုင်းပြည်မှ နှင်ထုတ်လိုက်ရာ သူသည် မူးဘုရင် ယူဆွတ်ဗင် ယာကွတ်[၁၀] ထံသို့ သွားရောက် ခစားပြီးသော် မြင်းသည်တော် ငါးထောင်ပေးလျှင် တာရီးဖာမြို့ကို ဘုရင်ဆန်ချို၏ လက်တွင်းသို့ ပြန်လည်တိုက်ခိုက်ပေးမည့် အကြောင်းနှင့် လျှောက်ထားလေ၏။

အမှန်စင်စစ် သူ့ငါးထောင် မြင်းတပ်သည် တာရီးဖာမြို့ကို ပြန်တိုက် ယူရန်အတွက် မလုံလောက်ချေ။ သို့ရာတွင် ဒွန်ဂျူးအန်သည် သူ့တွင် အားကိုးတစ်ခုရှိသဖြင့် ထိုအားကိုးနှင့် တာရီးဖာကို သိမ်းယူရန် ကြံရွယ် ခြင်းဖြစ်သည်။ သူ၏ အားကိုးမှာ အခြားမဟုတ်။ သူ့နောက်သို့ လိုက် နေသော ဂပ်ဇမန်း၏သားကြီးဩရသကို အသက်မသေစေချင်လျှင် သူ့ လက်သို့ တာရီးဖာမြို့ကို အပ်ပါဟု ဂပ်ဇမန်းအား အကြပ်ကိုင်ရန် ဖြစ်လေ သည်။

ဤနည်းမျိုးကို ရှေးကလည်း တစ်ကြိမ် သုံးခဲ့ပြီးပြီ။ ထိုအခါက ဒွန်ဂျူး အန်၏ ဖခင်သည် ဆာမိုးရာ[၁၁] မြို့ကို သိမ်းယူရန် ကြိုးစားပါသော်လည်း မြို့သူမြို့သားများသည် အနိုင်အလုံ ကာကွယ်ထားသောကြောင့် မတတ်နိုင်ပါ ချေ။ ထိုအခါ ဒွန်ဂျူးအန်သည် ဆာမိုးရာမြို့တွင် အကြီးအကဲဖြစ်သူ မြို့ဝန် ကြီး၏ သားကလေးကို ဖမ်းဆီးပြီးသော် မြို့ကို မအပ်လျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်လိုက်ရာ မြို့ဝန်ကြီးလည်း မြို့ကို အညံ့ခံလိုက်ရလေ၏။ ထိုအခါ



က သူ့အကြံ အောင်မြင်သဖြင့် ဤအကြိမ်တွင်လည်း အောင်မြင်လိမ့်မည် ဟူသော ယုံကြည်ချက်ဖြင့် ထိုနည်းကို ဒွန်ဂျူးအန်သည် အားကိုးလျက် ရှိ၏။

ထို့ကြောင့် မြို့ရိုးနံဘေးတွင် ဂပ်ဇမန်း၏ သားကြီးဩရသကိုကိုင်လျက် 'ဒီကလေးရဲ့ အသက်ကို မသေစေချင်ရင် မြို့ကို အပ်ပါ' ဟု ဒွန်ဂျူးအန်သည် မြို့ရိုးပေါ်၌ရှိသော ဂပ်ဇမန်းကို ဟစ်အော်၍ ပြောလေ၏။ သို့ရာတွင် ဤ အကြိမ်မှာမူကား ဒွန်ဂျူးအန်သည် လှကဲခတ်မှားလေပြီ။ ယခင်အကြိမ် သူ တွေ့ခဲ့ရသော ပုဂ္ဂိုလ်များမှာ သုံးတောင်ဝတ် မိန်းမသားဖြစ်ရသည့်အထဲ ဘွင် သူတို့ဘက်သို့ ခပ်ယိုင်ယိုင်ဖြစ်လျက်ရှိသည်။ ယခု သူတွေ့ရသူမှာ အခြားသူ မဟုတ်၊ ဂပ်ဇမန်း ဖြစ်လေသည်။

ဂပ်ဇမန်းသည် ဒွန်ဂျူးအန်၏စကားကို ကြားရသောအခါ သူ့ရှေ့တွင် လမ်းနှစ်ခုသာ ရှိသည်။ တစ်ခုမှာ သူ့သားတစ်ယောက်အတွက် အမျိုး၏ မျက်နှာကို ဖျက်ပြီးလျှင် မြို့ကို ရန်သူ၏ လက်သို့ ဝကွက်ပြီး အပ်ရန်နှင့် အခြားတစ်ခုမှာ သူ့လူမျိုး၏ အသက်နှင့် သိက္ခာကို စောင့်ရှောက်ရန်အတွက် သားကြီးဩရသကို စွန့်ရန်ပင် ဖြစ်သည်။

ဤသို့ လမ်းနှစ်ခုပေါ်လာလျှင် လူညံ့ လူယုတ်တို့သည် ပထမလမ်းမျိုး ကို လိုက်စမြဲဖြစ်ကြ၏။ အတော်အတန် ကိုယ်ကျင့်တရားကောင်းကြသည် ဆိုသော ပုဂ္ဂိုလ်များပင်လျှင် အပြတ်အသတ် ကျွတ်ကျွတ်လွတ်လွတ် ဆုံးဖြတ်နိုင်ကြဘဲ ဟိုလမ်းလိုက်ရနိုးနိုး ဒီလမ်းလိုက်ရနိုးနိုးနှင့် ဇဝေဇဝါ ဖြစ်တတ်ကြလေသည်။ သို့ရာတွင် အာဇာနည်များ အဖို့မူကား ဤသို့ လမ်းနှစ်မျိုးပေါ်တိုင်း ပထမလမ်းမျိုးသည် သုသာန်တစ သချိုင်းဝသို့သွားရာ လမ်းဟူ၍လည်းကောင်း၊ မစင်ဘင်ပုတ်တို့ဖြင့် ပြည့်နှက်လျက်ရှိသောလမ်း ဟူ၍လည်းကောင်း မှတ်ထင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဖခင်ကိုမြင်သဖြင့် လက်နှစ်ဘက်ကို ယမ်းကာ ယမ်းကာဖြင့် ငိုကြွေးမြည်တမ်းလျက်ရှိသော သူ၏သားကြီးဩရသကို မျက်ရည်ဝဲလျက်ရှိသော မျက်လုံးများဖြင့် အတန်ကြာအောင် စိုက်ကြည့်ပြီးသော် 'ဟေ့ ဒွန်ဂျူးအန်၊ ငါ့သားကို ငါမွေးထားတာဟာ ငါ့အမျိုးနဲ့ တိုင်းပြည်ကို သစ္စာဖောက်ဖို့ မွေးထားတာ မဟုတ်ဘူး၊ အမျိုးရဲ့ရန်သူ တိုင်းပြည်ရဲ့ ဆူးငြောင့် သစ္စာဖောက် လူယုတ်မာတွေကို သုတ်သင်ရှင်းလင်းဖို့မွေးထားတာ၊ အဲဒီတော့ မင်းဟာ ငါ့သားကို သတ်လိုက်မယ်ဆိုရင် မင်းဟာ ကိုယ့်အမျိုးရဲ့ တံတွေးခွက်ထဲ ပက်လက်မျောမှာပဲ၊ ငါ့မှာတော့ ထူးလို့တောင် ဂုဏ်တက်ဦးမယ်၊ ငါ့သားမှာဆိုရင်လဲ မင်း ဒီလိုသတ်လိုက်တဲ့အတွက် လူတော့ သေပြီ၊ နာမည်တော့ သမိုင်းတွင်ရစ်မှာပဲ၊ အဲဒီတော့ ငါ့တိုင်းပြည်ကို သစ္စာဖောက်ပြီး ငါ လျှော့ပေးဖို့ဆိုတာတော့ မင်း မစဉ်းစားနှင့်တော့၊ ဟောဒီမှာ ကြည့်စမ်း၊ ငါ့သားကို သတ်ဖို့ မင်းမှာ မရှိရင်တောင် ငါ့ဓားကို ယူချင် ယူလိုက်ဦး' ဟု ပြောပြောဆိုဆိုနှင့် သူ့ခါးကြားထဲမှ ဓားကို ဒွန်ဂျူးအန်ထံသို့ ပစ်ပေးပြီးလျှင် မျက်နှာထား တစ်ချက်မျှ မပျက်ဘဲ သူ့ခံတပ်ထဲသို့ ဝင်၍သွားလေ၏။

မျှားမကြာမီ ကြောက်ခမန်းလိလိ ဆူသံပူသံ အော်ဟစ်သံများကို ကြားရသဖြင့် ခံတပ်ထဲမှ ထွက်၍ စုံစမ်းရာ ဒွန်ဂျူးအန်သည် ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီးလျှင် လူပုံအလယ်တွင် ဂပ်ဇမန်း၏သားကလေး လည်ချောင်းကို ရက်စက်ကြမ်းကြုတ်စွာ ဓားဖြင့် လှီးလျက်ရှိသောကြောင့် လူများ လန့်၍ အော်ကြကြောင်းကို ဂပ်ဇမန်း သိရှိရသဖြင့် 'အို၊ ငါ့မှာ ရန်သူတွေများ မြို့တွင်းစွတ်ဝင်လာကြပလားလို့' ဟု ကျေနပ်ရရပြောပြီးသော် သူ့ခံတပ်ထဲသို့ ပြန်ဝင်သွားလေ၏။

ဒွန်ဂျူးအန်လည်း သူ့သခင် မိုရော့ကို[၁၂] ဘုရင်အား မျက်နှာပြန်၍ မပြရဲတော့သဖြင့် အခြား ဘုရင်တစ်ပါးထံ ခစားရန် ထွက်ပြေးလေ၏။



ဘုရင်ကြီး ဆန်ချိုလည်း ဂပ်ဇမန်း၏ သတင်းကို ကြားရသောအခါ အလွန် အားရတော်မူလှသဖြင့် သူ့အနီးတွင်ရှိသော မှူးတော်မတ်တော်တို့အား 'အင်း၊ နှလုံးရည် တယ်ပြည့်ပေသကိုး၊ အတုယူကြစမ်း မောင်မင်း' ဟူ၍ မိန့်ကြားတော်မူဖူးလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ရိုးမြေကျ

(၁၃၈၈ ခုနှစ်)

ရောမလူမျိုးတို့ အလွန်လေးစားသော ရောမအမျိုးသမီးတစ်ဦးကား အဲရီယာ[၁] ဖြစ်လေသည်။ သူသည် ဆီဆင်းနားပီတပ်[၂] ၏ ဇနီးဖြစ်၏။ တစ်နေ့သ၌ ပီတပ်ကို ဘုရင်ဧကရာဇ်ကြီး ကလောဒီယပ်[၃] က သူ့ကိုယ်သူ သတ်၍ သေရန် အမိန့်တော်ချမှတ်လေ၏။ ပီတပ်သည် သူ့ကိုယ်သူ သတ်၍သေရန် တုန်တုန်ယင်ယင် ဖြစ်လျက်ရှိသောကြောင့် သူနှင့် ရိုးမြေကျပေါင်းပါမည်ဟု သန္နိဋ္ဌာန်ချထားသော သူ့ချစ်ဇနီး အဲရီယာသည် သူ့လက်ထဲမှ ဓားမြှောင်ကို ယူ၍ သူ့ရင်ညွန့်ကို တအား ထိုးစိုက်ပြီးလျှင် ရှိသမျှသော အားကလေးနှင့် သူ့ယောကျ်ားသို့ ဓားမြှောင်ကို ကမ်းလျက် 'ဒီလောက် မနာလှပါဘူး ပီတပ်ရယ်' ဟု ဆိုကာ သူ့ယောကျ်ားရှေ့တွင် သေပြဖူးလေ၏။

အဲရီယာကဲ့သို့ပင် နှလုံးရည် ပြည့်ဝသော အမျိုးသမီးတစ်ဦးလည်း ရှိသေး၏။ ထိုအမျိုးသမီးသည် ဂါးထရု[၄]ပင် ဖြစ်လေသည်။ ဂါးထရုသည် မြို့စားကြီး ဖွန်ဒါဝေါ[၅] ၏ ဇနီးဖြစ်သည်။ သူတို့၏အကျဉ်းချုပ်ကား ဤသို့တည်း။



၁၃၀၈ ခုနှစ်လောက်တွင် ဩစတြီးယားနိုင်ငံတော်ကြီး၏ ဘုရင်ဧကရာဇ်ကြီးမှာ ပထမ အဲလဗရစ်[၆] ဖြစ်သည်။ ထိုဘုရင်ဧကရာဇ်ကြီးတွင် ယိုးဟန်[၇] ဆိုသော တူတော်တစ်ယောက်ရှိသည်။ ထိုတူတော်မှာ ငယ်စဉ်တောင်ကျေး ကလေးကတည်းက မိဘနှစ်ပါး သေဆုံးသွားသဖြင့် မြို့စားကြီး ဝေါလတာ[၈]ဆိုသူက ကြီးပြင်းအောင် မွေးကျွေးလာခဲ့ရလေသည်။ အသက် ၁၉ နှစ်တွင် ယိုးဟန်သည် သူ၏ ဦးရီးတော် ဘုရင်ဧကရာဇ်ကြီးထံသို့သွား၍ သူနှင့်ဆိုင်ရာ အမွေအနှစ်တို့ကို တောင်းဆိုဖူးလေ၏။ ဧကရာဇ်ကြီးလည်း တူတော်မောင်၏ ဤသို့ တောင်းဆိုခြင်းကို ပြက်ရယ်ပြုကာ ငြင်းဆိုလိုက်၏။

ထို့ကြောင့် ယိုးဟန်ကို ကြည်ညိုကြကုန်သော မှူးကြီးမတ်ရာ သေနာပတိ အချို့သည် ဦးရီးတော်ကို ပုန်စားပုန်ကန်ပြုရန် ယိုးဟန်ကို မြှောက်ပင့်ပေးကြကုန်၏။ ထိုအချိန်သည်ကား ဩစတြီးယား လက်အောက်ခံဖြစ်သော ဆွစ်ဇာလန် တိုင်းပြည်ကလေးက ဩစတြီးယား ဘုရင်ခံတို့၏ နှိပ်စက်ညှဥ်းပန်းခြင်းကို မခံနိုင်လွန်းမက မခံနိုင်လွန်း၍ အားချင်းမမျှသော်လည်း ထ၍ ပုန်ကန်ကြသော အချိန်အခါလည်း ဖြစ်သည်။

ဧကရာဇ်ကြီး အဲလဗရစ်သည် သူပုန်များကို ကိုယ်တော်တိုင် နှိမ်နင်းရန် ချီတက်သွားရာ ထိုအလုံးအရင်းထဲတွင်လည်း တူတော်မောင် ယိုးဟန်ပါလာသည်။ ဗားဒင်[၉]အရပ်သို့ ရောက်သောအခါ ယိုးဟန်သည် သူ့အမွေကို ဆပ်၍ တောင်းပြန်၏။ ဧကရာဇ်ကြီးလည်း ရှေးကကဲ့သို့ပင် ပြက်ချော်ချော်ပြုသောအားဖြင့် အမွေမပေးဘဲ ပန်းခွေကလေး တစ်ခွေကိုသာ ယိုးဟန်၏ ဦးခေါင်းပေါ်သို့ တင်ပေးလိုက်၏။ ယိုးဟန်လည်း အလွန်ရှက်စနိုးရကားသည်းစွာ ငိုကြွေးလေ၏။

သို့နှင့်ပင် ခရီးဆက်၍ ထွက်ခဲ့ရာ ရှုးစမြစ်[၁၀] ကမ်းပါးသို့ ဧကရာဇ်ကြီးနှင့် စစ်သည်တော် အလုံးအရင်းတို့ ရောက်ကြလေ၏။ ထိုမြစ်ကို ကူးရန် လှေကလည်း တစ်စင်းသာ ရှိသောကြောင့် ရှေးဦးစွာ ဧကရာဇ်မင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် သူ့သက်တော်စောင့် တစ်ယောက်၊ ထို့ပြင် တူတော်မောင် ယိုးဟာန်နှင့် သူ့ဘက်တော်သား လေးယောက်တို့သည် ပထမဆုံး ကူးကြလေ၏။ တစ်ဘက်ကမ်းသို့ရောက်လတ်သော် ကေရာဇ်ကြီးသည် သူ့ရဲတိုက်ဆီသို့ တစ်ယောက်တည်း မြင်းစီး၍ ထွက်သွားရာ ယိုးဟာန်နှင့် သူ့အဖော်များလည်း မြင်းနှင့် အတင်းလိုက်ကြ၏။ မီသောအခါ ယိုးဟာန်၏ ဘက်တော်သား တစ်ယောက်က ကေရာဇ်ကြီး၏ မြင်းဇက်ကြိုးကို ဆွဲလိုက်စဉ်တွင် 'ခင်ဗျားကြီး ကျုပ်အဖေရဲ့ ပစ္စည်းတွေ မပေးဘူးလား' ဟု ပြောပြောဆိုဆိုနှင့် ယိုးဟာန်သည် ကေရာဇ်ကြီး၏လည်ပင်းကို ဓားနှင့် ထိုးလိုက်လေ၏။ သက်တော်စောင့်လည်း ခြေဦးတည့်ရာသို့ ထွက်ပြေးလေသည်။

မြို့စားကြီးဖွန်ဒါဝေါ့မှာ ယိုးဟာန်၏ ဘက်တော်သားတစ်ဦးဖြစ်သော်လည်း ကေရာဇ်ကြီး၏ အသက်ကို ဤကဲ့သို့ ရန်ရှာလိမ့်မည်ဟု ဘယ်နံရောအခါကမျှ မထင်စားခဲ့ဖူးပလေ။ ထို့ကြောင့် တူတော်မောင် ယိုးဟာန်က ကေရာဇ်ကြီးအား ဓားနှင့် ထိုးလိုက်သည်ကို မြင်သောအခါ ကြက်သေသေလျက်ရှိ၏။ သို့ရာတွင် အခြား ဘက်တော်သားနှစ်ယောက်မှာမူ ကေရာဇ်ကြီးကို ဝိုင်း၍ ခုတ်ကြ ထစ်ကြရာ ကေရာဇ်ကြီးသည် ထိုနေရာ၌ပင် သေလောက်သော ဒဏ်ရာနှင့် မြင်းပေါ်မှ ဦးစောက်ကျလေ၏။

မြစ်တစ်ဖက်ကမ်းတွင်ရှိသေးသော ကေရာဇ်မင်းကြီး၏ သားတော် လီအိုရီ[၁၁] နှင့် စစ်သည်တော်များသည် ဤအဖြစ်အပျက်ကို သူတို့နေရာမှ ကောင်းစွာ တွေ့မြင်ကြရသည်။ သူတို့လည်း မြစ်ကို အပြင်းဖြတ်ကူးလာကြသော်လည်း ကေရာဇ်ကြီး၏ အသက်ကိုပင် မမီလိုက်ကြချေ။ ယိုးဟာန်တို့ လူစုလည်း ခြေဦးတည့်ရာ ထွက်ပြေးကြသဖြင့် မမီလိုက်တော့ချေ။

သို့ရာတွင် များမကြာမီ မြို့စားကြီး ဖွန်ဒါဝေါ့ကို မိလေ၏။ သူ့အမှုကို စစ်သောအခါ ကေရာဇ်ကြီးကို လုပ်ကြံစဉ်က ထွက်၍ပြေးသော သက်တော်စောင့်က 'ဒီအသေကောင်ကြီးကို မြင်းပေါ်မှာ ဘာဖြစ်လို့ကြာရှည်



ထားနေကြသလဲ' ဟု မြို့စားကြီး ဖွန်ဒါဝေါ့က အော်ပြောသံကို ကြားရသည်ဟု မတရားသက်သေထွက်ဆို၏။ ဖွန်ဒါဝေါ့လည်း ကေရာဇ်ကြီးအား လုပ်ကြံရာတွင် သူမပါသည့်အကြောင်းနှင့် ထုချေပါသော်လည်း သက်တော်စောင့်၏ ထွက်ချက်တစ်ခုနှင့်ပင် လုံလောက်နေပြီဖြစ်ရကား အယူခံပင် မရတော့ချေ။

ထိုသို့ အယူခံမရသည့်မှာ အံ့ဩစရာမရှိချေ။ ကွယ်လွန်သူ ကေရာဇ်ကြီး၏ သားတော် သမီးတော်များသည် သူတို့၏ ဖခင်ကြီးအတွက် ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ရှိကြသည်။ ထိုသူတို့အနက် ဟန်းဂေရီ[၁၂] ဘုရင်၏ မိဖုရားကြီး အဂ္ဂနစ်[၁၃] က သာ၍ ကဲသေးသည်။ သူ့ဖခင်ကြီးအား သတ်သွားသောသူများကို မပြောထားနှင့် သက်ဆိုင်သူများကိုပင် တွေ့ရာသချိုင်း ဓားမဆိုင်းဟူသော သဘောမျိုးဖြင့် ဓားမိုးရှာလျက်ရှိသည်မှာ သွေးချောင်းစီးမျှ ရှိ၏။ တစ်ခါကလည်း ကြံရာတွင်ပါသော မြို့စားတစ်ဦး၏ ကလေးအရွယ် လူမမယ်ကလေးကို ဖမ်းပြီးလျှင် သူ့ကိုယ်တိုင် လည်ဖျစ်သတ်တော့မည့်ဆဲဆဲတွင် စစ်သားများက မြင်မကောင်း ကြားမကောင်းသဖြင့် ကလေးကို အတင်းလု၍ ပြေးရဖူးလေသည်။ ဤသို့ဖြစ်ရာ ဖွန်ဒါဝေါ့သည် မည်မျှ အပြစ်ကင်းသည်ဟု အာခြောက်အောင် ထုချေပါသော်လည်း လွတ်နိုင်ပါတော့မည်လော။

ထိုသမီးတော်၏ အမိန့်အရ ဖွန်ဒါဝေါ့ကို လှည်းဘီးတစ်ခုတွင် ချည်ပြီးလျှင် ထိုလှည်းဘီးကို တစ်ယောက်ကလှည့်ရင်း လက်မရွံ့သားတစ်ယောက်က ခြေရိုး လက်ရိုး ကျောရိုး အစရှိသည်တို့ကို ရိုက်၍ ချိုးရလေသည်။ ဤသို့ ချိုးပြီးသည့်နောက်မှ တိုင်ထိပ်တစ်ခုတွင်ရှိသော အခြားလှည်းဘီးတစ်ခုတွင် ချည်ထားသည်မှာ တဖြည်းဖြည်း အသေဆိုးသေရန် ဖြစ်သည်။

ဖွန်ဒါဝေါ့၏ ဇနီးသည်ကလေး ဂါးထရုသည် သူ့လင်တော်မောင်၏ အမှုကို စစ်ဆေးနေစဉ်ကလည်း အနီးတွင် အမြဲရှိသည်။ အမှုစစ်ပြီး၍ သေဒဏ် အပြစ်ပေးလိုက်သောအခါမှ ဘုရင်မကြီး၏ အမိန့်နှင့် ဂါးထရုကို

www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်တစ်ခုသို့ အတင်းခေါ်၍ သွားကြ၏။ ညဥ့်ဘက်သို့ရောက်သောအခါ ထိုရဲတိုက်ထဲမှ ဂါးထရသည် တိတ်တဆိတ်ထွက်ပြီးသော် သူ့လင်တော်မောင်ရှိရာသို့ သွား၏။ ဖွန်ဒါဝေါ့အား အစောင့်ချထားသော အစောင့်လည်း ဂါးထရလာသည်ကို မြင်သောအခါ သူ့နေရာမှ ထွက်ပြေးလေ၏။ ဂါးထရလည်း အနီးအနားရှိ တုံးများကို ခုပြီးလျှင် သူ့ယောကျ်ားအနီးသို့ကပ်၍ ပွေ့ဖက်ထား၏။ သူ့လင်တော်မောင်က ဘုရင်မကြီး သိသွား၍ ဂါးထရပါ ဒုက္ခရောက်သည်ကို တွေ့ရလျှင် သူ့အသည်းကွဲရပေလိမ့်မည်။ ထို့ကြောင့် ပြန်ပါဟု အကြိမ်ကြိမ် ပြောသော်လည်း 'ကိုကိုသေရင် ကျွန်မ နေလို့လဲ မထူးတော့ဘူး၊ အတူတူ သေကြရအောင် ကျွန်မ လာခဲ့တာပဲ' ဟု ပြော၍ ဇွတ်အတင်း နေလေ၏။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ ဂါးထရသည်တုံးများကို ဖယ်ရှားပြီးလျှင် သူ့လင်တော်မောင်ကို ချည်ထားသော တိုင်ခြေရင်းတွင် ဒူးထောက်လျက် 'တပည့်တော်မ၏ယောကျ်ားမှာ သေရရင်လဲ မြန်မြန်သေပါစေတော့၊ ဒီလို ဒုက္ခခံမနေပါစေနှင့်၊ တပည့်တော်မလဲ တပည့်တော်မရဲ့ ယောကျ်ားနဲ့အတူတူ လိုက်သေပါရစေတော့' ဟု အကြိမ်ကြိမ်ဆုတောင်း၍ နေလေ၏။ မြို့သူမြို့သားများလည်း ကရုဏာကြီးစွာဖြင့် ဝိုင်း၍ကြည့်နေကြသည်။

များမကြာမီ ကွယ်လွန်သူ ကေရာဓ်ကြီး၏သားတော် သမီးတော်များဖြစ်ကြသော လီးအိုပိုနှင့် အဂ္ဂနစ်တို့သည် ထိုနေရာသို့ မြင်းစီးလာကြရင်း ထိုသို့ ကရုဏာသက်နေသော ပရိသတ်ကို မြင်ကြရသောအခါ အလွန်အမျက်ထွက်ပြီးလျှင် ဂါးထရကို ထိုနေရာမှ အတင်းဆွဲထုတ်သွားစေ၏။ ဂါးထရလည်း ဒရွတ်တိုက်၍ ရုန်းရင်း ကန်ရင်းနှင့် လိုက်ပါသွားလေရာ အတော်ကလေးရောက်မှ အမတ်တစ်ယောက်၏ အသနားခံချက်ကြောင့် သူ့လင်တော်မောင် ထံပါးသို့ ပြန်လာခွင့်ရလေ၏။



ညဥ့်ဘက်တွင် ထိုနေရာသည် အလွန် အေးမြသဖြင့် ဂါးထရသည် သူ့လင်တော်မောင်ကို ပွေ့ပိုက်ရင်း တခိုက်ခိုက်တုန်နေလျက်ရှိရာ အစောင့်တစ်ယောက်က ကရုဏာသက်လှသဖြင့် သူ့စစ်အင်္ကျီရှည်ကြီးကို ထုတ်၍ပေးလေသည်။ ဂါးထရလည်း သူ မခြုံဘဲ ထိုအင်္ကျီဖြင့် သူ့ယောကျ်ားကို ခြုံပေးလေ၏။ ဂါးထရလည်း ထမင်းမှန်း ဟင်းမှန်းကိုပင် မသိတော့ချေ။ သူ့လင်တော်မောင်၏ အနားမှ တစ်ဖဝါးမျှ မခွာဘဲရှိ၏။

ဖွန်ဒါဝေါ့လည်း အစပထမက ဂါးထရကို နှင်ပစ်နိုင်သေးသော်လည်း ယခုကဲ့သို့ ဝေဒနာပြင်းစွာ ခံစားရလျက်ရှိစဉ် အနီး၌ ကပ်၍ ယုယပိုက်ထွေးအားပေးစကားများ ပြောကြားနေသည်ကို ကြားရသဖြင့် ဝေဒနာမှာ များစွာသက်သာရာရသောကြောင့် သူ့ချစ်ဇနီးကို ရှေးကကဲ့သို့ မနှင်နိုင်ရှာတော့ချေ။ ထိုတစ်ညဥ့်လွန်၍ နောက်တစ်နေ့ညနေသို့ ရောက်သောအခါ ဖွန်ဒါဝေါ့သည် မနေရတော့ပြီကို သိ၍လားမသိ။ သူ့ချစ်ဇနီးကို စကားပြောရန် ဟန်ပြင်လိုက်ရာ ဂါးထရလည်း ဖွန်ဒါဝေါ့၏ ပါးစပ်အနီးသို့ နားကပ်ပေးလိုက်၏။ ထိုအခါတွင်မှ 'ဂါးထရရယ်၊ ရိုးမြေကျ ပေါင်းတယ် ဆိုတာ ဒီလိုဟာမျိုး ဖြစ်မှာပဲနော်' ဟု လေသံသဲ့သဲ့ကလေးဖြင့် မပီတပီ ပြောကာ အသက်ထွက်သွားရှာလေတော့သတည်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်ရေးသို့
## (၁၃၉၇)

ဥရောပတိုက်တွင် အခြားအခြားနိုင်ငံများနှင့် ယှဉ်လိုက်လျှင် ဆွစ်ဇာလန်နိုင်ငံကလေးသည် ဝဲလိုင့်ကျွန်းနှင့် နယူးဇီလန်မြို့ပြဟု ဆိုပါလျှင် ကမ်းလမ်းပြည်ကလေးမှာ ဂယူမိုးကလည်း နိုင်ငံ၏ လူဦးရေမှာ ၄၁၀,၀၀ မျှသာ ရှိ၍ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၁၆,၀၀၀ မျှသာရှိရာ ဆွစ်ဇာလန်နိုင်ငံမှာ မြန်မာနိုင်ငံရှိ ခရိုင်တစ်ခရိုင်ထက် ပို၍ကြီးလှမည် မဟုတ်ချေ။

ဆွစ်ဇာလန်သည် ဥရောပတိုက်တွင် လက်တစ်ဆုပ် ဖက်တစ်ရွက် ပန်းတစ်ပွင့်လောက်သာရှိသဖြင့် ထိုတိုက်အတွင်းရှိ မည်သည့်နိုင်ငံကမဆို ကြေသွားအောင် ချေပစ်နိုင်လေသည်။ သို့ရာတွင် **လွတ်လပ်ရေးစစ်ပွဲသို့ဝင်သည်ဆိုသည်မှာ အားနည်းသည်ဆိုကာ အားမငယ်ပေ မာန်လျှော့နေ၍ မဖြစ်။ သေလျှင်လည်း မြေကြီး ရှင်လျှင်လည်း ရွှေထီး။ ကျွန်အဖြစ်နှင့် အသက်တစ်ရာ ရှည်ရခြင်းထက် လွတ်လပ်သော လူအဖြစ်ဖြင့် တစ်နေ့တစ်ရက် တစ်နံနက်မျှ နေရခြင်းက မြတ်သေးသည်ဟူသော ယုံကြည်ချက်**ဖြင့် တိုက်ပွဲသို့ဝင်ကြရမည်ဟု ယုံကြည်ကာ ဆွစ်ဇာလန်သား အာဇာနည်



များသည် သူတို့ကို အဓမ္မချုပ်ချယ်အုပ်စိုးလျက်ရှိသော ဩစတြီးယားနိုင်ငံ၏ အင်အားကို ကြည့်ပြီးလျှင် ကြောက်ရွံ့များ တုန်မနေကြပေ။

ထို့ကြောင့် ရိုးမြေကျ အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ၁၃၀၈ ခုနှစ်တွင် ဩစတြီးယားကို တစ်ကြိမ် ထ၍ချခဲ့ပြီးနောက် ဒုတိယတစ်ချီ ၁၃၉၇ ခုနှစ်တွင် တစ်ကြိမ်ထ၍ ချပြန်သည်။ ဤသို့ ထ၍ ချပြန်ရာတွင် သူတို့၏ တစ်ခုတည်းသောအားကိုးမှာ သူတို့လူမျိုး ညီညွတ်ရေးအင်အားပင်ဖြစ်သည်။

၁၃၉၇ ခုနှစ်တွင် လူတစ်ယောက်တည်းကဲ့သို့ စည်းလုံးမိသော ဆွစ်ဇာလန်သည် ရှေးအခါက အစိတ်စိတ် အမြွှာမြွှာ ကွဲပြားကြသည်မှာ မြန်မာနိုင်ငံထက်ပင် ဆိုးရွားခဲ့သေး၏။ ပြည်ကလေးမှာ ဆီးရွက်လောက်သာ ရှိသော်လည်း လူအမျိုးမျိုး စကားအမျိုးမျိုး ရှိကြသည်။ လူတစ်မျိုးနှင့် တစ်မျိုးမှာလည်း ထုံးစံဓလေ့ ဝါသနာ စရိုက် အဝတ်အစား စသည်တို့ ကွဲပြားခြားနားကြသည်။ သို့ရာတွင် အပြင်ရန်၏ ပယောဂကြောင့် ထိုနိုင်ငံသားကလေးများသည် ကွဲပြားခြားနားခြင်း၏ အဝဝကို ဖျောက်ဖျက်ပစ်လိုက်ကြပြီးသော် လူတစ်မျိုးတည်း တစ်နိုင်ငံတည်း ဖြစ်လာကြသည်။ နိုင်ရာစား အဓမ္မလောကကြီးတွင် ကိုယ့်အမျိုးမပျောက်ပျက်ချင်သောလူမျိုးများသည် ဤသို့ နိုင်ငံရေး သံဝေဂ အရမြန်သည်မှာ ဓမ္မတာပင်ဖြစ်တော့၏။

ဒုတိယအကြိမ် ထ၍ ချလိုက်သည်နှင့်တစ်ပြိုင်နက် ဆွစ်မြို့တစ်မြို့ဖြစ်သော လူးဇန်း[၁] ၏ မြို့သူမြို့သားတို့သည် ထိုမြို့ရှိ ဩစတြီးယားအစိုးရ၏ ရဲတိုက်ကြီးကို ရှေးဦးစွာ အပိုင်စီးလိုက်ကြလေ၏။ လူးဇန်းမှစ၍ ချပြီးနောက် ဇူးရစ်[၂] ဇင်းပက်[၃] ရိုးချင်ဆီး[၄] အစရှိသော မြို့များမှ ခေါင်းဆောင်၍ ဆွစ်တစ်နိုင်ငံလုံး အုံကြွလေတော့သည်။

ထိုအခါက ဩစတြီးယား၏ဘုရင်မှာ လီးအိုပို ဖြစ်သည်။ ဆွစ်ဇာလန်က ထ၍ ပုန်ကန်သည်နှင့် တစ်ပြိုင်နက် သူ့မဟာမိတ်များကလည်း ဤမျှ သက်တစ်ဆုပ်လောက်ရှိသော အမျိုးယုတ် အမျိုးညံ့များက ဩစတြီးယား

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့သော သူတို့၏ မဟာမိတ်ကြီးကို ဤသို့ အံ့တုဖက်ပြိုင်ရမည်လားဟု ပြစ်တင် ရှုံ့မှုန်းသောသဘောဖြင့် ဩစတြီးယားဘက်က ဝင်ရောက်တိုက်ခိုက်ကြ၏။

ဘုရင်လီးအိုပိုသည် သူ့ဗိုလ်ချုပ် ယိုးဟန် ဖွန် ဗွန်စတက်တင်[၁]အား နူးရစ်မြို့ဘက်သို့ ချီစေ၍ သူကိုယ်တိုင်မှာ မြင်းသည်လေးထောင် ခြေသည် တစ်ထောင့်လေးရာဖြင့် ဇင်းပက်မြို့ဆီသို့ အပြင်းချီတက်လာ၏။ နူးရစ်မြို့က အပြင်ပမှ အကူအညီကိုမလိုဘဲ သူတစ်ဦးတည်း ခုခံတိုက်ခိုက်နိုင်သည် ဆိုသဖြင့် ဆွစ်မျိုးချစ်တို့သည် ရှိသမျှလက်နက်တို့ကို ကိုင်စွဲကာ ဇင်းပက်နှင့် လူးဇန်းမြို့ဆီသို့ စစ်ကူသွားကြပြီးသော် ထိုမြို့များ၏ ဆင်ခြေဖုံးအရပ်ရှိ တောအုပ်ကြီးအတွင်း၌ တပ်စခန်းချနေကြလေ၏။

သို့ရာတွင် လီးအိုပို၏ စစ်သားများနှင့် ယှဉ်လိုက်လျှင် ဆွစ်မျိုးချစ်များမှာ အားချင်း မမျှကြချေ။ အဘယ့်ကြောင့်ဆိုသော် လီးအိုပိုတွင် ဇင်းပက်တစ်မြို့တည်းသို့ လီးအိုပိုနှင့် ချီတက်လာသော အလုံးအရင်းတွင် မြင်းသည်လေးထောင်နှင့် ခြေသည်တစ်ထောင့်လေးရာ ပါဝင်၍ ဆွစ်မျိုးချစ်များ၏အင်အားမှာ ဇင်းပက်နှင့် လူးဇန်း နှစ်မြို့ပေါင်းမှ ခြေသည် တစ်ထောင့်သုံးရာမျှသာရှိသောကြောင့်တည်း။

လက်နက်ချင်း ယှဉ်လိုက်ပြန်လျှင်လည်း လီးအိုပို၏စစ်သားများတွင် ထိုအခါက အသုံးပြုလျက်ရှိသော စစ်လက်နက် အပြည့်အစုံပါ၍ ဆွစ်မျိုးချစ်များ အဖို့မူကား ရှာ၍တွေ့သမျှသော ဝါးချွန်ကလေးအစ၊ ပေါက်တူးကလေးအစ ဆောင်းဓားကလေးအစ အိမ်သုံးလက်နက်များလောက်သာပါလေသည်။ ထိုလက်နက် ကလေးများလောက်ပင် လူတိုင်းစေ့ မရှာနိုင်သဖြင့် အချို့မှာ ရရာအုတ်ခဲများကို ဆုပ်ကိုင်ကာ ထွက်ကြရသည်။

ဇင်းပက်မြို့သူမြို့သားများလည်း သူတို့၏ မြို့ရိုးတံခါးကို ပိတ်ပြီးသော် မြို့တွင်းက ကြံ့ကြံ့ခံလျက်ရှိကြ၏။ ထိုအတွင်း လီးအိုပို၏ စစ်သားများသည်



မြို့ရိုးကိုပတ်၍ မြို့တွင်းရှိ မြို့သူမြို့သားများအား အပြင်သို့ မထွက် ထွက်အောင် ရန်စသည့်အနေနှင့် ဆဲရေး ကြိမ်းမောင်းခြောက်လှန့်လျက်ရှိ၏။

မည်ကဲ့သို့ ပရိယာယ်ဝေဝုစ်များကို သုံးစေကာမူ မြို့သူမြို့သားများလည်း အလိမ်မခံကြဘဲ မြို့တွင်းမှ ခံမြဲခံလျက် ရှိကြ၏။ ထို့ကြောင့် ဘုရင် လီးအိုပိုလည်း စိတ်အလွန်တိုလျက် တလှုပ်လှုပ်တရွရွ နေမထိ ထိုင်မထိ ဖြစ်လျက်ရှိသဖြင့် မြို့ကို ချန်ထားပြီးသော် ဆင်ခြေဖုံးတောထဲရှိ ဆွစ်မျိုးချစ်များကို အတင်းဝင်တိုက်ရန် ပြင်ဆင်လေ၏။ သူ၏ မှူးကြီး မတ်ကြီးများကမူ နူးရစ်မြို့ဘက်သို့ စေလွှတ်လိုက်သော ဗိုလ်ချုပ်ကြီးယိုးဟန် ဖွန် ဗွန်စတက်တင်နှင့် သူ့စစ်တပ်များရောက်လာမှ တပ် နှစ်တပ်ပေါင်းပြီးလျှင် တိုက်ရန် လျှောက်ထားသော်လည်း ဘုရင်လီးအိုပိုသည် ထိုသူတို့၏ လျှောက်တင်ချက်ကို လက်မခံချေ။ အမတ်ကြီးတစ်ဦးကိုမူကား 'ခင်ဗျားရဲ့ အသည်းဟာ ယုန်ရဲ့ အသည်းလောက်ပဲရှိတာယ်၊ ဒီလို လက်တစ်ဆုပ်လောက် ရှိတဲ့ အကောင်တွေကို တိုက်ဖို့ဟာ ဗွန်စတက်တင်ရဲ့တပ်ကို စောင့်နေရတယ် ဆိုရင် ရာဇဝင်ရိုင်းမှာပေါ့၊ ခင်ဗျားကြီး ကြောက်ရင် နေရစ်ခဲ့၊ ကျုပ် တိုက်မယ်၊ အားလုံး တပ်တွေပြင်လိုက်' ဟူ၍ ဘုရင်လီးအိုပိုသည် မထေမဲ့မြင် ပြောလိုက်ချေသေး၏။

လီးအိုပို၏တပ်များ ချီတက်လာသည်ကိုမြင်သောအခါ ဆွစ်အာဇာနည်တို့သည် ဝက်ခေါင်းထိုးသဏ္ဌာန် စီတန်းကြပြီးလျှင် လီးအိုပို၏ တပ်များ၏ အလယ်ကို ထွင်း၍ တိုက်ကြရန် အသင့်စောင့်လျက်ရှိကြ၏။ သို့သော် အလုံးအရင်း အင်အားချင်းလည်း မမျှ၊ လက်နက်အင်အားချင်းလည်းမမျှသဖြင့် စတိုက်၍ တစ်ခဏအတွင်း၌ပင်လျှင် လူးဇန်းမြို့ဘက်မှ ခေါင်းဆောင်နှင့်တကွ အာဇာနည်ခြောက်ဆယ်တို့ တိုက်ပွဲတွင် ကျလေ၏။ လီးအိုပို ဘက်ကမူကား တစ်ယောက်တလေမျှ မကျသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှမကသေး။ လီးအိုပို၏တပ်များသည် ဆွစ်အာဇာနည်များကို ဝိုင်းမိရန် ကင်းမလက်မဆိုင်သဏ္ဌာန် ချီတက်လျက်ရှိသည်ကို ဆွစ်အာဇာနည်တို့သည် တွေ့ရ၏။ ဤသို့ ဝိုင်းမိသွားလျှင် ဆွစ်အာဇာနည်အားလုံးတို့မှာ အဖြစ်အပျက်ကို ပြန်ပြောနိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမကျန်အောင် သုတ်သင်ခြင်းခံရပေတော့မည်။ ဆွစ်အာဇာနည်များသည် သတ္တိခဲများ ဖြစ်ကြသည်ဆိုသော်လည်း ဖြုန်းခနဲ ဖြစ်ပေါ်လာသော ကိစ္စတွင် ဘာလုပ်ရမည်မှန်းမသိဘဲ အတော်ကြာကြာ ပြာလောင်ခတ်သွား၏။

ထိုအခါမှ ထိုကဲ့သို့ ဆိုးရွားနေသော အခြေအနေကို ကယ်တင်ရန် လမ်းမှာ တစ်လမ်းတည်းသာ ရှိတော့သည်ကို အာဇာနည် အားနီး[၆] သည် ပြေး၍ မြင်၏။ ထိုလမ်းမှာလည်း အခြားမဟုတ်။ ဝိုင်းလာသော လီးအိုပို၏ တပ်များကို အသေခံ၍ ဖောက်ထွက်ရန်ပင် ဖြစ်လေသည်။ ထို့ကြောင့် အချိန်ကုန်မခံဘဲ ‘ကဲဟေ့၊ ငါ့အိမ်မှာ မယားတစ်ယောက်နဲ့ ကလေးတစ်ယောက် ကျန်ရစ်တယ်၊ အဲဒါကိုသာ မင်းတို့ ကြည့်လိုက်ကြပေတော့၊ ငါ အသေခံပြီး တိုက်လိုက်ရင် တို့ဘက်က နိုင်ဖို့ရှိသေးတယ်’ ဟု ပြောပြောဆိုဆို လီးအိုပို၏တပ်ထဲသို့ တရကြမ်း ဝင်၍ ခုတ်လေ၏။ လီးအိုပို၏ တပ်သားများလည်း အသက်စွန့်၍ ဝင်လာသော အားနီးနှင့် ရင်မဆိုင်ဝံ့သဖြင့် ဖရိုဖရဲ ကွဲ၍ ပြေးကြ၏။ ဤတွင်မှ စိတ်အနည်းငယ် လျော့ပါးနေသော ဆွစ်မျိုးချစ်များသည် အားသစ်လောင်းကာ ဖွဲနပဲဖြင့် အတင်းဝင်ရောက်ခုတ်ထစ်ကြရာ လီးအိုပို၏အလုံးအရင်းတို့သည် ပြိုဆင်းလျက် တပ်လန်၍ ပြေးလေ၏။

ဤစစ်ပွဲတွင် အာဇာနည်အားနီးသည် ရင်တွင် လှံချက် လေးချက်၊ နံဘေးတွင် လှံချက်ခြောက်ချက် ထိပြီး၍ လုံးလုံးလျားလျားကို မလှုပ်နိုင်တော့မှ စိတ်လျှော့ကာ ကျဆုံးလေသည်။ လီးအိုပို၏ဘက်ကမူကား စစ်သား



နှစ်ထောင်ခန့် ကျဆုံးသွားကြရာ ထိုအထဲတွင် ဘုရင်လီးအိုပိုနှင့် တပ်ဗိုလ်တပ်မှူး မြို့စား ရွာစား မှူးကြီးမတ်ရာ သေနာပတိပေါင်း ခုနစ်ရာ နီးပါးပါသွားကြသည်။

ထိုအချိန်မှစ၍ ဆွစ်အာဇာနည်တို့၏ သွေးနှင့် သတ္တိကြောင့် ဆီးရှက်ခန့်မျှရှိသော ဆွစ်ဇာလန်နိုင်ငံကလေးသည် ယခုအချိန်သို့တိုင်အောင် နှစ်ပေါင်း ငါးရာကျော်မျှ လွတ်လပ်သော နိုင်ငံအဖြစ်ဖြင့် တည်မြဲလျက်ရှိ၏။

ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်သော်လည်း ပင်လယ်ကြီးကို ကူးနိုင်သည်မှာ အာဇာနည် သွေးနှင့် သတ္တိတို့ကြောင့်ပင် ဖြစ်လေသတည်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## တာဝန်ကျေသူ

(၁၄၃၅ ခုနှစ်)

BURMESE CLASSIC .com

ထိုခေတ် ထိုအချိန်အခါများက အင်္ဂလန်နိုင်ငံသမိုင်းသည် ယခု အချိန်အခါမျိုးကဲ့သို့ ပြောင်လက်ခြင်း မရှိလှသေးပေ။ ထီးမွေနန်းမွေကို လုကြသည့် အရေးကိစ္စနှင့် စပ်လျဉ်း၍ စကော့လူမျိုး[၁] များနှင့် အင်္ဂလိပ်လူမျိုး[၂] များသည် တစ်ယောက်လည်ကို တစ်ယောက်ဖြတ်ကာ သွေးချောင်းစီးလောက်အောင် ရန်ငြိုးကြီးလျက် ရှိကြလေသည်။

စကော့လူမျိုးများသည် အမြင့်ပိုင်းသားများ ဖြစ်ကြသည်။ တောတောင်များနှင့် နီးကပ်စွာ နေကြရသဖြင့် သူတို့တွင် တိုက်ခိုက် လုယက်လိုစိတ်၊ စစ်မက် ဖြစ်ပွားလိုစိတ် များစွာရှိသည်။ သူတို့သည် အနိမ့်ပိုင်းဖြစ်သော အင်္ဂလန်သို့ ကူးလာပြီးလျှင် ရွာများကို ဖျက်၊ မြို့များကို စီး၊ ပစ္စည်းများကို လု၊ လူများကို သတ်၊ ကျွဲနွားများကို ဆွဲပြီးမှ ပြန်ကြလေသည်။ ဤသို့ လုပ်ဖန်များလတ်သဖြင့် မြေနိမ့်ပိုင်းမှ အင်္ဂလိပ်များကလည်း ကလဲ့စားပြန်ချေကြရင်း အပြန်အလှန် တိုက်ပွဲများ ဖြစ်ကြသည်။



အချိန်ကြာညောင်းသော် ဤသို့ လုယက်တိုက်ခိုက်ရခြင်းတို့မှာ အရချောင်ကြသဖြင့် ရန်ငြိုးချေသည့် သဘောမျိုးနှင့် မဟုတ်တော့ဘဲ နှစ်ဘက်စလုံးတွင် လက်နက်ရှိသူတိုင်း စီးပွားဖြစ်သဘောမျိုးနှင့် တိုက်ခိုက်လုယက်နေကြ၏။ လူတို့သည် လောဘသားများဖြစ်ကြရာ အင်္ဂလိပ်လူမျိုးနှင့် စကော့လူမျိုးတို့မှသာ ဝကွက်၍ ကျန်နေမည် မဟုတ်ပေ။ ထို့ကြောင့် ဤသို့ စီးပွားဖြစ် လုယက်ပွဲများတွင် လူကြီး လူကောင်း မှူးမတ်သေနာပတိဖြစ်သူများပင်လျှင် ခေါင်းဆောင်၍ တိုက်ကြ၏။

ယခု အတ္ထုပ္ပတ္တိဖြစ်ပွားသောအချိန်တွင် စကော့တလန်ပြည်၏ ဘုရင်ပထမ ဂျိမ်း[၃] ဖြစ်သည်။ ဘုရင်မင်းမြတ်ကြီးသည် တိုင်းပြည်တစ်ခုလုံးတွင် အကွပ်မရှိသည့်ကြမ်းကဲ့သို့ ပရမ်းပတာဖြစ်နေသည်ကို မရှုစိမ့်နိုင်။ သို့အတွက် သူ၏ နိုင်ငံတော်သူ နိုင်ငံတော်သားများ၏ ဝပြောစည်ပင်မှုကို ရှုရှုလျက် ငြိမ်ဝပ်ပိပြားရေးကို အပတ်တကုပ် ကြိုးစားအားထုတ်တော်မူရှာသည်။ ဤသို့ ပြုလုပ်တော်မူသည်ကို တရားမဲ့ ရမ်းကားနေသော မှူးကြီးမတ်ရာ သေနာပတိတို့က အနည်းငယ်မျှ မကျေနပ်ကြချေ။ ဘုရင်မင်းမြတ်ကြီးကလည်း မင်းကျင့်တရားဆယ်ပါးနှင့် ပြည့်စုံစွာ ကျင့်တော်မူသည်ဖြစ်ရကား ဆူကြုံနိမ့်မြင့် မျက်နှာမရွေး တရားအတိုင်း နှိပ်ကွပ်တော်မူလေသည်။

သို့ရာတွင် အလွန် ဟော့ရမ်း ဆိုးသွမ်းနေသည့် မှူးမတ်များထဲတွင် ဘုရင်မင်းမြတ်ကြီး၏ ဦးရီးတော်များ၊ ညီတော် နောင်တော်များသည် အကဲဆုံး ဖြစ်ခဲ့သည်။ သို့အတွက် တစ်ခါသောအခါ ရာထူးအားကိုး ပစ္စည်းအားကိုးနှင့် ဆိုးချင်တိုင်း ဆိုး၍နေသော သူ၏ ဦးရီးတော်မြို့စားကြီး၏ ပစ္စည်းများကို မင်းဘဏ္ဍာအဖြစ် သိမ်းပိုက်လေ၏။ ဤသို့ သိမ်းလိုက်ခြင်းကြောင့် ဦးရီးတော်၏ အင်အားမှာ ချည့်နဲ့သွားပြီးလျှင် သူ ညှဉ်းဆဲလျက်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသူ ဆင်းရဲသားများ ချမ်းသာသွားလိမ့်မည်ဟူ၍ ဘုရင်မင်းမြတ်ကြီးသည် သဘောတော်ရလေသည်။ သို့ရာတွင် ဤသို့လုပ်ခြင်းသည် မကြာမီ သူ၏အသက်ကို ရန်ရှာသည်အထိ ကြီးကျယ်လာသော အကြောင်းတစ်ရပ် ဖြစ်လိမ့်မည်ဟုကား ဘုရင်မင်းမြတ်ကြီးသည် မရိပ်မိရှာပေ။

ပစ္စည်းအသိမ်းခံရသော မြို့စားကြီး၏ညီ ဆာ ရောဗတ် ဂရေးဟမ်[၅] သည် များစွာ မကျေမနပ်ဖြစ်ပြီးလျှင် တောပုန်း၍ ဘုရင်ကို ခြားနားရန် အားထုတ်၏။ တရားလက်လွတ် ဟောရမ်း ဆိုးသွမ်းခြင်း မလုပ်ရသဖြင့် ရှင်ဘုရင်အား မကျေမနပ် ဖြစ်နေကြသော မှူးကြီးမတ်ကြီးများ၊ ဘုရင့် ဆွေတော်မျိုးတော်များလည်း တောပုန်း ဂရေးဟမ်နှင့် သွား၍ ပေါင်းကြ၏။ သူတို့၏ ရည်ရွယ်ချက်မှာ ဘုရင်ကို ဖြုတ်ချနိုင်လျှင်လည်း ဖြုတ်ချ၊ မဖြုတ်ချနိုင်သေးလျှင်လည်း သူတို့ သဘောကျ လုယက် တိုက်ခိုက်ရလျှင်ပြီးရော ဟူသော ရည်ရွယ်ချက်ပင် ဖြစ်သည်။

ကံဇာတာများ ညံ့နေ၍လား မသိ။ ဘုရင်မင်းမြတ်ကြီးလည်း ဤသို့ သူ့အား လုပ်ကြံရန် စီစဉ်နေသည့်အချိန်တွင်မှ ဘီလူးရှေ့ ဒူးထောက်လျက်လဲ ဆိုသကဲ့သို့ ထိုသူပုန်များရှိရာသို့ တိုင်းခန်းလှည့်လည်ရန် ထွက်မိလျက်သား ဖြစ်လေသည်။

ဘုရင်မင်းမြတ်ကြီးနှင့် နောက်လိုက် နောက်ပါတို့လည်း ပတ်[၆]မြို့ ခရစ်ယာန်ဘုန်းကြီးကျောင်းအတွင်းရှိ ရဲတိုက်ကြီးတွင် တည်းခိုလျက်ရှိကြသည်။ ထိုအခါက စကော့တလန်[၈] ပြည်တွင်းရေး အခြေအနေမှာ များစွာ လှုပ်လှုပ်ရှားရှား ဖြစ်နေသဖြင့် ရဲတိုက်များကို ဘုန်းကြီးကျောင်းဝင်း အတွင်းတို့၌ သက်သာလို သက်သာငြား တည်ဆောက်ထားလေ့ရှိကြသည်။

သူပုန်များ၏ ချိန်းထားသောရက်မှာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ည ဖြစ်၍ ထိုညတွင် ဘုရင်မင်းမြတ်ကြီးလည်း သူ့အခြွေအရံများနှင့် စားသောက်



ပျော်ပါးပြီးလျှင် စက်တော်ခေါ်တော့မည့်ဆဲဆဲ ဖြစ်သည်။ လုပ်ကြံမည့်သူများလည်း ဘုရင့် ဆွေတော်မျိုးတော်ဖြစ်သော အိပ်ဖန်စောင့် ဆာရောဗတ် စတူးဝပ်[၇] နှင့် အတွင်းကြိတ် ကြိတ်၍ ကြံကြပြီးသော် ရဲတိုက်တံခါးများ၏ မင်းတုတ်များကို ဖြုတ်ထားကြသည်။ ထိုအတောအတွင်း လုပ်ကြံမည့်သူများ ထဲမှ လူတစ်ယောက်သည် မည်ကဲ့သို့ စိတ်လည်လာ၍ မသိ။ ဘုရင်မင်းကြီး အား သူတို့၏ အကြံကို သံတော်ဦးတင်ရန် ရဲတိုက်တစ်နေရာတွင် ရပ်၍ ဘုရင်မင်းမြတ်ကြီးနှင့်တွေ့ရန် အခွင့်ကို စောင့်စားလျက်ရှိလေသည်။ အမေအိုကြီးတစ်ယောက်ကလည်း ရဲတိုက်တံခါးမကြီးတွင်ရပ်၍ ဘုရင်ကြီး ကို ခဏကလေးဖြစ်ဖြစ် ဖူးတွေ့ပါရစေဟု အမျိုးမျိုး တောင်းပန်သဖြင့် မင်းလုလင်များက ဘုရင်ကြီးကိုပင် လျှောက်ထားကြသေးသည်။ သို့သော် သည်း နောက်တစ်နေ့မှ လာခဲ့ဟု အမိန့်တော်မှတ်လိုက်သဖြင့် ပြန်သွားရရှာ သည်။ ထိုနေ့ညကသာ ခွင့်ရလျှင် လုပ်ကြံမည့်သူများ၏ အကြံကို ဘုရင်ကြီး သိအောင် ဖွင့်၍ လျှောက်မည်ကား မလွဲပေ။

ထိုသို့ အမိန့်ချပြီး၍ များမကြာမီ လုပ်ကြံမည့်သူများသည် လက်နက် များ စွဲကိုင်လျက် ရဲတိုက်အတွင်းသို့ ဗွတ်အတင်းဝင်လာကြတော့၏။ ထိုအချိန်အခါတွင် ဘုရင်ကြီးသည် စက်တော်ခေါ်ခါနီး မိဖုရားကြီးနှင့်တကွ မိဖုရားကြီး၏ ရုံရွှေတော်များကို နှုတ်ခွန်းဆက်သနေခိုက် ဖြစ်သည်။ ထို့ကြောင့် လုပ်ကြံမည့်သူများ၏ အသံကို ကြားကြသည်နှင့်တစ်ပြိုင်နက် ရုံရွှေတော်များသည် တံခါးများကို အတင်းပြေး၍ ပိတ်ကြလေ၏။ သို့ရာတွင် တံခါးများတွင် မင်းတုတ်များ မရှိကြတော့ပြီ။

ဘုရင်ကြီးလည်း သူ့ကိုလုပ်ကြံရန် လာကြသည်ဟု သိသဖြင့် ပြတင်း ပေါက်မှ ခုန်ထွက်ပြေးရန် ကြံသေးသည်။ သို့ရာတွင် အသားထဲကလေးအထိ ရောက်ပြီးဖြစ်၍ ပြတင်းပေါက်ရှိ သံတိုင်များမှာ အခိုင်အလုံ စိုက်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မပြေးသာတော့ချေ။ ထိုအခါတွင်မှ ဘုရင်ကြီးသည် သံကလော်တစ်ချောင်းကို ယူပြီးသော် ကြမ်းပြင်ကိုခွာလေသည်။ ထို့နောက် ကြမ်းပေါက်မှ အောက်သို့ ခုန်ချပြီးသော် ကပ်လျက်ရှိသော ပန်းခြံထဲမှ ထွက်ပြေးရန် ဖြစ်သည်။ သူကလည်း ခုန်၍အချ လုပ်ကြံမည့်သူများလည်း အခန်းဆီသို့ ဦးတိုက်၍ ဝင်လာကြသည်ကို ရဲရွေတော်များ မြင်ကြရ၏။

ထိုအခါ ကက်သရင်းဒေါက်ဂလပ်® ဆိုသော ရဲရွေတော်တစ်ဦးသည် ဘုရင်ကြီးအား ထွက်၍ပြေးနိုင်ရန် အချိန်ကလေးမှ ရပါစေတော့ဟူသော သဘောနှင့် တံခါးကို အလျင်အမြန်ပိတ်လိုက်ပြီးသော် သူ့လက်ကို မင်းတုတ်သဖွယ် သုံးလိုက်လေ၏။ သို့ရာတွင် စွန့်ရဲသူ ကက်သရင်း၏ သတ္တိသည် သံမဏိကဲ့သို့ မာသော်လည်း သူ့လက်မောင်းမှာမူ မမာနိုင်သောကြောင့် အပြင်ကလူများ တအား ဆောင့်၍ တွန်းလိုက်ရာ ပိုင်းပိုင်း ကျိုးသွား၏။ ကက်သရင်းလည်း မေ့မြောပြီးနောက် နံဘေးသို့ ပုံလျက်သား ကျသွား၏။

မိဖုရားကြီးလည်း အတော် သတ္တိကောင်းပါပေသည်။ သူသည် ဘယ်ကိုမျှ မပြေးဘဲ အခန်း၏အလယ်တွင် မားမားရပ်လျက်ရှိရာ အချို့လူဆိုးတစ်စုက ရိုက်နှက် ထိုးကြိတ်ကြသေးသဖြင့် ဒဏ်ရာပင် အတော်ရသွားခဲ့သည်။ လုပ်ကြံမည့်သူများသည် ဘုရင်ကို အခန်းတွင်း၌ ရှာမတွေ့သဖြင့် ဆဲရေး ကြိမ်းမောင်းပြီးလျှင် အပြင်သို့ ထွက်သွားကြ၏။ မိဖုရားကြီးနှင့် ရဲရွေတော်များကလည်း အောက်အပေါက်မှနေ၍ ဘုရင်ကြီး လွတ်သွားပေပြီဟု စိတ်ကျနေစဉ် အောက်မှ ဘုရင်ကြီး၏အော်သံကို ကြားကြရ၏။

ဘုရင်ကြီးလည်း အောက်ထပ်မှနေ၍ အပြင်သို့ မထွက်နိုင်။ အဘယ့်ကြောင့်ဆိုသော် ထိုအောက်ထပ်သို့ တင်းနစ်ဘောလုံးများ မကြာခဏကျရောက် ပျောက်ပျက်သွားကြသောကြောင့် တင်းနစ်ဘောလုံးများ မဝင်နိုင်ရန် များမကြာမီကလေးကမှ ဘုရင်ကြီးကိုယ်တိုင် အုတ်တံတိုင်းတစ်ခု



ကာထားစေသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ထွက်မပြေးသာတော့ဘဲ ရဲရွေတော်တို့၏ အကူအညီဖြင့် အပေါ်သို့ ပြန်တက်ခဲ့ရလေသည်။ လုပ်ကြံမည့်သူများလည်း အခန်းပြင်ဘက်မှ ချောင်းမြောင်း နားထောင်နေကြသဖြင့် ဘုရင်ကြီး၏ အသံကို ကြားကြသောအခါ အခန်းတွင်းသို့ ပြန်ဝင်လာပြီးလျှင် ရက်စက်စွာ အဆုံးစီရင်ပစ်လိုက်ကြလေသတည်း။

\+ \+ \+

ကက်သရင်း ဒေါက်ဂလပ် ကဲ့သို့ပင် ကိုယ့်သခင် ကိုယ့်အရှင်ပေါ်တွင် သစ္စာရှိသော သူများလည်း ၁၇၈၉ ခုနှစ်တွင် ကမ္ဘာတုန်သွားစေသော ပြင်သစ်အရေးတော်ပုံကြီးအတွင်းက ပေါ်ပေါက်ခဲ့ဖူးသည်။

ထိုနှစ် မတိုင်မီကပင် မင်းအဆက်ဆက်နှင့် မင်းမြှောင်စိုးကပ်တို့သည် တိုင်းသူပြည်သား လူအများတို့ကို မထေမဲ့မြင် ထင်သလိုကျင့် ညှဉ်းပန်းနှိပ်စက်ချင်တိုင်း နှိပ်စက်ခဲ့သောကြောင့် မင်းစိုးရာဇာတို့၏အပေါ်တွင် ထားရှိသော နိုင်ငံသူ နိုင်ငံသားတို့၏ ရန်ငြိုးသည် အလွန် ပြင်းထန်စွာ ပေါက်ကွဲစေတတ်သော ယမ်းအိုးကြီးနှင့် တူနေတော့၏။ ၁၇၈၉ ခုနှစ်သို့ ရောက်သောအခါ မီးပွားကလေးတစ်ခု ကျသည်နှင့် တစ်ပြိုင်နက် ကမ္ဘာတစ်ခုလုံး တုန်လှုပ်ချောက်ခြားသွားလောက်အောင် ယမ်းအိုးကြီး ပေါက်ကွဲသွားခြင်း ဖြစ်သည်။

နိုင်ငံသူ နိုင်ငံသားတို့၏ အနှစ်နှစ်အလလက အောင့်ထားခဲ့ရသော ဒေါသမီးကြီးသည် ပေါက်လွှတ် ဗလဖွာ ကန်ကျိုး၍ လာသလို တစ်နိုင်ငံလုံးကို ဖုံးလွှမ်း၍ သွားလေသည်။ သူတို့သည် ရှေးဦးစွာ အခြားကိစ္စများကို မလုပ်နိုင်သေးဘဲ မင်းမိဖုရားနှင့်တကွ နိုင်ငံသူ နိုင်ငံသားများကို ညှဉ်းပန်း

www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ခဲ့ဖူးသော မှူးကြီးမတ်ရာ သေနာပတိ အရာရှိအရာခံတို့နှင့်တကွ ထိုသူတို့၏ သားသမီးများကို တစ်ယောက်မကျန် လိုက်လံ သတ်ဖြတ်နေကြသည်မှာ သွေးချောင်းစီးလုမတတ် ရှိ၏။

တစ်နေ့သ၌ ဘုရင်ကြီးနှင့် မိဖုရားတို့ကို ဖမ်းဆီးသတ်ဖြတ်ရန် နန်းတော်ကြီးသို့ သူပုန်များသည် တရကြမ်း ချီတက်လာ၏။ အချိန်သည်ကား နံနက် လေးနာရီခွဲခန့် ရှိလေပြီ။ ဆူဆူညံညံသံများ၊ အော်ဟစ်ကြသံများ၊ သေနတ်သံများကြောင့် မိဖုရားကြီးနှင့် သူ့ရံရွေတော် ဩဂိုင်းယား[၉] တို့သည် လန့်၍ နိုးကြလေ၏။ ရံရွေတော် ဩဂိုင်းယားသည် အခန်းတံခါးကို ဖွင့်ကြည့်သောအခါ မိုင်အိုမန်ဒါ[၁၀] ခေါ် သက်တော်စောင့် တစ်ယောက်သည် သူ၏ သေနတ်ကို ကန့်လန့်ကိုင်၍ သူပုန်များ အခန်းထဲသို့ မဝင်နိုင်အောင် အပြင်းအထန် တားဆီးလျက်ရှိသည်ကို တွေ့ရ၏။ သူပုန်များက ဝိုင်း၍ ထိုးကြ ခုတ်ကြသဖြင့် ထိုသက်တော်စောင့်၏ တစ်ကိုယ်လုံးမှာလည်း သွေးချင်းချင်းနီလျက် ရှိလေ၏။

သို့ရာတွင် သက်တော်စောင့်လည်း သူ့အသက်ဆားကို အနည်းငယ်မျှ ဂရုမစိုက်ဘဲ တံခါးဖွင့်လိုက်သည်ကို တွေ့သည်နှင့် တစ်ပြိုင်နက် 'မိဖုရားကြီးကို ကယ်ပါ ရံရွေတော်ကြီး၊ ဒီလူတွေ မိဖုရားကြီးကို သတ်ရအောင်လာနေကြတာပါ'ဟု ဟစ်အော်၍ ပြောလေသည်။ ရံရွေတော်ကြီးလည်း မိဖုရားကြီးကို ခေါ်ပြီးလျှင် ဘုရင်ကြီး၏ အိပ်ခန်းဖြစ်သော တစ်ဘက်ခန်းဆီသို့ ထွက်ပြေးကြ၏။

မိုင်အိုမန်ဒါသည် ဒဏ်ရာ ဒဏ်ချက်များကို မခံနိုင်တော့ဘဲ လဲကျသွားသောအခါ သူ့နေရာတွင် ရိုပဲယာ[၁၁] ဆိုသူ သက်တော်စောင့်တက်လာပြန်ရာ မကြာမီ အသတ်ခံရလေသည်။ သူတို့သည် ဟိုအခါက များစွာသော အရာရှိများ စစ်သားများကဲ့သို့ ပြေးလျှင် လွတ်နိုင်ကြလေသည်။ သူတို့၌



ထွက်ပြေးရန် အချိန်များစွာရပါလျက် သူတို့သည် တာဝန်ကိုကြောက်ကာ ထွက်ပြေးသော သူရဲပေါနည်းသည့်လူအဖြစ်နှင့် အသက်တစ်ရာမရှည်ချင်ကြ။ တာဝန်ကျေပွန်သော သူရဲကောင်း အာဇာနည်အဖြစ်နှင့် တစ်နံနက်ပင် နေရ နေရ နေချင်ကြသောသူများ ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## သားကောင်းရတနာ

### (နှစ်ပေါင်း ၂၁၀၀ ကျော်ခန့်က)

ခရစ်မပေါ်မီ နှစ်ပေါင်း ၂၁၉၆ နှစ်လောက်က ရောမလူမျိုးများနှင့် ကာသေ့လူမျိုးများသည် စစ်မက်ဖြစ်ပွားလျက်ရှိကြရာ ကာသေ့ဘက်မှ ဗိုလ်ချုပ်ကြီးဟန်နီဘော[၁]က ကြီးမှူးအုပ်ချုပ်၍ ရောမတို့ဘက်မှ ပဗ္ဗလီယပ် ကောနီလီယပ်ဆပ်ပီယို[၂] က အုပ်ချုပ်လျက်ရှိသည်။ ကာသေ့တို့မှာ အလွန်ကျော်နိုင်ခဲသောအဲ့လပ်[၃] တောင်ကြီးကို ဖြတ်ကျော်ကာ အီတလီ[၄] ထဲသို့ ဝင်လာသည့်အတွက် ရောမလူမျိုးများမှာ အငိုက်မိသွားကြလေသည်။ ဤတောင်ကြီးကိုဤစစ်တပ်ကြီးများဖြင့် ဤသို့ ဖြတ်ကျော်နိုင်သည်မှာ ဟန်နီဘော၏စွမ်းရည် သတ္တိထူးကြောင့်ပင် ဖြစ်သည်။ အချို့ ကမ္ဘာ့သမိုင်းဆရာတို့၏အလိုအရဆိုလျှင် ကမ္ဘာ့ဗိုလ်ချုပ်များစာရင်းတွင် ဟန်နီဘောသည် ပထမရ၍ နပိုလီယန်[၅] မှာ ဒုတိယမျှသာ ရလေသည်။

ရောမတို့၏ ဗိုလ်ချုပ် ဆစ်ပီယိုနှင့်အတူ သူ၏သား ဆစ်ပီယိုအငယ်သည် တိုက်ပွဲသို့ လိုက်ပါလာသည်။ ထိုအခါက သားငယ်ဆစ်ပီယို၏အသက်မှာ ၁၇ နှစ်မျှသာ ရှိသေးသည်။ ထိုတိုက်ပွဲသည် တစ်ဖက်စီးနင်း



ဖြစ်နေလေရာ ကာသေ့တို့၏ အင်အားကို ရောမတို့သည် ဖက်ပြိုင်ခြင်းငှာမစွမ်းနိုင်ချေ။ ဟန်နီဘော၏ လက်အောက်ခံ စပိန်လူမျိုး မြင်းတပ်တို့နှင့်ရင်ဆိုင်တိုက်နေရ၍ ရောမတပ်သားတို့သည် မောပန်းနေစဉ်တွင် နျူမစ်ဒီယန်း[၆] မြင်းတပ်က ရောမတို့ကို ဘေးမှ ပန်း၍ တိုက်ကြပြန်သဖြင့် ရောမတပ်ကြီးလည်း အစိတ်စိတ်ကွဲကာ ဖရိုဖရဲဖြစ်၍ ပြေးကြကုန်၏။ ဗိုလ်ချုပ်ဆစ်ပီယိုမှာလည်း နျူမစ်ဒီယန်း မြင်းစီးသူရဲတစ်ယောက်၏ လှံချက်မိသဖြင့်မြင်းပေါ်မှကျလေ၏။ သူ့တပ်သားတို့လည်း ဖရိုဖရဲ ထွက် ပြေးကြရသဖြင့်ဗိုလ်ချုပ်ကိုပင် ပြန်၍ မကြည့်နိုင်ရှာတော့ပေ။ သားငယ် ဆစ်ပီယို တစ်ဦးသာလျှင် ဤသို့ ကစဉ့်ကလျား ပြေးလွှားနေသည့်အထဲမှ သူ့အသက်ကိုပင်ပဓာနမထားနိုင်တော့ဘဲ သူ့ဖခင်အိုကြီးကို အတင်းဝင်၍ သယ်လေ၏။ သူတို့၏ တပ်စခန်းသို့ရောက်သောအခါ ဆေးသမားများနှင့် ကြပ်မကုသကြရာ အသက်ဘေးမှ ချမ်းသာရခဲ့ဖူးလေသည်။

\+ \+ \+

ဤကဲ့သို့ သားကောင်းရတနာမျိုးကို ၁၇၉၈ ခုနှစ်တွင်လည်း တစ်ကြိမ်တွေ့ခဲ့ရဖူးသည်။ ထိုနှစ်တွင် နပိုလီယန်နှင့် အင်္ဂလိပ်တို့သည် အကြီးအကျယ်တိုက်ခိုက်လျက်ရှိကြသည်။ ထိုအခါက နပိုလီယန်သည် ဥရောပတိုက်တွင်ဂျာမနီနှင့် အီတလီတို့ကို နိုင်ခဲ့ပြီး၍ ဖြိုဖျက်ရန် သူ၏ ရန်သူမှာ အင်္ဂလိပ်ဘစ်ဦးတည်းသာ ရှိတော့သည်။ သူ၏ အကြံမှာ ဥရောပတိုက်တွင် အင်္ဂလိပ်ဘို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေခြင်းဖြင့် အချိန်ဖြုန်းနေခြင်းထက် အရှေ့ဘက်သို့ဘစ်ခါတည်း သွား၍ အင်္ဂလိပ်တို့၏ ရတနာသိုက်ဖြစ်သော အိန္ဒိယမှအင်္ဂလိပ်တို့ကို မောင်းထုတ်လိုက်ခြင်းက ပို၍ အကျိုးရှိလိမ့်မည်ဟူသောအကြံပင် ဖြစ်လေသည်။ ဂရိပြည်သား အလက်ဇန္ဒား[၇] မင်းကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက ဥရောပ အရှေ့ဘက်ရှိ အာရှတိုက်နိုင်ငံ အများကို သိမ်းယူခဲ့ဖူးရာ နပိုလီယန်သည် အလက်ဇန္ဒားကို အားကျဟန်တူလေသည်။

ထိုရည်ရွယ်ချက်ဖြင့် နပိုလီယန်သည် သူ၏ လက်ရွေးစင်စစ်သားလေးသောင်းကျော်ကို ဟိုခေတ်က အလွန်ကြီးကျယ်သည်ဟု ဆိုအပ်သော ရေတပ်ကြီးဖြင့် တင်ဆောင်၍ ပြင်သစ်ပြည် တူးလုံ[18] ဆိပ်ကမ်းမှ ချီတက်သွားလေ၏။ လမ်းတွင် မော်လတာ[19] ကျွန်းကို သိမ်းယူကာ ထိုကျွန်းကမှ တစ်ဆင့် အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယား[20] မြို့သို့ ရွက်ဖြန့်ပြန်လေ၏။

နပိုလီယန်ကို လိုက်တိုက်ရမည့် အင်္ဂလိပ်ရေတပ်ဗိုလ်မှူးကား နယ်လဆင်[21] ဖြစ်သည်။ ထိုအခါက နပိုလီယန်၏စိတ်အကြံကို နယ်လဆင်သည် ကောင်းစွာ အကဲမခတ်နိုင်သေးချေ။ ထိုအတွက်ကြောင့် နယ်လဆင်၏ရေတပ်သည် အလက်ဇန္ဒြီးယားဆီသို့ ရွက်ဖွင့်၍လိုက်ရာ လမ်းတွင် နပိုလီယန်၏ ရေတပ်ကို ကျော်လွန်ကာ အလက်ဇန္ဒြီးယားသို့ အလျင်စော၍ ရောက်နှင့်၏။ ထိုမြို့ဆိပ်ကမ်းနှင့် အနီးအနားတွင် နပိုလီယန်၏ရေတပ်ကို မတွေ့သည့်အခါမှ နောက်သို့ ပြန်လှည့်ပြီးသော် ဆီရာကျူးသို့ ရွက်ဖွင့်ပြန်၏။ ဆီရာကျူးက တစ်ဖန် ဂရိနိုင်ငံသို့ ရွက်ဖြန့်ရပြန်သည်။ ဂရိနိုင်ငံတွင်မှ နပိုလီယန်၏ ရေတပ်ကြီးသည် ကန်းဒီယာ[22] မြို့၏ အရှေ့တောင်ဘက်ဆီသို့ ရွက်လွှင့်သွားသည်မှာ တနင်္ဂနွေလေးပတ်ခန့်ရှိပြီဖြစ်ကြောင်းကို သတင်းရလေ၏။ ထို့ကြောင့် အတင်းရွက်ဖြန့်၍ လိုက်ပြန်ရာ ဩဂုတ်လ ၁ ရက်နေ့တွင် အဘူကားပင်လယ်အော်[23] အတွင်း၌ နပိုလီယန်၏ ရေတပ်ကို မီသဖြင့် ရေတပ်တိုက်ပွဲကြီး ဖြစ်လေ၏။

ပြင်သစ်ရေတပ်တွင် လိုရီယင့်[24] ဆိုသော သုံးထပ်သင်္ဘောတစ်စင်း ပါဝင်သည်။ ထိုသင်္ဘော၌ သေနတ်ပေါင်း ၁၂၀ ပါသည်။ ထိုအခါက သေနတ် ၁၂၀ သည် ယခုခေတ် စစ်သင်္ဘောများ၏ အမြောက်တစ်လက်



လောက်မျှ ခရီးမရောက်ချေ။ သို့ရာတွင် သူ့ခေတ်နှင့်သူ အလွန်ကြီးကျယ်သော လက်နက်များဖြစ်ကြသည်။ ထိုလိုရီယင့် သင်္ဘောပေါ်တွင် ကက်ပတိန်ကဇားဗီယင်ကာ[25] ဆိုသော အရာရှိ၌ ဆယ်နှစ်အရွယ် သားလူမမယ်ကလေး တစ်ယောက် ပါလာသည်။ ထိုသူငယ်ကလေးမှာ ထိုသင်္ဘောပေါ်တွင် အလုပ်သင် ရေတပ်သားကလေးပင်ဖြစ်၍ ကျင့်သားရရန်အတွက် သူ့ဖခင်က ခေါ်လာခဲ့ခြင်း ဖြစ်လေသည်။

ညနေ လေးနာရီခန့်က ရေတပ်တိုက်ပွဲ စတင်ဖြစ်ပွားခဲ့ရာ ညကိုးနာရီခန့်တွင် လိုရီယင့်ကို မီးလောင်လေ၏။ အင်္ဂလိပ်ရေတပ်မှူး နယ်လဆင်သည် ဤသို့ မီးလောင်နေသည်ကို မြင်သဖြင့် သူ့သင်္ဘောမှ အသက်ကယ်လှေငယ်များကို ချစေပြီးသော် မီးလောင်နေသည့် ရန်သူသင်္ဘောမှ ရေတပ်သားများကို အကယ်ခိုင်းလေသည်။ လိုရီယင့်မှာလည်း အလွန်ပြင်းထန်စွာ မီးလောင်နေပြီဖြစ်သဖြင့် များမကြာမီ ယမ်းတိုက်ကို မီးကူးပြီးလျှင် တစ်သင်္ဘောလုံး ပေါက်ကွဲခါနီးလေပြီ။ ထို့ကြောင့် ပြင်သစ်ရေတပ်သားများသည် အသက်ကယ်ရန် လာနေသော အင်္ဂလိပ် လှေကလေးများထဲသို့ ဆင်းကြရလေ၏။

သင်္ဘောအရာရှိအချို့လည်း ကက်ပတိန် ကဇားဗီယင်ကာ၏ ဆယ်နှစ်အရွယ်ရှိသော သားကလေးကို သူတို့နှင့် အတူလိုက်ခဲ့ရန် သွား၍ခေါ်ရာ 'ဟင့်အင်း၊ မလိုက်ချင်ဘူး' ဟု ထိုကလေးက ငြင်းလေ၏။ 'မဟုတ်ဘူးကွ၊ သင်္ဘောမီးလောင်နေတယ်၊ တော်တော်ကြာရင် ယမ်းတိုက်ကို မီးကူးပြီး တစ်သင်္ဘောလုံး ပေါက်ထွက်သွားတော့မယ်၊ လာ' ဟု အရာရှိများက ခေါ်ပြန်သောအခါ 'ကျွန်တော့်ဖေဖေက သူ့အမိန့်မပေးဘဲ ဒီနေရာက ဘယ်ကိုမှ မသွားရဘူးတဲ့' ဟု ထိုသူငယ်ကလေးက ရဲရင့်စွာ ပြန်၍ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရာရှိများလည်း ထိုသူငယ်ကလေးကို ချစ်လှွန်း၍ နောက်ဆုံးအကြိမ်အဖြစ်နှင့် 'အခုတင်ပဲ သင်္ဘောကြီး ပေါက်သွားတော့မယ်၊ မင်းအဖေလဲ သူ့အခန်းထဲမှာ သတိမေ့ပြီး လဲနေပြီ၊ မင်းကိုလဲ သူနောက်ထပ်အမိန့်မပေးနိုင်တော့ဘူး၊ တို့နဲ့သာ လာပါကွာ' ဟု ခေါ်ပြန်ရာ 'ဟင့်အင်း၊ ဘာပဲဖြစ်ဖြစ် မလိုက်ချင်ဘူး၊ ဖေဖေက ပြောထားတယ်၊ သူ့အမိန့်မရဘဲ ဒီနေရာက ဘယ်မှ မသွားရဘူး'တဲ့၊ ကျွန်တော် ဖေဖေ့အမိန့်ကို နာခံရမယ်' ဟု မကြောက်မရွံ့ နောက်မတွန့်ဘဲ ပြောပြနေသဖြင့် အရာရှိများလည်း ထိုသူငယ်ကလေးကို သားပစ်ခဲ့ရလေ၏။

မကြာမီ ယမ်းတိုက်ပေါက်ကွဲသွားရာ လိုရိုယင့် တစ်သင်္ဘောလုံးမှာ အစိတ်စိတ်အမွှာမွှာ ကွဲ၍ နစ်မြုပ်သွားသည်ကို အသက်ရှင်သူ ရေတပ်သားများ မြင်လိုက်ရလေသတည်း။

## သတ္တိခဲကလေး

### (အေဒီ ၁၈၀၅ ခုနှစ်ခန့်က)

ဇာဘုရင်[၁] များ ရုရှားပြည်တွင် အုပ်စိုးစဉ်က ဘုရင့်အမျက်တော်ရှသူများကို ဆိုက်ဘီးရီးယား[၂] ပြည်သို့ ပို့လေ့ရှိ၏။ ပရက်စကိုးဘီးယား[၃] ကလေးသည် ပထမ ပေါ[၄] ဇာဘုရင်လက်ထက်က ထိုတကျွန်းသို့ အပို့ခံရသော ရုရှားစစ်ဗိုလ်တစ်ဦး၏ သမီးကလေး ဖြစ်သည်။

ထိုအရပ်သည် အလွန့်အလွန် ချမ်းအေးပြီးလျှင် လူသူမနီးသည့် တောတောင်ကြီးများဖြင့် ပြည့်နှက်လျက်ရှိရာ ထိုနေရာသို့ အပို့ခံရသူများမှာ သေတွင်းသို့ အပို့ခံရသည်နှင့်ပင် တူတော့၏။ မြန်မာဘုရင်အချို့၏ လက်ထက်တော်တွင် သတ်လည်း မသတ်ချင်၊ သေလည်း သေစေချင်သော ရာဇဝတ်သားများကို ငှက်ဖျားရောဂါ ထူထပ်သော မဲဇာ ရွှေလီ စသော အရပ်တို့သို့ ပို့ခြင်းမျိုးပင် ဖြစ်လေသည်။

ထိုဆိုက်ဘီးရီးယားသို့ ပရက်စကိုးဘီးယား၏ ဖခင်တို့ကဲ့သို့သော နိုင်ငံရေးအကျဉ်းသမားများကိုသာ ပို့သည်မဟုတ်။ ရိုးရိုး ရာဇဝတ်သားများကိုလည်း ပို့သေးသည်။ ရိုးရိုးရာဇဝတ်သားတို့၏ ဘဝမှာ သာ၍ပင် ဆိုးသေးသည်။ သားမယား ဆွေမျိုးဉာတိတို့နှင့် ခွဲခွာပြီးလျှင် အရာရှိတို့၏ နှိပ်စက်

www.burmeseclassic.com

www.burmeseclassic.com



ညှဉ်းပန်းခြင်း အမျိုးမျိုးကို ခံယူကာ သတ္တုတွင်းတူးခြင်း၊ သစ်ခုတ်ခြင်း၊ လမ်းဖောက်ခြင်း စသော အလုပ်ကြမ်းများကို မိုးလင်းမှ မိုးချုပ်အထိ လုပ်ကိုင်ပေးကြရလေသည်။

နိုင်ငံရေးအကျဉ်းသားများ၏ဘဝမှာ သူတို့နှင့်စာလျှင် အနည်းငယ် သက်သာသည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံရေးအကျဉ်းသားတို့သည် သူတို့၏ သားမယားများကို သူတို့နှင့် ခေါ်သွားနိုင်ရုံသာမက အစိုးရကလည်း သူတို့ကို စရိတ်အနည်းငယ် ထောက်ပံ့ထားသေးသောကြောင့်ဖြစ်သည်။ ထိုစရိတ်နှင့် မစားလောက်လျှင်လည်း ကိုယ်ကြိုက်ရာ အလုပ်ကို လုပ်နိုင်သေးသည်။ သို့ပင်ဖြစ်သော်လည်း ဤသို့ လူသူမနီး တောတောင်ကြီးများဖြင့် ဝိုင်းရံလျက်ရှိသော ချွေးတော ငှက်တောတွင် အဘယ်သူသည် နေနိုင်ပါမည်နည်း။ နေချင်ပါမည်နည်း။

မရက်စက်ကိုးဘီးယားကလေးသည် သူ့မိဖများနှင့် ဆိုက်ဘီးရီးယားသို့ လိုက်ပါသွားစက သုံးခါလည်း သမီးအရွယ်မျှသာ ရှိသေးရာ ကလေးတို့ဘာဝ မိဖများ၏ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရခြင်းကို အနည်းငယ်မျှ မသိရှာပေ။ သို့ရာတွင် တစ်စတစ်စ ကြီးပြင်း၍ လူမှန်းသိသောအရွယ်သို့ ရောက်လာသောအခါ သူ့မိဖများ၏ အဖြစ်အပျက်အလုံးစုံကို ကုန်စင်အောင် သိလာသဖြင့် အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဆိုသည့်အတိုင်း မိဖများနှင့် အတူတူ ရော၍ ပူရပြန်လေ၏။ ထို့ကြောင့် သူ့မိဖများသည် နေရပ်သို့ ပြန်ခွင့်ရအောင် ပီတာစဘတ်[၁] မြို့တော်သို့ သူကိုယ်တိုင်သွား၍ ဇာဘုရင်ကြီးထံ အသနားခံရန် အကြံတစ်ခုကို ကိုးဘီးကလေးသည် တစ်နေ့သ၌ ကြံစည်မိလေ၏။

ဤသို့ ကြံစည်မိသည့်အတိုင်း သူ့ဖခင်ကြီးကို ပြောပြရာ သမီးကလေး၏ စွန့်စားလိုစိတ်ကို ငေးစိုက်၍ကြည့်ရင်း ငိုအားထက် ရယ်အားသန်



ဆိုသကဲ့သို့ဖြစ်ကာ 'ရှင်မရေ၊ လာပါဦးကွယ်၊ တို့သမီး ကိုဘီးကလေး[illegible] အင်မတန် အားကိုးရသကွယ့်' အစရှိသည်ဖြင့် သမီး၏ အကြံအစည်ကို ပြောပြလေ၏။ မိခင်ကြီးလည်း ထိုစကားများကို ကြားသောအခါ 'ကဲဝါ သမီးရယ်၊ ဟောဒီ စားပွဲခုံတွေကို တိုက်ပါဦး၊ တိုက်ပြီးပြီးတော့မှပဲ အေးအေးဆေးဆေး သွားတာပေါ့' ဟု သမီးကလေး၏ မဖြစ်နိုင်သော အကြံကို ကျီစယ်သောအနေနှင့် ပြောလိုက်လေ၏။

သူ့မိခင်က သူ့သမီးကလေး၏ အကြံအစည်မှာ မဖြစ်နိုင်ပါဘူးဟု တစ်ခါတည်း ဆုံးဖြတ်ချက်ချသည်မှာ အံ့အားသင့်စရာ မရှိပေ။ အဘယ့်ကြောင့်ဆိုသော် လမ်းခရီးကို ကြည့်လိုက်ပြန်လျှင်လည်း နယ်နယ်ခရီး မဟုတ်။ မြန်မာနိုင်ငံမှာသာဆိုလျှင် မြစ်ကြီးနားမှ ရန်ကုန်သို့လာရသည်က လွယ်လိမ့်ဦးမည်။ ဆိုက်ဘီးရီးယားမှ ပီတာစဘတ်သို့ လာရမည့်ခရီးမှာ ထိုအခါက မလွယ်ကူလှပေ။ ထိုခရီးကို ဖွဲကောင်းကောင်းနှင့်သွားက သွားနိုင်မည် ဆိုဦးတော့။ လမ်းခရီးတွင် ဖွဲနှင့် စွန့်စားစိတ်တို့ကို မရိုသေ တတ်သော သားရဲတိရစ္ဆာန်နှင့် လူဆိုး သူခိုး ဓားပြတို့က ရှိပေသေး၏။ ထိုဘေးတို့မှ လွတ်သည့်တိုင်အောင် ပီတာစဘတ်မြို့တော်တွင် ထိုအခါက ဇာဘုရင်ကို တွေ့ဖို့အရေးမှာ ထိုကဲ့သို့ ဘုမသိ ဘမသိ ကလေးမကလေးကို မပြောထားနှင့် လူကုံထံများထဲကပင် တွေ့ဖို့ မလွယ်ကူလှပေ။ ထိုအချက်များကြောင့် ကိုးဘီးကလေး၏ အကြံအစည်ကို သူ့မိခင်ကြီးက ရယ်စရာမျှ သဘောထားလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် ကိုးဘီးကလေး၏ ဖွဲသည် ဤကဲ့သို့ မိဖများက လှောင်ပြောင်လိုက်သည်နှင့် အရည်ပျော်သွားမည့်ဖွဲမျိုး မဟုတ်ပေ။ ထို့ကြောင့် နေ့ရှိသမျှ ထိုအကြံကို ခွင့်ပြုရန် ထပ်တလဲလဲ ပူဆာရာ သူ့ဖခင်ကြီးလည်း စိတ်များပင်တိုလာ၍ ထိုစကားကို နောက်ထပ်၍ မပြောရန် ကြိမ်းမောင်းထား

www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။ ကိုးဘီးမှာမူကား သူ့ဖခင်၏ ဩဇာအာဏာကို မလွန်ဆန်ဝံ့၍သာ ငုံ့ခံနေရသည်။ သူ့အကြံအစည်ကိုကား နေ့ရှိသမျှ စိတ်ကူးလျက်ရှိ၏။ သို့နှင့်ပင် သုံးနှစ်ရာသီ ကုန်လွန်ခဲ့လေပြီ။

တစ်နေ့သ၌ သူ၏ မိခင်ကြီးသည် မမာမကျန်းဖြစ်ရာ တစ်အိမ်လုံး၏ တာဝန်ကို ကိုးဘီးကလေး တစ်ယောက်တည်း ထမ်းဆောင်ရလေ၏။ သမီးကလေး၏ လုပ်ပုံကိုင်ပုံ တာဝန်ကျေပွန်ပုံတို့ကို မိခင်ဖခင်တို့ တွေ့ဖန်များသောအခါ ရှေးကကဲ့သို့ မဟုတ်တော့ဘဲ သမီးကလေး၏ စွမ်းရည်ကို တင်ငတင်စ ပိုမို၍ ယုံကြည်လာကြ၏။ ထို့ကြောင့် သူ့အကြံအစည်ကို အခွင့်သာသည့် တစ်နေ့နေ့တွင် ထပ်၍ ပြောပြရာ ရှေးကကဲ့သို့ ပြောင်လှောင်ကြိမ်းမောင်းခြင်း မလုပ်တော့ပေ။ သို့ရာတွင် သူတို့လည်း အိုမင်းမစွမ်းကြပြီဖြစ်၍ ဒီသမီးကလေးတစ်ယောက်ကိုပင် အားကိုးနေရသဖြင့် လမ်းတွင် တစ်စုံတစ်ရာ ဒုက္ခရောက်သွားလျှင် သူတို့၏ဘဝမှာ ပို၍ ဆိုးရွားလာလိမ့်မည့် အကြောင်းကိုသာ ဝိုင်း၍ ပြောကြ၏။ သမီးကလေးသည် ဤစကားများကို ကြားရသောအခါ သူတို့၏ အကြောင်းမလှပုံကို တွေးပြီးလျှင် မျက်ရည် ဖြိုင်ဖြိုင်ကျသော်လည်း သူ့အကြံအစည်ကိုကား လုံးဝ လက်မလျှော့သေးပေ။

ထိုသို့ဖြစ်နေစဉ် သူ့အကြံအစည်အတွက် အခက်အခဲတစ်ခုက ထပ်၍ ပေါ်လာလိုက်သေးသည်။ ထိုအခက်အခဲသည်ကား အခြားမဟုတ်။ ခရီးသွားလက်မှတ်ပင် ဖြစ်သည်။ ထိုလက်မှတ်မပါလျှင် သူ့ကို တွေ့သည့်နေရာတွင် ဖမ်းဆီးပြီးနောက် သူတို့နေထိုင်ရာ တကျွန်းသို့ ပြန်ပို့လိုက်နိုင်သည်။ ထိုအတွက် မိတ်ဆွေတစ်ယောက်၏ အကူအညီဖြင့် ခရီးသွားလက်မှတ်တစ်စောင်ကို ဆိုက်ဘီးရီးယား၏မြို့တော် တိုဘော့[၆] ရှိ ဘုရင်ခံ၏ ရုံးတော်သို့ လျှောက်ထားလိုက်ရာ ခြောက်လလောက်ကြာမှ ရ၏။ သို့ရာတွင် ထိုလက်မှတ်ကို လျှောက်၍ မရဘူးဟု အထင်နှင့် သမီး စိတ်ကျေနပ်ရုံ



လျှောက်ခွင့်ပေးလိုက်သည်ဖြစ်ရာ ထိုလက်မှတ်ကို ရလာသောအခါ ဖခင်ကြီးသည် ထိုလက်မှတ်ကို သော့ခတ်ထားလိုက်၏။

ဆယ့်ရှစ်နှစ်အရွယ်သမီးအပျိုဖျန်းကလေးအား ဤမျှ ကြမ်းတမ်းသော လမ်းခရီးသို့ အဖော်မပါ တစ်ကိုယ်တည်းသွားရန် ကိစ္စကိုကား သူ့ဖခင်ကြီးသည် ဘယ်နည်းနှင့်မျှ သဘောမတူနိုင်ချေ။ သို့ရာတွင် ကိုးဘီးကလေးသည်လည်း မလျှော့သော လုံ့လဖြင့် ပြောဖန်များလတ်သော် မိခင်ဖြစ်သူထံမှ ‘ညည်းဖေဖေ ခွင့်ပေးလို့ရှိရင် သွားပေါ့ကွယ်၊ ငါကတော့ မတားတော့ပါဘူး’ ဟူသော ကတိကို ရလေ၏။

နောက်ဆုံးတွင် ဖခင်ကြီးလည်း လက်လျှော့ပေးလိုက်ရ၏။ သို့ရာတွင် ကိုးဘီးထွက်၍ မသွားမီ သူ့အနီးသို့ သမီးကိုခေါ်၍ ‘ဒီမှာ သမီး၊ ဖေဖေတို့ကို ခပြာသလို ဘုရင် ဧကရာဇ်ကြီးကို ပြောလို့ရမယ်လို့များ ငါ့သမီး ထင်နေသလား၊ နန်းတော်ထဲကို ဝင်ဖို့ဆိုတာလဲ အတော် ခက်တာကလားကွယ့် သမီးရဲ့၊ တံခါးပေါက်တိုင်းမှာလိုပဲ လက်နက်ကိုင်စစ်သားတွေက ဒုန့်ဒေး ဆောင့်နေတယ်၊ အဲဒီတော့ သမီးဟာ တံစက်မြိတ်ကိုတောင် ဖြတ်ကျော်လို့ ရမှာ မဟုတ်ဘူး၊ နောက်ပြီးတော့ သမီးရဲ့ အဝတ်အစားတွေမှာလဲ ညှိုးညှိုး နွမ်းနွမ်းဖြစ်နေတော့ လမ်းလျှောက်တောင်းနေတဲ့ သူတောင်းစားထင်ပြီး ဘုရင်ကြီးရဲ့ရှေ့တော်ကို ဘယ်သူက ခေါ်သွားရဲပါ့မလဲ သမီးရယ်’ ဟု စိတ်ပျက်သွားအောင် နောက်ဆုံး ကြိုးစားခြင်းဖြင့် ကြိုးစား ကြည့်ပြန်သေး၏။ သို့ရာတွင် သူ၏စွန့်စားခြင်းမှာ ကျေးဇူးရှင် မိဘနှစ်ပါးအား ကျေးဇူး ဆပ်ခြင်းဖြစ်သောကြောင့် သူ့လုပ်ငန်း၏ မြင့်မြတ်ပုံနှင့် သူ၏ စေတနာတို့ကို ယုံကြည်လျက်ရှိရာ ဘယ်နည်းနှင့်မျှ ဖျက်၍ မရတော့ပေ။

သူ အိမ်မှစ၍ထွက်သောနေ့မှာ စက်တင်ဘာလ ၈ ရက်နေ့ နံနက်စောစောအချိန်ပင် ဖြစ်သည်။ သူ့ဖခင်ကြီးလည်း ရှိစုမဲ့စု ငွေကလေးတစ်ကျပ်ကို

www.burmeseclassic.com

www.burmeseclassic.com



သူ့သမီး လမ်းစရိတ်အတွက် ပေးလေရာ ကိုးဘီးကလေးက ငွေတစ်ကျပ်မှာ ခရီးအတွက် ဘာမျှ အရာမရောက်၊ အိမ်မှာသာ အရာရောက်နိုင်သဖြင့် မယူလိုကြောင်း ငြင်းဆန်သော်လည်း ဖခင်ကြီးက ယူသွားရမည်ဟု အတင်းအကြပ် ပညတ်လိုက်သဖြင့်သာ ယူခဲ့ရလေ၏။

အိမ်နီးချင်းအချို့ကလည်း ရှိစုမဲ့စု မုန့်ပဲ အစရှိသည်တို့ကို စုဆောင်း၍ ပေးကြသေးသည်။ ထိုငွေတို့ကိုကား ကောင်းအောင်ကြည့်ပြောကာ လက်မခံခဲ့ချေ။ သို့ရာတွင် ထိုသူတို့မှာ အလွန်ကောင်းရှာကြပါပေသည်။ ကိုးဘီးကလေးကို သူတို့အား ခွင့်ပြုထားသည့် နယ်နိမိတ်အဆုံးအထိ လိုက်၍ ပို့ကြ၏။ ထိုနယ်ဆုံးသို့ ရောက်ပြန်သော်လည်း ချက်ချင်း လှည့်မပြန်ကြသေးဘဲ ကိုးဘီးကလေးသည် ရှေ့ရွာသို့ သွားကြမည့် မိန်းကလေးအဖော်တစ်စုနှင့်တွေ့၍ သူတို့၏ မျက်စိတစ်ဆုံးရောက်သည့်တိုင်အောင် စောင့်ကြည့်လျက် ရှိကြလေသည်။

ရှေ့ရွာတွင် ညဥ့်အိပ်၍ နောက်တစ်နေ့တွင် ကိုးဘီးကလေးမှာ အဖော်မပါ တစ်ယောက်တည်း ခရီးဆက်၍ ထွက်ခဲ့ရရှာ၏။ သူ၏ နဂိုစိတ်က သွားရမည့် ခရီးကြမ်းကြီးကိုတွေးကာ ကြောက်ရွံ့မိသော်လည်း ကျေးဇူးရှင်မိဘနှစ်ပါးတို့အတွက် စွန့်စားလိုသော စိတ်ဓာတ်၏ အရှိန်ကြောင့် ကြောက်စိတ်များမှာ ကြာရှည်မနေတော့ဘဲ လွင့်ပျောက်ကြကုန်သည်။

သူသွားရမည့် ပီတာစဘတ်မြို့မှာ အဘယ်မျှလောက် ဝေးသနည်းဆိုသော် လမ်းခရီးတွင် လမ်းမသိ၍ ခရီးသည်တစ်ဦးဦးအား 'ပီတာစဘတ်မြို့ကို ဘယ်လမ်းက သွားရမလဲရှင်' ဟု မေးလိုက်တိုင်း ခရီးသည်များက ကိုးဘီးကို အရူးမကလေးဟုထင်ကာ အဖြေမှန်မပြောကြဘဲ လှောင်ပြောင် သွားကြလေ၏။ လမ်းခရီးတွင် တည်းခိုရန်အတွက်လည်း များစွာ အခက်အခဲနှင့် တွေ့ရသေးသည်။ ဆင်းရဲသူ ဆင်းရဲသားအချင်းချင်းနှင့် တွေ့လျှင် တစ်ယောက်ဒုက္ခကို တစ်ယောက် နားလည်နိုင်ကြသောကြောင့် များသောအားဖြင့်



တည်းခိုရလွယ်ကူသော်လည်း ချမ်းသာကြွယ်ဝသူများနှင့် တွေ့လျှင်မူကား ခိုးနိုးနိုး တောင်းနိုးနိုးနှင့် တည်းခိုဖို့ရန် လက်မခံသည်က များလေသည်။

ကိုးဘီးကလေးသည် လမ်းခရီးတွင် အဘယ်မျှ ဒုက္ခရောက်သည်ကို အကဲခတ်နိုင်ရန် သူ တွေ့ကြုံရသော အဖြစ်အပျက်ကလေးတစ်ခုကို အကျဉ်းချုပ်အားဖြင့် ဖော်ပြရပေမည်။ လမ်းတွင် ကမ္မူးချက်? ဆိုသော ရွာတစ်ရွာရှိသည်။ ထိုရွာသို့ရောက်အောင် တစ်နေ့လုံး လျှောက်လာရာ နေဝင်ဖျိုးဖျ၌ ထိုရွာသို့ ရောက်လုဆဲဆဲတွင် လေကြီးမုန်တိုင်းကျလာလေ၏။ ကိုးဘီးကလေးလည်း ဘာလုပ်ရမှန်း မသိဘဲရှိစဉ် သူ့အနီးတွင် ကပ်၍ သစ်ပင်ကြီးတစ်ပင်သည် လဲကျလာပြီးသော် လမ်းပေါ်တွင် ပိတ်လျက်ရှိသဖြင့် ရှေ့သို့ဆက်၍ မသွားနိုင်တော့ချေ။ ထို့ကြောင့် လေမုန်တိုင်းဘေးက လွတ်အောင် လမ်းဘေးရှိ ချုံဖုတ်တစ်ခုထဲတွင် ဝင်၍ ခိုရ၏။

တစ်ညဥ့်လုံး မိုးကြီးသည်းထန်စွာရွာနေသဖြင့် တစ်ကိုယ်လုံးလည်း ဘုတ်တုတ်ရွှဲလျက်ရှိလေသည်။ နံနက်လင်းသောအခါ လှည်းကြုံတစ်ခုနှင့် တွေ့၍ ရွာသို့လိုက်သွားပြီးသော် လှည်းပေါ်မှ ခုန်ချလိုက်ရာ ရွှံ့ဗွက်ထဲတွင် ခြေချော်လဲသဖြင့် မိုးစိုရွှဲနေရသည့်အထဲတွင် ရွှံ့တွေ ပေရေကုန်ပြန်၏။ သူ၏ ရုပ်ကိုကြည့်ပြီးလျှင် သူ့ကို လက်ခံချင်သူများ ရွာထဲ၌ တစ်ယောက်တလေမျှ မရှိသည်မှာ အံ့သြစရာ မရှိပေ။ ထို့ကြောင့် ဘုရားရှိခိုးကျောင်းတစ်ခုသို့သွား၍ အနားယူနေစဉ် ရွာထဲမှ လူနောက်ကလေး လေး ငါး ခြောက်ယောက် ပေါ်လာပြီးသော် ပြောင်လို ပြောင် နောက်လို နောက်နှင့် ခဲနှင့်ပေါက်လို ပေါက် လုပ်ကြပြန်လေ၏။

ထိုအတွင်း မိန်းမကြီးတစ်ဦး ပေါ်လာပြီးလျှင် လူနောက်ကလေးများ၏ ဘေးမှ ကယ်ဆယ်လိုက်ရသည်။ ထိုမိန်းမကြီးသည် ကိုးဘီးကလေးကို သူ့အိမ်သို့ လိုက်ခဲ့ရန်ခေါ်သဖြင့် ထလိုက်ရာ ထိုင်ရာမှ မထနိုင်ဘဲရှိလေ၏။ လေမုန်တိုင်းထဲတွင် ဖိနပ်ပျောက်သွားသဖြင့် ခြေထောက်တွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



ယောင်ယမ်းနေရှာသာမက တစ်ညဉ့်လုံးလုံး အအေးမိကာ ကြွက်တက်နေပြန်ရာ ကိုးဘီးကလေးသည် အဘယ်မှာလျှင် ထနိုင်ရှာတော့အံ့နည်း။ ထို့ကြောင့် ထိုအမယ်ကြီး၏ ညြဇာနှင့် ရွာသူရွာသားတို့ကို ခေါ်ယူပြီးသော် သူတို့၏ လှည်းနှင့် အမယ်ကြီး၏အိမ်သို့ ကိုးဘီးကလေးကို သယ်ယူသွားကြရ၏။

တစ်ခါသော် ရွာတစ်ရွာသို့ ကိုးဘီး ရောက်သွားလေသည်။ ထိုရွာတွင် မည်သူကမျှ သူ့ကို လက်မခံလိုချေ။ သို့ရာတွင် အိမ်တစ်အိမ်မှ အဘိုးကြီးတစ်ဦးသည် သူ့ကို နှင်ထုတ်ပြီးမှ လိုက်၍ ခေါ်သဖြင့် ပြန်လိုက်သွားရလေ၏။ အဘိုးကြီး၏ မျက်နှာကို အကဲခတ်ရသည်မှာ ကျေနပ်စရာမရှိ။ ခပ်ဆိုးဆိုးထဲကနှင့်ပင် တူသည်။ သို့ရာတွင် တည်းစရာမရှိသည့်အတူတူ မထူးပါဘူးဟု အောက်မေ့ကာ ကိုးဘီးကလေးလည်း အဘိုးကြီး၏နောက်သို့ လိုက်သွားလေ၏။ အိမ်ထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် အဘိုးကြီးသည် တံခါးကို လုံအောင်ပိတ်ပြီးသော် ကိုးဘီးအား ဘယ်ကလာ၍ ဘယ်ကို သွားမလို့လဲဟု မေးလေ၏။

'ကျွန်မ အစ္စကင်* က လာပါတယ်၊ ပိတာစဘတ်ကို သွားမလို့ပါရှင်'

'နင့်မှာ ခရီးစရိတ်ငွေတွေ တော်တော်ပါသလား'

'ငွေ တစ်ကျပ်မှုးတင်းလောက် ပါပါတယ်ရှင်'

'နင် မလိမ်နဲ့၊ ဒီခရီးနဲ့ ဒီခရီးကို ဒီငွေကလေးနဲ့ ဘယ်သူသွားမလဲ'

ကိုးဘီးလည်း မျက်ရည်များ မဆည်နိုင်အောင် ကျလာပြီးလျှင် သူ့တွင် ငွေမပါလာကြောင်း အမျိုးမျိုးတောင်းပန်ပြောဆိုလေ၏။ အဘိုးကြီးလည်း ကိုးဘီးကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသဖြင့် အကြံယူရန် ကဇွန်းဥအနည်းငယ်ကျွေးကာ အနားယူစေ၏။ ထိုနောက် အိမ်က အမယ်ကြီးနှင့် တိုင်ပင်ပြန်လေသည်။



'ငါ့စိတ်အထင်ဖြင့် ငွေတော့ပါမယ် မထင်ပါဘူး'

'ပါမယ်ထင်တယ်၊ ကျွန်မ ငွေစက္ကူတွေ တစ်ထပ်ကြီး တွေ့လိုက်ရသလိုလိုရှိတယ်'

'ဟေ'

'သူ့လည်ပင်းမှာ ကြိုးကွင်းတစ်ကွင်း ချည်ထားတာ မတွေ့ဘူးလား၊ အဲဒီကြိုးကွင်းမှာ သားရေအိတ်ကလေး ချည်ထားတယ်၊ အဲဒီ သားရေအိတ်ထဲမှာ ငွေစက္ကူတွေ ရှိတယ်'

'ဟာ၊ သူ့ရုပ်ကလေးကို ကြည့်ရတာ သနားစရာကလေးပါကွယ်'

'အဘိုးကြီးနော်၊ ရှင် မသွားချင် နေ၊ ကျုပ် သွားယူမယ်'

အမယ်ကြီးလည်း လောဘဇော၏ ဒဏ်ချက်က ပြင်းလှသောကြောင့် အလွန်သနားစရာကောင်းသော ကိုးဘီးကလေးကိုပင် သနားရမှန်း မသိတော့ချေ။ ထို့ကြောင့် ကိုးဘီးလှဲနေသည့်နေရာသို့ သွား၍ လည်ပင်း၌ဆွဲထားသော သားရေအိတ်ကလေးကို အတင်းဆွဲဖြုတ်၍ ရှာဖွေ၏။ အိတ်ထဲတွင် ဘာမျှမတွေ့သောအခါ မကျေနပ်သေးဘဲ သူ့အကျီများထဲရော ဖိနပ်များထဲပါ အတင်းရှာသေးသည်။ ဘယ်ဟာမျှ မတွေ့ရသောအခါ ပြန်၍သွားလေသည်။ သို့ရာတွင် တရားစောင့်သောသူကို တရားက ပြန်၍စောင့်သည်ဟု ဆိုသည့်အတိုင်း ကျေးဇူးရှင် မိခင် ဖခင်တို့အား ကျေးဇူးဆပ်ရမှန်းသိနေသော ကိုးဘီးကလေးအား တရားသည် အဘယ်မှာလျှင် မစောင့်ဘဲ နေနိုင်ပါတော့အံ့နည်း။

အဘိုးကြီးလင်မယားလည်း သူတော်ကောင်းမကလေးအား ပြစ်မှားမိသည်ဟု သတိတရားရပြီးသော် နံနက်စာအတွက် သူတို့တွင်ရှိသမျှ အကောင်းဆုံး အစားအသောက်တို့ကို ပြုပြင်၍ ဂရုတစိုက် ကျွေးလေ၏။ ထို့ပြင်လည်း လွန်ခဲ့သည့်ညဉ့်က ကြမ်းကြမ်းတမ်းတမ်း ပြုမိသည်မှာ အခြားအကြောင်း မဟုတ်။ ရွာရိုးလျှောက်ခိုးနေသည့် ဂျပိုးမကလေးဟု ထင်သောအကြောင်း ဖြစ်သည်ဟု တောင်းပန်ရင်း ရှင်းပြကြလေ၏။ သူ့သားရေအိတ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဖွင့်ကြည့်လိုက်သောအခါလည်း ငွေ တစ်ကျပ်မူးတင်းမှ ငါးမတ်အထိ တိုးနေသည်ကို တွေ့ရလေသည်။

ထိုသို့ ခရီးသွားနေစဉ် ဆောင်းရာသီပေါက်လာလေ၏။ ကရုဏာသက်သော ရွာသူရွာသားများလည်း ဆောင်းရာသီအတွင်း ခရီးဆက်၍ မသွားရန် ကိုးဘီးကို ဝိုင်း၍ တားကြ၏။ ရုရှားပြည်၏ ဆောင်းရာသီမှာ အလွန် ကြောက်မက်ဖွယ်ကောင်းလေသည်။ ထိုအထဲတွင် ကိုးဘီးကလေး ခရီးသွားနေသော ဆိုက်ဘီးရီးယားအပိုင်း၏ ဆောင်းရာသီမှာ ပို၍ပင် ကြောက်စရာကောင်းသေးသည်။ မည်မျှအေးသနည်းဆိုလျှင် နားရွက်များ နှာခေါင်းများသည် အခန့်မသင့်လျှင် ကြွေကျနိုင်လေသည်။ ဤသို့ကြွေကျပြီး သေကြရသည့်သူများမှာ တစ်နှစ် တစ်နှစ်တွင် ရာပေါင်းများစွာပင်ရှိတော့၏။ ထို့ကြောင့် ထိုဆောင်းတွင်းတွင် ကိုးဘီးကလေးကဲ့သို့ နုနုနယ်နယ်ကလေးကို မပြောထားနှင့်၊ အသန်မာဆုံးသော ရုရှားကြီးများပင်လျှင် ဆီးနှင်းထဲတွင် အရှင်လတ်လတ် တောင့်၍ သေနိုင်သည်။

ဤကဲ့သို့ ဒုက္ခများမှာ တစ်နေ့လျှင် နှစ်ကြိမ် သုံးကြိမ်၊ အနည်းဆုံး တစ်ကြိမ်၊ ရက်ခြားလျှင် နှစ်ရက် တစ်ကြိမ်လောက် တွေ့ခဲ့ရပြီး၍ အိမ်က ထွက်သည့်နေ့မှ တစ်ဆယ့်ရှစ်လအကြာတွင် ကိုးဘီးကလေးသည် ပီတာစဘတ်သို့ ရောက်လေ၏။ ပီတာစဘတ်မြို့တော်သို့ ရောက်ပြန်ပါသော်လည်း ဘုရင်ကြီးနှင့် တစ်နေ့သော်လည်း တွေ့ရနိုး၊ ကယ်မည့်သူ တစ်ဦးဦး တစ်နေ့သော် ပေါ်လာနိုးနှင့် မျှော်ကိုး၍နေရင်း ရက်အတော် ကြာညောင်း သွားပြန်လေ၏။

ထိုအတောအတွင်း သတ္တိခဲကလေး ကိုးဘီးကလေး၏ ဖွဲ့မှာ အနည်းငယ်မျှ ယိမ်းယိုင်ခဲ့သည် မရှိပေ။ တစ်နေ့မတွေ့ရလျှင် တစ်နေ့သော်တွေ့ရမည်။ ဤမျှ ခရီးကြီးကိုပင် ပေါက်အောင် လာနိုင်သေးလျှင် ဘုရင်ကြီးကိုလည်း ဖွဲ့ကောင်းကောင်းနှင့် စောင့်လျှင် ကေန်တွေ့ရမည်ဟု ယုံကြည်



စိတ်ချလျက် ရှိလေ၏။ နောက်ဆုံးတွင် သူမျှော်လင့် ယုံကြည်သည့်အတိုင်း ဇာဘုရင်၏ မယ်တော်ကြီးနှင့် အဆက်ရလေ၏။

မယ်တော်ကြီးကလည်း ကိုးဘီးကလေးကို မြင်စကပင် အလွန်ကြင်နာတော်မူပြီးဖြစ်ရကား သူ့ဖြစ်ထွေကို ကြားရပြန်သောအခါ စုပ်တသပ်သပ်နှင့် ဖြစ်တော်မူရှာလေ၏။ နောက် နှစ်ရက်ခန့်ကြာသောအခါ မယ်တော်ကြီးသည် ကိုးဘီးကလေးကို ဇာဘုရင်နှင့် မိဖုရားကြီးထံသို့ ကိုယ်တော်တိုင် ခေါ်သွား၍ အကျိုးအကြောင်းကို လျှောက်ထားစေလေ၏။ ဇာဘုရင်နှင့် မိဖုရားကြီးတို့လည်း သနားတော်မူကြရကား ကိုးဘီးကလေးအား ကရုဏာတော် ငွေငါးထောင် သနားတော်မူပြီးလျှင် သူ့ဖခင်၏ အမှုကို ပြန်လည် စစ်ဆေးပါစေမည်ဟု ကတိပေးတော်မူလိုက်ကြသည်။

များမကြာမီ ဘုရင်ကြီးသည် ကိုးဘီးကလေး၏ ဖခင်အား အပြစ်မှ ချမ်းသာပေးတော်မူသည့် အမိန့်ကို ချမှတ်ပေးလိုက်လေသည်။ တစ်နေ့သ၌ ဘုရင်ကြီးသည် ကိုးဘီးကလေးကို ရှေ့တော်သို့ ခေါ်တော်မူပြီးသော် ဘယ်ဆုများကို နောက်ထပ် လိုချင်သေးသလဲဟု မိန့်တော်မူရာ သူ့ဖခင်ကြီးနှင့် အတူတူ တကျွန်းအပို့ခံနေရရှာသော သူ့အိမ်နီးချင်း နှစ်ဦးကိုလည်း အပြစ်မှ ချမ်းသာပေးစေချင်ပါသည်ဟု လျှောက်ထားလိုက်ရာ ကိုယ့်အကျိုး မဖက် သူများအတွက် သက်သက်ဖြစ်နေသဖြင့် အရွယ်နှင့်မလိုက်အောင် မြင့်မြတ်လှသော နှလုံးရည်ကို သဘောတော်ကျသွားသည်ဖြစ်ရကား မဆိုင်းမတွဘဲ သူလိုချင်သည့်အတိုင်း ခွင့်ပြုတော်မူလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ချတယ်ဆို ဒီလိုမှ

(၁၈၀၈ ခုနှစ်)

လွန်ခဲ့သော ဒုတိယကမ္ဘာစစ်ပွဲကြီးတွင် စတားလင်ဂရက်[၁] မြို့ကို ဆိုဗီယက်[၂] တို့ ခုခံကာကွယ်ကြပုံမှာ အသည်းတုန်စရာပင် ဖြစ်တော့၏။

နာဇီ[၃] တို့သည် ထိုမြို့ကို တစ်လမ်းပြီးတစ်လမ်း တိုက်ယူရလေသည်။ လမ်းတစ်လမ်း တစ်လမ်းကို သိမ်းနိုင်ရန်မှာလည်း ထိုလမ်းထဲရှိ ဆိုဗီယက်များ တစ်ယောက်မျှ မရှိသလောက်ဖြစ်မှ သိမ်းနိုင်ပေတော့၏။ နောက်ဆုံးတွင် တစ်မြို့လုံးအနက် အလုပ်သမားရပ်ကွက်ကလေး တစ်ကွက်ပဲ ကျန်ရှိနေရာမှ နာဇီဒီဗိဇီ[၄] တပ်ကြီး ၁၆ တပ်မျှကို အောင်မြင်စွာ ပြန်လှန် တိုက်ယူနိုင်ခဲ့သည်။

ထိုခံချုပွဲမျိုးနှင့် အလားတူသော ပွဲတစ်ပွဲကို ၁၈၀၈ ခုနှစ်လောက်က တစ်ချို ကြည့်လိုက်ကြရသေးသည်။ ထိုအချိန်အခါက နပိုလီယန်၏ ဘုန်းတန်ခိုးတို့မှာ အလွန်ကြီးမား၍ သူ့နာမည်ကို ကြားရုံနှင့် ဥရောပတစ်တိုက်လုံး ဖိမ့်ဖိမ့်တုန်နေရသော အချိန်အခါ ဖြစ်သည်။ ထိုသို့ ဘုန်းတန်ခိုးကြီးသလောက် သူ၏ ဝိသမလောဘကလည်း ကြီးလွန်းလှသည်ဖြစ်ရကား စပိန်ဘုရင်နှင့် ဆွေတော်မျိုးတော်များကို ထောင်သွင်း အကျဉ်းထား



ပြီးသော် စပိန် ထီးမွေ နန်းနှစ်ကို သူ၏ညီ ဂျူးဗက်[၅] ကို ပေးလိုက်လေသည်။ ထို အဖြစ်အပျက်ကို မြင်ကြသောအခါ စပိန်တစ်ပြည်လုံး ထ၍ ပုန်ကန်ကြလေ၏။

အမှန်စင်စစ် စပိန်အစိုးရအဆက်ဆက်တို့၏ ညံ့ဖျင်းပေါ့လျော့မှုများကြောင့် ထိုအချိန်အခါက စပိန်လူမျိုးများမှာ စစ်အတတ်တွင် ရှေးရှေးသောအခါများကဲ့သို့ မပြောပလောက်တော့ချေ။ သို့ရာတွင် ကိုယ့်လူမျိုးတစ်မျိုးလုံးအား ကျွန်စာရင်းသို့ အသွတ်သွင်းခံရသည့်အခါ ရက်တတ်သော စိတ်ဓာတ်များကား အများကြီး ကျန်ရှိသေးသည်ဖြစ်ရာ ရက်စရာကောင်းသောဘဝတွင် မနေချင်ကြတော့ဘဲ ရှိသမျှ လက်နက်ကို စွဲကိုင်ကြပြီးလျှင် ဥရောပတစ်တိုက်လုံး ဖိမ့်ဖိမ့်တုန် ကြောက်နေရသော နပိုလီယန်ကို ထချကြခြင်း ဖြစ်လေသည်။ ထိုကဲ့သို့ ထ၍ချကြသည့်အထဲတွင် စပိန်နိုင်ငံ အယ်ရဂွန်းနယ်၏ မြို့တော် ဆရာဂိုးဆာ[၆] မြို့သူမြို့သားတို့၏ ခွဲကောင်းပုံ သတ္တိရှိပုံ စွန့်စားပုံတို့မှာ ကမ္ဘာ့သမိုင်းတွင် စာတင်လောက်ပေသည်။

ထိုမြို့၏ အနေအထားမှာ အလွန်ကောင်းလှသည်။ မြို့သည် လွင်ပြင်ကြီးပေါ်တွင် တည်ရှိ၍ အဘက်ဘက်က တောင်မြင့်များဖြင့် ဝိုင်းရံလျက်ရှိသည်။ မြို့၏အနောက်တောင်ဘက် တစ်မိုင်ကျော်လောက်ရှိသော အရပ်တွင် တော်ရီရို[၇] ခေါ်သော ကုန်းပြင်မြင့်တစ်ခုရှိ၍ ထိုအပေါ်တွင် မယ်သီလရင် ကျောင်းတစ်ကျောင်း ရှိသည်။ ထိုမြို့ကို ကာကွယ်ရန်အတွက် ကျုံး မြောင်း ပစ္စင် ရင်တား ခံတပ်များသည် အစီအရင်များ ကျနစွာ မရှိချေ။ အမြင့် ဆယ်ပေ၊ အနံ နှစ်ပေလောက်ရှိ၍ အထု သုံးပေလောက်ရှိသော အုတ်ရိုးတစ်ခုသာ ရှိသည်။

အယ်ရဂွန်နယ်သို့ သူပုန်များကို နှိမ်နင်းရန်လွှတ်လာသော ပြင်သစ်ဗိုလ်ချုပ်ကြီးမှာ ဂျင်နရယ် လီဖက်ဘား[၈] ဖြစ်သည်။ သူ၏ လက်နက်

www.burmeseclassic.com

www.burmeseclassic.com



အင်အား အလုံးအရင်းအင်အားမှာ အလွန်ကြီးမားလှသည် ဖြစ်ရကား စပိန်တပ်များမှာ ကစဉ့်ကလျား ပျက်ပြားကုန်ကြ၏။ ဂျင်နရယ်လီဖက်ဘား လည်း ထိုဖရိုဖရဲဖြစ်နေသော စပိန်စစ်တပ်များကို သူ့မြင်းတပ်နှင့် လိုက်၍ ဖိရာ စပိန်စစ်သားများလည်း ဆရာဂိုးဆာ မြို့တွင်းသို့ ဝင်ပြေးကြပြီးသော် စပိန်ဘုရင်၏ အမှုတော်ထမ်း ဒွန်ဂျိုဆီ ပါလာဖောက်[၆] ဆိုသူက ခေါင်း ဆောင်၍ ပြင်သစ်တပ်များကို မြို့တွင်းမှ အပြင်းအထန် ခုခံကြသည်။

အမှန်စင်စစ် ပါလာဖောက်မှာ စစ်သားဆို၍ နှစ်ရာကျော်မျှသာရှိသဖြင့် သူတို့ လွတ်လပ်ရေး၏ ရန်သူများကို ချေမှုန်းရန် လက်ယားလျက်နေသော မြို့သူမြို့သား ခြောက်သောင်းကို ကြည့်ပြန်ပါကလည်း သူ့မှာ အမြောက် ဆယ့်ခြောက်လက်နှင့် စစ်သားကိုင် သေနတ် အနည်းငယ်သာရှိသည်။ ထို့ကြောင့် ငှက်ပစ်သေနတ်များကို မြို့တွင်းမှ လိုက်လံစုပြီးသော် နောက်ဆုံး တစ်ယောက်မကျန် သေသည်အထိ ခုခံကြရန် ကြိုးစားကြလေသည်။

မြို့ကို စ၍တိုက်သောနေ့မှာ ဇွန်လ ၂၇ ရက်နေ့ ဖြစ်သည်။ ပြင်သစ် စစ်တပ်များသည် အလုံးအရင်းကောင်းရုံမျှမက စိန်ပြောင်း၊ အမြောက် အစရှိသည့် ခေတ်မီလက်နက်ကောင်းတို့လည်း များစွာရှိကြသေးသည်။ သူတို့၏ စိန်ပြောင်းသံ အမြောက်သံတို့ဖြင့် ဆရာဂိုးဆာ မြို့ကလေးတစ်ခု လုံးမှာ သွက်သွက်ခါအောင် တုန်လှုပ်လျက်ရှိ၏။ ထို့ကြောင့် မြို့ကိုဝိုင်း၍ များမကြာမီ တော်ရုံရုံကုန်းမြင့်ကို ပြင်သစ်တပ်များ သိမ်းမိကြ၏။

ထိုတောင်ကုန်းကို ရလိုက်သည်မှာ ပြင်သစ်တို့အတွက် အလွန်အချက် ပိုင်လှလေသည်။ ထိုအရပ်မှ နေပြီးသော် မြို့ရိုးကိုကျော်၍ မြို့ထဲသို့ စိန်ပြောင်းဆန် ကျည်ဆန် အမြောက်ဆန်တို့ကို တရကြမ်း ပစ်သွင်းကြရာ စပါးပုံထဲတွင် လေပြင်းမုန်တိုင်းမွှေလိုက်သကဲ့သို့ ကျည်ဆန် အမြောက်ဆန် တို့လည်း ကျရာအရပ်တွင် ခုခံနေသူများနှင့်တကွ သူတို့ နိုအောင်းလျက်



ရှိသော အိမ်များပါ ကြေမွလွင့်စင်သွားအောင် မွှေပစ်လိုက်ကြ၏။ သို့ဖြင့် လည်း မြို့သူမြို့သားများသည် လျှော့မပေးကြချေ။ တစ်ဖိုလ်ကျသွားသော နေရာတွင် အခြားတစ်ဖိုလ် တက်လာ၍ သူတို့ခံတပ်များအဖြစ်ဖြင့် အသုံးပြုလျက်ရှိသော တိုက်များ ပြိုကျသွားသည့်နေရာတွင်လည်း ကတမ်း ကယမ်းလုပ်၍ ယူလာသော သဲအိတ်များနှင့် မြေကတုတ်ကြီးများမှာ မိုးသီး မိုးပေါက်ကဲ့သို့ ကျနေသော ကျည်ဆန်များအကြားထဲမှပင် ပေါ်၍ ပေါ်၍ လာလေသည်။

ထိုအချိန်က လက်နက်စွဲကိုင် ခုခံတိုက်ခိုက်နေကြသောသူများသာမက မြို့သူမြို့သား အားလုံးပင် သူတို့၏ လွတ်လပ်ရေးအတွက် စိတ်တက်ကြွ လျက် ရှိလေသည်။ သက်သေထူရသော် မြို့စားကတော် ဘူးရိတာ[၂၀] ဆိုသူ သည် အမှန်စင်စစ် အလွန် နုနယ်လှသေးသည်။ ထိုအချိန်အခါက ဘေး လွတ်ရာသို့ သွားရောက် တိမ်းရှောင်နေမည်ဆိုလျှင်လည်း သူ့ကို ဘယ်သူမျှ ကဲ့ရဲ့ကြမည် မဟုတ်။ သို့ရာတွင် ဘူးရိတာ အဖို့မှာကား သူ၏လွတ်လပ်ရေး ကြီး အသက်ဝင်လျက်ရှိစဉ် သူ့အတွက် ချမ်းသာရာနေရာ မရှိတော့ချေ။ ထို့ကြောင့် အရပ်ထဲရှိ မိန်းကလေးများကိုစု၍ မိန်းမတပ်ဖွဲ့စည်းကာ ခုခံ တိုက်ခိုက်နေသူများသို့ အစာရေစာများပို့သောအလုပ်နှင့် သူနာပြုအလုပ် တို့ကို လုပ်ပေးလျက်ရှိသည်။ ဘယ်အခါမဆို ရန်သူတို့၏ ကျည်ဆံအကျ များရာအရပ်တွင် ကြည့်လိုက်တိုင်း ဘူးရိတာတို့လူသိုက် ရောက်နေသည်ကို တွေ့ကြရသည်။

မယ်သီလရှင်များကလည်း သူတို့၏ ကျောင်းသင်္ခမ်းများကို ဖွင့်ပစ်ခဲ့ ကြပြီးသော် သူတို့၏ ရဲဘော်များအတွက် မုန့်လုပ်ပေးခြင်း၊ ကျည်ဆန် လုပ်ပေးခြင်း၊ ဒဏ်ရာရသောရဲဘော်များကို ပြုစုပေးခြင်း စသော အလုပ် များကို လုပ်ကြပြန်သည်။ သူတို့လုပ်ပေးသော မုန့်များနှင့် ကျည်ဆံများကို

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်များရှိရာသို့ ကလေးများက သွား၍ ပို့ကြသည်။ ဘုန်းကြီးများပင်လျှင် မနေသာတော့ဘဲ သေနတ်များဆွဲ၍ ထွက်သူ ထွက် သူနာကို ပြုစုသူများက ပြုစုလျက်ရှိကြသည်။ သူတို့အဖို့မှာမူကား သာမန်အားဖြင့်ဆိုလျှင် ဤသို့ သတ်ဖြတ်သောအလုပ်များကို စက်ဆုပ်ရွံရှာကြမည်မှန်သော်လည်း သူတို့၏ တိုင်းပြည်နှင့် အမျိုး၏ လွတ်လပ်ရေးကိစ္စ ဖြစ်လာသောအခါတွင်မူကား ခေါင်းမတိမ်းလိုကြတော့ဘဲ နောက်ဆုံးတစ်နေ့ ထာဝရသခင်၏ ရှေ့သို့ ရောက်မှ ရှင်းယူတော့မည်ဟူသော စိတ်ကူးဖြင့် ထတိုက်ကြဟန် တူသည်။

နွန်လ ၂၈ ရက်နေ့ ညဉ့်ဘက်ရောက်သောအခါ မြို့သူမြို့သားတို့၏ အခြေအနေမှာ ပို၍ ဆိုးရွားလာပြန်သည်။ ဆိုးရွားပုံကား ဤသို့တည်း။ မြို့လယ်တွင်ထားသော ယမ်းတိုက်ကြီးမှာ သူလျှိုတို့၏ လက်ချက်ကြောင့် အသံကြီးစွာ မြည်ဟည်းကာ ပေါက်ကွဲလေ၏။ ထိုသို့ပေါက်ကွဲသဖြင့် လူနှစ်ရာသေ၍ အိမ်ပေါင်း ဆယ့်လေးအိမ်ခန့် ပြိုကျသွားလေသည်။ မြို့သူမြို့သားများလည်း လန့်ဖျပ်၍ ဖရိုဖရဲဖြစ်သွားကြသေးသည်။ ထိုသို့ မြို့ထဲတွင် ဖရိုဖရဲဖြစ်မည့် ချက်ကောင်းကိုစောင့်ပြီးသော် မြို့ကို ဝင်စီးရန် အသင့်စောင့်နေကြသော ပြင်သစ်စစ်သားများသည် မြို့တံခါးသုံးပေါက်၏ အဝသို့ ချက်ချင်း ရောက်လာကြပြန်၏။ ထိုအချိန်နှင့် တစ်ချိန်တည်းတွင်လည်း တော်ရီရို ကုန်းမြင့်မှ အမြောက်ဆံများကို မြို့တွင်းသို့ တရကြမ်းပစ်သွင်းရာ တိုက်များ ပိ၍နေသော ရဲဘော်များကို ဖယ်ထုတ်နေကြသည့် သူများ၏ အပေါ်သို့ လည်းကောင်း၊ အနီးအနားတွင် လည်းကောင်း မြောက်မြားစွာကျကြလေ၏။

ပြင်သစ်စစ်တပ်များရောက်ရှိလာသော မြို့တံခါး သုံးခုအနက် အပြင်းထန်ဆုံး တိုက်ပွဲမှာ ပေါ်တီလို[၃၃] ခေါ်သော တံခါးဝတွင် ဖြစ်ပွားလေသည်။ ထိုနေရာ၌ တစ်နေ့လုံး တိုက်ကြရသည်။ သံအိတ်များသည် အမြောက်ဆန် ပြောင်းဆန်များကြောင့် မကြာခဏ မီးလောင်ကြရာ ထိုသို့လောင်တိုင်း



လောင်တိုင်း ကျည်ဆန် အမြောက်ဆန်များကြားထဲတွင် မြို့သူမြို့သားတို့ ကလည်း သံအိတ်သစ်များကို အတင်းသယ်လာကြလေ၏။ ဤနေရာတွင် တိုက်ပွဲသည် အဘယ်မျှလောက် ပြင်းထန်သနည်းဆိုသော် တစ်ချိန်တွင် ခုခံနေသူအားလုံး တစ်ယောက်မကျန် သေဆုံးသွားခဲ့ဖူးသေး၏။ အကျအဆုံး အလွန်များလွန်းသဖြင့် ထိုသေသူများ၏နေရာသို့ စစ်ကူသွားဝံ့သူများပင် ဘစ်ခဏမျှ မရှိသလောက် ဖြစ်သွားကာ မြို့သူမြို့သားများသည် တွေ၍ ကြည့်နေကြ၏။

ထိုအခါ ရဲဘော်များအတွက် မုန့်ပဲသရေစာတို့ကို ယူလာသော အာဂေါ့ စတီးနား[၂၄] ဆိုသူ မိန်းမပျိုတစ်ဦးသည် လူအုပ်များကြားထဲမှ အတင်း တိုးထွက်ပြီးလျှင် သေနေသူရဲဘော်များ၏ လက်ထဲမှ မီးခြစ်ဆန်ကိုယူ၍ အမြောက်တစ်လက်တွင် ရှို့လိုက်လေ၏။ ဤသို့ ရှို့ပြီးမှ အမြောက်ပေါ်တွင် ထိုင်လျက် လူအုပ်ဘက်သို့လှည့်ပြီးလျှင် နောက်ဆုံး အချိန်အထိ ဤနေရာကို သူယူမယ်ဟု ဟစ်၍ ပြောလေသည်။ အာဂေါ့စတီးနား၏ စွန့်စားစိတ်ကြောင့် တံခါးဝရှိ ပြင်သစ်စစ်သားတို့သည် တန့်သွားသဖြင့် ဤအချိန်တွင် မြို့သူမြို့သားများမှာ ဘေးဆိုးကြီးတစ်ခုမှ သီသီကလေး လွတ်သွားခဲ့၏။

ပြင်သစ်ဗိုလ်ချုပ် ဂျင်နရယ်လီဖက်ဘားသည် ဤမြို့ကလေးကို ဤမျှလောက် မတိုက်ရပေဘူးဟု ယူဆခဲ့လေသည်။ သူ့ကျွန်ဖြစ်ရမည်ကို ရှက်သောလူများသည် သူတို့၏ လွတ်လပ်ရေးကို အသက်စွန့်၍ ကာကွယ် တတ်သည်ဆိုသည့် အချက်ကိုမူကား သူ မတွေးဆမိခဲ့ပေ။ ထို့အတွက် လက်တစ်ဆုပ်ခန့်ရှိသော မြို့ကလေးက သူ့ကို အကြီးအကျယ် ခံချနေသည် ကို တွေ့သည့်အခါ ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် သူ့လူများအား အတင်းနင်း၍ အတက်ခိုင်း၏။ သို့ရာတွင် လယ်သမား၏ တံစဉ်ရှေ့တွင် မှုလျက်သား ပုံလျက်သား ကျရှုံးသော စပါးနှံကဲ့သို့ မြို့သူမြို့သားများ၏

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် အတုံးအရုံး ကျရှုံးသော ပြင်သစ်စစ်သားများကို ဗိုလ်ချုပ်ကိုယ်တိုင် မြင်သောအခါမှ အနည်းငယ် ကိုယ်ရှိန်သတ်တော့သည်။

ထိုအတွင်း မြို့သူမြို့သားများတွင် ယမ်းများကုန်သွားပြန်လေ၏။ သို့ရာတွင် သူတို့သည် ယမ်းမရှိသည့်အတွက် ငေးမှိုင်မနေကြဘဲ ယမ်းရအောင် ကြိုစားကြပြန်၏။ လိုလျှင်ကြံဆ နည်းလမ်းရဆိုသည့်အတိုင်း ရှေးဦးစွာ မြို့ထဲရှိ ကန့်များကို အားလုံး စုလိုက်ကြသည်။ ထိုနောက် လမ်းမြေကြီးများကို တူးဖော်ဆေးလိုက်ရာ ယမ်းစိမ်းဓာတ်တစ်မျိုးကို ရပြန်သည်။ မီးသွေးအတွက်မှာကား ထိုအရပ်တွင် အလေ့ကျပေါက်နေသော လျှော်ပင်ကြီးများကို လှဲယူ မီးဆိုက်ကြသည်။ ဤသို့ပြင်ဆင်နေစဉ် လေးဆယ့်ခြောက်ရက်မျှ ကြာသောအခါ မြို့တစ်မြို့လုံးကို ပြင်သစ်တပ်များ ဝိုင်းမိလျက်ဖြစ်နေ၏။

ဤအချိန်တွင် မြို့တွင်း၌ စားနပ်ရိက္ခာများလည်း ကုန်လုနီးပါးဖြစ်နေလေပြီ။ သို့ရာတွင် စားနပ်ရိက္ခာ လျော့သလောက် ခုခံသူများ၏စိတ်ဓာတ် များလည်း တက်ကြွလျက်နေသည်ကို မြင်ရရာ များစွာ အံ့သြဖွယ်ရာပင် ဖြစ်တော့၏။ ထိုအာဇာနည်များ၏ စိတ်ထဲ၌ကား စားနပ်ရိက္ခာလည်း အရေးမကြီး၊ လက်နက်လည်း အရေးမကြီး၊ ယင်းတို့ရှိလျှင်လည်း အတိုင်းထက် အလွန် မရှိလျှင်လည်း တစ်နည်းနည်းနှင့် ရှာကြံကာ တိုက်ကြတော့မည်။ သို့ရာတွင် ထိုသူတို့တွင် အရေးအကြီးဆုံးကား အဘယ်နည်း။

သူတို့တွင် အရေးအကြီးဆုံးမှာကား သူတို့၏ လွတ်လပ်ရေးကို မဆုံးရန်ပင်ဖြစ်၍ အကယ်၍ ထိုလွတ်လပ်ရေးသည် အားမတန်သဖြင့် လက်လွတ်ရတော့မည့်အခြေသို့ နောက်ဆုံးတွင် ရောက်လျှင်လည်း သူ့ကျွန် အဖြစ်နှင့် အသက်မရှင်လိုကြတော့ဘဲ အာဇာနည်များပီပီ လွတ်လပ်ရေး တိုက်ပွဲတွင် သူတို့၏ အသက်များကို စွန့်လွှတ်ကြရန်ဖြစ်သည်။



သို့အတွက် သူတို့ တစ်မြို့လုံးကို ဝိုင်းမိပြီးလျှင် ရန်သူ၏သေနတ် တိုင်းမှာ သူတို့၏နေရာတိုင်းကို ထိမှန်နိုင်သည့် အခြေအနေသို့ရောက်သည့် တိုင်အောင် ခုခံသူများသည် ရန်သူကို အညံ့မခံသေး။ ဩဂုတ်လ ၂ ရက် နေ့တွင် ဆေးရုံတစ်ရုံကို အမြောက်ဆံထိမှန်ကာ မီးလောင်လေ၏။ ထို အချိန်နှင့် တစ်ချိန်တည်း ရန်သူတို့၏ ကျည်ဆန်များသည် ထိုအရပ်သို့ တရကြမ်း ပစ်သွင်းလျက်ရှိသော်လည်း ထိုအရပ်ရှိ မိန်းမကြီးငယ်တို့သည် အံကြိတ်လျက် မီးကြားနှင့် ကျည်ဆန်ကြားတွေထဲမှ လူမမာများကို အတင်း ဆွဲထုတ်ကြလေ၏။ သတ္တိ မည်မျှ ကောင်းကြသနည်းဆိုသော် အထူးသဖြင့် မိန်းမများနှင့် ကလေးများကို အလဟဿ အသေမခံကြရန် အတော်ပင် လိုက်လံတားဆီးနေရသည်မှာ အလုပ်တစ်ခု ဖြစ်၍နေလေသည်။

ဩဂုတ်လ ၄ ရက်နေ့သို့ရောက်သောအခါ၌ စိန့် အင်ဂရေးဆီးယား[၃၃] အမည်ရှိသော တံခါးဝနားတွင်ကပ်၍ အမြောက်နှင့် ပစ်လိုက်ရာ တံခါးမကြီး ပွင့်သွားသဖြင့် ပြင်သစ်တပ်များလည်း ထိုအပေါက်မှ မြို့တွင်းသို့ စွတ်၍ ဝင်လိုက်လာကြရာ ကိုးဗိုး[၃၄] အမည်ရှိသော လမ်းမကြီးသို့ပင် ရောက်လာ ကြသည်။ ထို့ကြောင့် ပြင်သစ်ဗိုလ်ချုပ် ဂျင်နရယ်လီဖက်ဘားက ထိုမြို့၏ တိုက်ပွဲမှာ ပြီးဆုံးခြင်းသို့ရောက်ပြီဟု အထင်ရောက်ပြီးလျှင် 'စစ်ဦးစီး ဌာနချုပ်၊ စိန့်အင်ဂရေးဆီးယား၊ အညံ့ခံမည်လား' ဟူသော စာတစ်စောင်ကို ရေး၍ စပိန်ခေါင်းဆောင် ပါလာဖောက်ထံသို့ ပို့စေရာ များမကြာမီ 'စစ်ဦးစီးဌာနချုပ် ဆရာဂိုးဆာ၊ ဓားချင်းယှဉ်ပြီး ထိုးရသည်အထိ တိုက်မည်' ဟူသော ပြန်စာကို ပါလာဖောက်ထံမှ ပြန်၍ ပို့လိုက်၏။

ပြင်သစ်စစ်တပ်နှင့် ခုခံသူများမှာ တစ်ဘက်နှင့် တစ်ဘက် ကိုက်သုံးဆယ် မျှလောက်သာ ကွာခြားကြသည်။ ခုခံသူများဘက်တွင် ရှိရှိသမျှသော တိုက်အိမ်မှန်သမျှ မည်မျှစုတ်ပြတ်ကုန်စေကာမူ သူတို့အတွက် ခံတပ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်လာကြလေ၏။ လမ်းများတွင်လည်း မြေကတုတ်များအဖြစ်ဖြင့် သုံးရန် သဲအိတ်များရောက်လာကြပြန်သည်။ မကြာမီ ခြားနေသောကွက်လပ်ကလေးတစ်ခုမှာ လူသေကောင်များဖြင့် ပြည့်နှက်လာလေ၏။ ထိုလူသေကောင်များမှ ရောဂါပိုးများ ပေါက်ပွားလာပြီးလျှင် ထိုရောဂါများကြောင့် ခုခံသူတွေ အားပျော့သွားလိမ့်မည်ဟု ဆိုကာ ပြင်သစ်စစ်သားများသည် အသေကောင်များကို မကောက်ဘဲ ထားကြသည်။

ခုခံသူများသည် ကျဆုံးသော သူတို့၏ ရဲဘော်များကို မြှုပ်နှံရန်အတွက် အရဲစွန့်ပြီး ထွက်လာတိုင်း ပြင်သစ်စစ်သားများက စောင့်၍ ပစ်ပြန်သဖြင့် ခုခံသူများသည် နည်းတစ်နည်းကို ထွင်ကြရလေသည်။ ထိုနည်းမှာ အခြားမဟုတ်။ သူတို့ ဖမ်းထားသော ပြင်သစ်သုံ့ပန်းများကို ကြိုးနှင့်ချည်၍ သူတို့က ကြိုးစကို အကွယ်များမှ ကိုင်ပြီးလျှင် ထိုသုံ့ပန်းကောင်များအား အလောင်းကောင်များကို ကောက်စေခြင်းပင် ဖြစ်သည်။ ဤသို့လုပ်မှ ပြင်သစ်ဘက်မှ အပစ်ရပ်သွားသည်။

ဤနည်းဖြင့် ဆယ့်တစ်ရက်တိုင်တိုင် တစ်ဘက်နှင့်တစ်ဘက် မရပ်မနားဘဲ ရက်စက် ကြမ်းကြုတ်သော တိုက်ပွဲများဖြစ်လျက်ရှိကြသည်။ နေ့အခါထက် ညဥ့်အခါတွင် တိုက်ပွဲများသည် ပို၍ ကြောက်မက်ဖွယ်ကောင်းသေးသည်။ ပြင်သစ်စစ်သားများနှင့် ခုခံသူများသည် ညဥ့်ဘက်များတွင် အမှောင်ခိုပြီးလျှင် တစ်ဘက်နှင့် တစ်ဘက် ကူးကြ၍ လမ်းထဲတွင် တွေ့လျှင်လည်း လမ်းထဲတွင် ထိုးခုတ်သတ်ဖြတ်ကြလေသည်။ လမ်းထဲတွင် မတွေ့ပြန်ကလည်း အိမ်ခန်းများထဲသို့ ဝင်ရောက်သတ်ကြပြန်လေသည်။ ထို့ကြောင့် ထိုအတောအတွင်းက နှစ်ဘက်စလုံးရှိ စစ်သားများသည် စားလျှင်လည်း ဓားကိုင်၍ စားကြရသည်။ အိပ်လျှင်လည်း ဓားကိုင်၍ အိပ်ကြရသည်။



တစ်ခါတစ်ရံလည်း ခုခံသူထဲမှ ပို၍ရဲသည့် သတ္တိခဲများသည် အမှောင်ခို၍ ပြင်သစ်စစ်သားများ၏ အနီးသို့ တိတ်တဆိတ် သွားပြီးသော် ပြင်သစ် အမြောက်လုံးများကို ကြိုးနှင့် ချည်ကြလေသည်။ ဤသို့ ချည်မိသည်နှင့် တစ်ပြိုင်နက် လမ်းတစ်ဖက်ရှိ သူတို့၏ ရဲဘော်များက အတင်းဆွဲပြေးရာ အမြောက်ကြီးများသည် ဒလိမ့် ဒလိမ့်နှင့် ပါသွားကြလေသည်။ တစ်ခါတစ်ခါ ခုခံသူများက အောင်မြင်သဖြင့် အမြောက်များကို ရကြသည်။ တစ်ခါတစ်ခါ ပြင်သစ်တို့က အလိုက်ကောင်း၍ အမြောက်ကြီးများပြတ်ကာ ပြန်ပါသွားတတ်လေသည်။

ဤသို့ တစ်ဖက်နှင့် တစ်ဖက် အကြိတ်အနယ် ဖြစ်နေကြစဉ် ခုခံသူများ၏ဘက်တွင် ခဲယမ်းမီးကျောက်များ ကုန်ခန်းသွားပြန်၏။ သို့ရာတွင် လူကောင်းကို နတ်ကောင်းမသည် ဆိုသည့်အတိုင်း ပါလာဖောက်၏ညီဒွန် ဖရန်စစ္စကို[၁၅] သည် သူ့လူသုံးထောင် ခဲယမ်းမီးကျောက်အစုံနှင့် မြို့၏ တံခါးပေါက်တစ်ခုမှ ခုခံသူများရှိရာဘက်သို့ ရောက်လာသည်။

ဩဂုတ်လ ရှစ်ရက်နေ့တွင် ခုခံသူများ၏ ခေါင်းဆောင်များသည် စည်းဝေးကြပြီးသော် အီးဘရို[၁၆] မြစ်တစ်ဖက်ကို ကူးပြီးနောက် တစ်ဖက်ကမ်းမှ ခုခံကြရန် ဆုံးဖြတ်ကြလေသည်။ ဤသို့ ဆုံးဖြတ်ရခြင်းမှာ အခြားကြောင့်မဟုတ်။ ယခု သူတို့၏လက်ထဲတွင် မြို့၏ ရှစ်ပုံတစ်ပုံမျှသာ ကျန်တော့သည် ဖြစ်ရာ မြစ်တစ်ဖက်ကမ်းမှ ခုခံလျှင် စစ်ကူသစ်များ၊ ခဲယမ်းမီးကျောက်များ၊ စားနပ်ရိက္ခာများ အရှာရ ပို၍လွယ်ကူကာ နိုင်နိုင်စရာ လမ်းရှိသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် စည်းကမ်းတကျ ဆုတ်ခွာကြရန်အတွက် အစီအစဉ်များကို စီစဉ်လျက်ရှိကြစဉ် ဩဂုတ်လ ၁၃ ရက်နေ့ ညဥ့်ဘက်တွင် ပြင်သစ်တို့ဘက်မှ အမြောက်များ စိန်ပြောင်းများကို မီးကုန်ယမ်းကုန် ပစ်ဖောက်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုခံသူများ၏ဘက်တွင် လောင်နေသော မီးတောက်များသည် ပြင်သစ်တို့၏ သိမ်းပိုက်ထားသော မြို့၏ ရှစ်ပုံ ခုနစ်ပုံကိုပင် ထိန်ထိန်လင်းလျက်ရှိစေ၏။ ခုခံသူများလည်း အပြင်းအထန်ဆုံး နောက်ဆုံးတိုက်ပွဲဖြင့် စ လေပြီဟု ဖက်ပြိုင်ရန် အသင့် ပြင်ဆင်လျက်ရှိကြစဉ် ပြင်သစ်တို့၏ သေနတ်သံများ စဲသွားလေ၏။ နောက်တစ်နေ့ အရုဏ်တက်ချိန်တွင်မူကား ဆုတ်ခွာသွားကြသော ပြင်သစ်တပ်များကို ခုခံသူများ မြင်ကြရသဖြင့် များစွာ အံ့အားသင့်လျက် ရှိကြ၏။

ပြင်သစ်တို့ ဆုတ်ခွာသွားကြခြင်းအကြောင်းမှာ အခြားကြောင့်မဟုတ်။ စပိန်နိုင်ငံ အရေးကြီးမှာ တစ်နိုင်ငံလုံး ပျံ့နှံ့နေပြီဖြစ်ရကား ခုခံသူများကို ကူညီရန် စစ်ကူသစ်များ နောက်ထပ်၍ ရောက်လာလျှင် သူတို့ကို ဝိုင်းမိနေမည်စိုးရိမ်သောကြောင့် စစ်ကူများ မရောက်မီ ဆုတ်ခွာသွားကြခြင်းဖြစ်လေသတည်း။

## မြန်မာ့ဇာတိမာန်

(ဤအခန်းတွင်ပါသော အဖြစ်အပျက်များသည် ထိုစဉ်အခါက အင်္ဂလိပ်စစ်တပ်များနှင့် ပါလာသော မစ္စတာ ဖီလဒင်း ဟော[၁] ဆိုသူ မျက်မြင်အင်္ဂလိပ်တစ်ဦးက တို့အသက်[၂] ခေါ်သော စာအုပ်တွင် ကိုယ်တွေ့ရေးသားထားသည့် အချက်များထဲမှ ထုတ်နုတ်ချက်များ ဖြစ်ပါသည်။)

၁၈၈၅ ခုနှစ်နှင့် ၁၈၈၉ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် သီပေါဘုရင်ကို အင်္ဂလိပ်တို့ ဖမ်းသွားပြီးကာစ ဖြစ်သည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလကစ၍ ၁၈၈၆ ခုနှစ် ဇွန်လလောက်အထိ ပြည်တွင်းမှာ အကြီးအကျယ်ဆူပူမှုများ မဖြစ်ကြသေး။ သီပေါဘုရင်ကို နန်းချ၍ ညောင်ရမ်းမင်းကို နန်းတင်ပြီးလျှင် သူတို့ ထွက်သွားမည်ဟူသော အင်္ဂလိပ်တို့ လိမ့်လုံးကို အဟုတ်တကယ်ယုံကြည်လျက် ရှိကြသေးသဖြင့် မြန်မာများသည် ရှစ်လတိုင်တိုင် စောင့်ကြည့်နေကြခြင်း ဖြစ်သည်။ သို့ရာတွင် အသာတကြည်နှင့် ထွက်မသွား၊ အတင်းနှင်ထုတ်မှပင် သွားတော့မည်ကို တစစ ရိပ်မိလာကြသောအခါ မြောက်ဘက် ဗန်းမော်မှ တောင်ဘက် မင်းလှအထိ၊ အရှေ့ဘက် ရှမ်းကုန်းပြင်မြင့်မှ အနောက်ဘက် ချင်းတောင်များအထိ မြန်မာများသည် ကိုယ့်အားကိုယ်ဆွဲပြီးလျှင် ထချကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါက အင်္ဂလိပ်တို့၏ အာဏာမှာ သူတို့၏ သေနတ်တစ်ကမ်း အထိသာ ပျံ့နှံ့သည်။ နိုင်ငံခြားသားတို့၏ ခြေဖဝါးအောက်တွင် ကျွန်သဘောက်ဖြစ်ရခြင်းကို စက်ဆုပ်ရွံရှာကြသော မြန်မာများကလည်း ထိုအာဏာကို မပျက် ပျက်အောင် အစွမ်းကုန် ဖျက်လျက်ရှိကြသည်။ ထို့ကြောင့် အင်္ဂလိပ်တို့သည် သီပေါဘုရင်ကို နန်းချရသည်မှာ လွယ်ကူသလောက် လူထုကို နှိမ်နင်းရန် ခက်ခဲလျက်ရှိလေသည်။

အင်္ဂလိပ်တို့ဘက်မှ လက်နက်လည်း ကောင်းသည်၊ စစ်သားများလည်း ၁၈၀၀ ကု ကျင့်သားရပြီးသူများ ဖြစ်ကြသည်။ မြန်မာလူထုဘက်ကမူကား သူ့ကျွန် ဖြစ်ရမည်ကို ကြောက်ရွံ့သည့်စိတ်ဓာတ်နှင့် မြန်မာ့သတ္တိတို့သာ ...ကြသည်။ လက်နက်ဆို၍ အရပ်လုပ် သေနတ်နှင့် ငှက်ကြီးတောင်ဓားမှ လွဲ၍ အခြား အားကိုးစရာ မရှိကြချေ။ စစ်တိုက်သည့်နေရာတွင် စည်းကမ်းသေဝပ်ခြင်းသည် အရေးအကြီးတကာ့ အကြီးဆုံးဖြစ်သော်လည်း မခံချင်၍ ဖြုန်းခနဲ ထပြီး တိုက်ရသော မြန်မာများအဖို့ အဘယ်မှာလျှင် စည်းကမ်းသေဝပ်လာသည်အထိ လေ့ကျင့်နေနိုင်ကြပါမည်နည်း။ သို့သော်လည်း သေခါမှ သေ၊ ရှုံးခါမှ ရှုံး၊ သူ့ကျွန်ဖြစ်ရသည်ထက် သေရသည်ကမြတ်သေးသည် ဟူသော ထုံးကို နှလုံးမိုက်ပြီးလျှင် မြန်မာများသည် ထ၍တိုက်နေကြခြင်း ဖြစ်သည်။

မြန်မာများနှင့် စပ်လျဉ်း၍ မစ္စတာဟောကိုယ်တိုင်က 'မြန်မာများတွင် လက်နက်မကောင်းသော်လည်း သူတို့၏ ပင်ကိုယ်သတ္တိက ကောင်းနေသောကြောင့်လည်းကောင်း၊ သူတို့၏ အလွန်ပြင်းပြသော လွတ်လပ်ရေးစိတ်ဓာတ်တို့ကလည်း သူတို့ကို လှုံ့ဆော်လျက်ရှိသောကြောင့်လည်းကောင်း သူတို့သည် တိုက်ပွဲများ၌ မကြာခဏ အောင်မြင်ကြသည်' ဟူ၍ အတိအလင်း ဝန်ခံထားခဲ့လေသည်။



ထိုစဉ်အခါက မြန်မာ့သတ္တိကို ပြသွားခဲ့ကြသူများထဲတွင် ဗိုလ်ရိုင်ဆိုသူမှာ အတော်ကလေး စိတ်ဝင်စားဖွယ်ကောင်းလေသည်။

မန္တလေး အထက်နားတွင် ရှိမ္မကားဟူ၍ မြို့လည်း မကျတကျ၊ ရွာထက်လည်း မကသော အရပ်တစ်ရပ် ရှိလေသည်။ ဤရှိမ္မကားမြို့ကလေးသည် မြစ်ကမ်းနဖူးပေါ်တွင်ရှိ၍ ကုန်ရောင်း ကုန်ဝယ် စည်ကားသောကြောင့် စစ်ဖက်အတွက် ချက်ပိုင်သော နေရာတစ်ခုအဖြစ်ဖြင့် အင်္ဂလိပ်စစ်တပ်များကို ချထားကြလေသည်။ ရွာနှင့် ကိုက် ၂၀၀ လောက်အကွာတွင် တောင်ပူစာကလေး ရှိသည်။ ထိုတောင်ပူစာကလေးအပေါ်ရှိ ဘုန်းကြီးကျောင်းများမှ ဘုန်းတော်ကြီးများကို အဖယ်ခိုင်းပြီးလျှင် ထိုကျောင်းများတွင် ဂေါ်ရခါးစစ်သား ၃၀၀ ကို စခန်းချထားကြသည်။ ထိုတောင်ပူစာမှ မြစ်ဆိပ်အထိလည်း ရှိမ္မကားမြို့ကလေးကို လက်ကြီးနှစ်ဘက်ဖြင့် ကာရံထားဘိသကဲ့သို့ သစ်တံတိုင်းကြီး နှစ်တန်း အခိုင်အလုံ ဆောက်ထားသည်။ ထိုသစ်တံတိုင်းကြီးများတွင် မြစ်ဖက်မှ တံခါးပေါက်နှစ်ခု၊ တောင်ဘက်မှ တံခါးပေါက်တစ်ခု ဖောက်ထားကြလေသည်။ အင်္ဂလိပ်တို့၏အာဏာမှာ ထိုသစ်ခံတပ်အတွင်း၌သာရှိ၍ ထိုခံတပ်အပြင်ဘက်တွင် ဗိုလ်ရိုင်၏ဩဇာ ညောင်းလျက် ရှိနေသည်။

လက်ဦးပထမတွင် ဗိုလ်ရိုင်သည် အင်္ဂလိပ်စစ်တပ်များကို အတင်းဖိ၍ ရင်ဆိုင် တိုက်ခိုက်ပါသေးသည်။ သို့ရာတွင် လက်နက်အင်အားချင်းမှာ မမျှတလွန်းသောကြောင့် နည်းသစ်တစ်မျိုး ထွင်ရပြန်သည်။ ထိုနည်းမှာ အခြားမဟုတ်။ အင်္ဂလိပ်များကို သပိတ်မှောက်ရန်ပင် ဖြစ်၏။ ထို့ကြောင့် 'မြန်မာမှန်သမျှ အင်္ဂလိပ်လက်အောက်မှာ အမှုမထမ်းရ၊ အင်္ဂလိပ်ကို သတင်းမပေးရ၊ ရိက္ခာမထောက်ရ၊ လမ်းပြခြင်း၊ လက်ခံခြင်း အစရှိသည်ဖြင့် မည်သည့်နည်းနှင့်မျှ အင်္ဂလိပ်ကို မကူညီရ' ဟူသော အမိန့်ကို ထုတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ရိုင်သည် အမိန့်ကိုထုတ်ပြီး လက်ပိုက်ကြည့်နေသော လူမျိုး မဟုတ်။ သူ့အမိန့်ကို ဖောက်ဖျက်လျှင် ဖောက်ဖျက်သလို အပြစ်ဒဏ်ပေးမည်ဟု ကြိမ်းဝါးပြီးလျှင် ကြိမ်းဝါးသလိုလည်း လက်ပါသောသူဖြစ်သည်။ ဤအမိန့်ထုတ်ပြီးနောက် များမကြာမီ ရှိမ္မကားမြို့အနီးရှိ ရွာတစ်ရွာမှ အတင့်ရဲလွန်းသော သူကြီးကို ဈေးဦးပေါက်အဖြစ်ဖြင့် သုတ်သင်ပစ်လိုက်လေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူကြီးသည် အင်္ဂလိပ်စစ်တပ်တစ်တပ်ကို လမ်းပြအဖြစ်နှင့် ကူညီလိုက်သောကြောင့်တည်း။ အတွင်းဘက်အရပ်များမှ ရှိမ္မကားသို့ပို့သော ကုန်စည်ပစ္စည်းများကိုလည်း ဗိုလ်ရိုင်သည် လမ်းမှဖြတ်၍ သိမ်းပြီးလျှင် ရှိမ္မကားမြို့တွင်းသို့လည်း မည်သူမျှမဝင်ရန် တားမြစ်လျက်ရှိသည်။ ထိုမျှမကသေး။ ရှိမ္မကားမြို့တွင်းရှိ မြန်မာမှန်သမျှကိုလည်း ရှိမ္မကားမှ ထွက်သွားကြရန် အမိန့်ထုတ်ပြန်လိုက်လေသေးသည်။

ဤသို့ ထွက်သွားရန်မှာ အင်္ဂလိပ်စစ်တပ်၏ အကာအကွယ်ကိုယူပြီးနောက် စီးပွားလမ်းဖြောင့်နေကြသော မြန်မာနေရှင်ပေါက်စများအတွက် မလွယ်လှလှပေ။ ထိုသူတို့ကလည်း သူတို့၏ အရှင်သခင်များထံသို့ ဗိုလ်ရိုင်၏ အမိန့်အကြောင်းကို သွားရောက်တိုင်တန်းကြရာ 'လက်တစ်ဆုပ်လောက်ရှိတဲ့ ဒီကောင်တွေဟာ လက်နက်လဲ ကောင်းကောင်းမရှိဘဲနဲ့ တို့ကို မနိုင်နိုင်ပါဘူးကွာ၊ မကြောက်ကြနဲ့၊ အေးအေးဆေးဆေးသာနေပါ' ဟု သခင်ကြီးများက ပြောင်လှောင်ကာ လွှတ်လိုက်ကြသော ဟူ၏။

အရှင်သခင်များက ဤသို့ ပြောင်လှောင်ကြမည်ဆိုလျှင်လည်း ပြောင်လှောင်နိုင်ပေမည်။ အဘယ့်ကြောင့်ဆိုသော် သူတို့တွင် စစ်သားပေါင်း ၃၀၀ ရှိသည်။ စစ်သားတွေကလည်း တိုက်ခါနီးမှ ထည့်လိုက်သော စစ်သားမျိုး မဟုတ်။ စစ်အတတ်ကို နေ့ရှည်လများ ကျင့်သားရပြီးသားစစ်သားများဖြစ်သည်။ လက်နက်ဆိုသည်မှာလည်း ခေတ်ပေါ် အကောင်းဆုံးလက်နက်များ ဖြစ်ကြသည်။ ထိုအတွက် သူတို့၏ တပ်သား ၃၀၀ သည် ဗိုလ်ရိုင်၏



နောက်လိုက်ပေါင်း သုံးသောင်းကျော်ကို အလွယ်ကလေးနှင့် သုတ်သင်ပစ်နိုင်သည်ဟု သူတို့ကိုယ်ကို သူတို့ အထင်ကြီးကြခြင်းမှာ အံ့သြစရာမရှိပေ။

ရွာသူရွာသားများကလည်း ဤအတိုင်းပင် ယုံကြည်ကြသည်။ ဤလိုလက်နက်မျိုး ဤလိုစစ်သားမျိုးရှိသောဘက်မှ ဤလိုနိုင်လိမ့်မည် ဟူ၍ မယုံကြည်ဘဲ မည်သူနေနိုင်ပါမည်နည်း။ သို့ရာတွင် မည်ကဲ့သို့ ယုံကြည်ကြစေကာမူ ဗိုလ်ရိုင်သည် ပြောသည့်အတိုင်း လုပ်တတ်သည်ဟူ၍လည်း ယုံကြည်လျက်ရှိသောကြောင့် ကြောင်နှစ်ကောင်ကြားတွင်ရှိသော ကြွက်သူငယ်ကဲ့သို့ ကျောစိမ့်အောင် ကြောက်လျက်ရှိကြသည်။

ဗိုလ်ရိုင်သည် အမိန့်ထုတ်ပြီး၍ များမကြာမီ တစ်ညသ၌ တောင်ပူစာပေါ်ရှိ ဂေါ်ရခါးများ စခန်းချထားသည့်နေရာအနီး တံခါးကို အတင်းဝင်၍ စီးကြ၏။ ထိုအချိန်နှင့် တစ်ချိန်တည်း သစ်ခံတပ်၏ ပစ္စင် ရင်တားတို့ဘက်ဆီသို့ အပြင်းအထန်ပစ်သွင်းနေသော သေနတ်သံများနှင့် အော်သံဟစ်သံများ၊ တဒုဒုနှင့် တီးနေသော မောင်းသံများမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို ဆူညံလျက်ရှိစေတော့၏။ ဂေါ်ရခါးများလည်း သစ်တပ်ထဲမှ အပြင်းအထန် ပြန်လှန်ပစ်ခတ်လျက် ရှိလေသည်။

ဤကဲ့သို့ ဖြစ်ပျက်နေသည်မှာ မိနစ်အနည်းငယ်ခန့်မျှသာ ကြာလိမ့်မည်ဟု ထင်ရသည်။ ထိုအတောအတွင်း ဗိုလ်ရိုင်နှင့် သူ့လူများသည် သစ်တပ်အတွင်းသို့ ရောက်လျက်ရှိကြပြီ။ သူတို့၏ နည်းမှာကား အခြားမဟုတ်။ တောင်ပူစာအနီးရှိ ခံတပ်တံခါးကို ဝင်စီးဟန်ပြု၍ ထိုတံခါးတစ်ဝိုက်တွင် ဂေါ်ရခါးစစ်သားများ စုနေသည့်အခါ မြစ်ဘက်တံခါးတစ်ခုမှ တံခါးစောင့်ကို သတ်ပြီးသော် မြို့ထဲသို့ တရကြမ်း ဝင်လာကြခြင်း ဖြစ်သည်။

ရှိမ္မကားမြို့အနီး မြစ်ထဲတွင် ကျောက်ချနေသော စစ်သင်္ဘောနှစ်စင်းမှ စစ်ကူတပ်သားများသည် ရှိမ္မကားသို့ စစ်ကူမရောက်မီ ဗိုလ်ရိုင်တို့လူစုလည်း မြို့ကိုဖြတ်ကာ တောင်တံခါးမှ ထွက်ပြီးသား ဖြစ်လေသည်။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ကို ကူညီနေသော မြို့သူမြို့သားများကို သူတို့၏ ကတိအတိုင်း ကျေနပ်အောင် အပြစ်ဒဏ်ပေးပြီးလေပြီ။ သတ်ပစ်မည်ဟု ကြိမ်းထားသော သူများကိုလည်း သတ်ပစ်ပြီးလေပြီ။ အင်္ဂလိပ်ကို ဆက်လက်၍ အကူအညီ ဘယ်နည်းနှင့်မျှ မပေးနိုင်အောင်လည်း တစ်မြို့လုံးကို လောင်စာသွင်းပြီး လေပြီ။ လုပ်မည်ဆိုလျှင် တကယ့်ကို လုပ်သည့် ဗိုလ်ရိုင်ပေပဲ။ ထို ဗိုလ်ရိုင် ၏ ဒေါသမှ လွတ်အောင် သူတို့၏ အရှင်သခင်များသည် အကာအကွယ် မပေးနိုင်ခဲ့ချေ။

ဤကိစ္စနှင့်ပတ်သက်၍ မစ္စတာဟောက 'ဒီလူတွေမှာ သတ္တိကဖြင့် သိုလေသေးမရှိဘူး၊ လူကလည်းနည်း လက်နက်ကလည်း ညံ့၊ စစ်နှင့် ပတ်သက်သည့် အရာရာတိုင်းမှာလည်း အလွန်ချို့တဲ့နေသော ဤလူများပင် လျှင် ဗိုလ်ရိုင်လို ဓားပြခေါင်းဆောင် (အင်္ဂလိပ်မျက်စိနှင့်ကြည့်လျှင် ဓားပြခေါင်းဆောင် ဖြစ်သည်။) တစ်ဦး၏ ခေါင်းဆောင်ရာသို့လိုက်ပြီး ဤမျှ စွမ်းစွမ်းတမံ အလုပ်မျိုးကို လုပ်နိုင်သေးလျှင် ဤမြန်မာများကို စနစ်တကျ လေ့ကျင့်ပေး၍ ခေတ်မီလက်နက်များ ကိုင်စေပြီး အရည်အချင်း နှင့် ပြည့်စုံသော ခေါင်းဆောင်ကြီးများက ခေါင်းဆောင်လိုက်ရပါလျှင် ဤမြန်မာများ တိုက်မနိုင်မှာဟူ၍ ဤကမ္ဘာတွင် ဘယ်ဟာများ ရှိပါလိမ့် မည်နည်း' အစရှိသည်ဖြင့် ဝန်ခံ ရေးသားခဲ့ဖူးလေသည်။

\+ \+ \+

တာတေဆိုသည့် အာဇာနည်တစ်ဦးလည်း ရှိသေးသည်။ သူ့ဘက်မှာ သူ့ လူတွေ ရှစ်ဆယ်လောက် ရှိကြသည်။ သူတို့တွင် အရပ်လုပ် သေနတ် ဆယ့်လေးငါးလက်လောက်နှင့် ဓားများရှိကြသည်။ အင်္ဂလိပ်တို့ဘက်မှ သေနတ်အပြည့်အစုံနှင့် မြင်းတပ်ရှိသည်။ တာတေတို့လူစုသည် ဘုရား



ပရဝုဏ် တစ်ခု၏ အတွင်းမှ ခံချလျက်ရှိသည်။ လက်နက်ချင်းမမျှသဖြင့် တာတေတို့ဘက်မှ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေရုံမျှမက ရှိသမျှ ခဲယမ်းမီးကျောက်ကလေးပင် ကုန်လျက်ရှိချေပြီ။ ထိုအခါ မြင်းတပ် လည်း ဘုရားဆီသို့ ချီတက်ကာ သေနတ်များဖြင့် တရကြမ်း ပစ်ခတ်လျက် ရှိ၏။

ထိုအခါတွင် နောက်လိုက်တွေလည်း သေ၊ ခဲယမ်းမီးကျောက်လည်း ကုန်နေသော တာတေသည် အင်္ဂလိပ်များကို အညံ့ခံမည်လား။ မခံလို။ သူ့ကျွန်ဖြစ်ပြီး နေရသည်ထက် ကိုယ့်လွတ်လပ်ရေးအတွက် ယောကျ်ား ပီပီ တိုက်ရင်း ခိုက်ရင်း ခေါင်းဆောင်ရင်း စစ်မြေပြင်မှာ သေရသည်က မြတ်သေးသည်ဟု အသည်းစွဲလျက် ရှိသော မြန်မာ့ချက်ကြွေ ဖိုးတာတေ သည် ဘယ်နည်းနှင့်မျှ အညံ့မခံပေ။ ထို့ကြောင့် ခဲယမ်းမီးကျောက်ကုန်သည့် အခါ စေတီပုထိုး၏ အုတ်တံတိုင်းတစ်ခုပေါ်သို့ လွှားခနဲ ခုန်တက်လိုက် ပြီးလျှင် တာတေသည် အုတ်တံတိုင်းမှ အုတ်ခဲများကို ဖဲ့ပြီးလျှင် တရကြမ်း ချီတက် ပစ်ခတ်နေသော အင်္ဂလိပ်မြင်းတပ်ကို အားသွန်၍ ပေါက်ရင်း ထိုနေရာ၌ပင် အသက်စွန့်သွားလေသတည်း။

တာဒွန္တပါမောက္ခ
မကွေးပရိယတ္တိစာသင်တိုက်
မေဓာရှင်စာကြည့်တိုက်
(၁)ရပ်ကွက်/ဒဂုံအရှေ့

www.burmeseclassic.com

www.burmeseclassic.com



## အာခေါနည်ဆိုတာ ဘာလဲ

၁။ Pet
၂။ Pizarro
၃။ Maximilian
၄။ Ulm
၅။ Vesuvius
၆။ Pompeii
၇။ Rocroy
၈။ Conde
၉။ Gonzalo de Cordova
၁၀။ Athens
၁၁။ Leaena
၁၂။ Pisistratus
၁၃။ Rome
၁၄။ Greece
၁၅။ Euphrasia
၁၆။ Switzerland
၁၇။ Russia
၁၈။ The Indian Mutiny
၁၉။ Dr. Hay

## ၁။ မေတ္တာ နှင့် သစ္စာ

၁။ Alcestis
၂။ Antigone
၃။ Pherae
၄။ Admetus
၅။ Hercules
၆။ Thebes
၇။ Oedipus
၈။ Attica
၉။ Colonus
၁၀။ Eumenides
၁၁။ Theseus
၁၂။ Ismene
၁၃။ Polynices
၁၄။ Eteocles
၁၅။ Creon



## ၂။ တစ်ယောက်ကောင်းက

၁။ The Etruscans
၂။ Lars Porsena
၃။ Tarquinius Superbus
၄။ Sextus
၅။ The Tiber
၆။ Janiculum
၇။ Senate
၈။ Horatius
၉။ Spurius Lartius
၁၀။ Herminius
၁၁။ England
၁၂။ Harold
၁၃။ Godwin
၁၄။ Tolstig
၁၅။ Harold Haardraade
၁၆။ The Ouse
၁၇။ Prussia
၁၈။ Austria
၁၉။ Louis XV.
၂၀။ Germany
၂၁။ Marquis de Castries
၂၂။ Rheinberg
၂၃။ Klostercamp
၂၄။ d'Assas

## ၃။ အရှုံးမပေး

၁။ Persia
၂။ Xerxes
၃။ The Indian Caucasus
၄။ The Aegaeus
၅။ The Caspian
၆။ The Chaldean
၇။ The Phoenician
၈။ The Egyptian
၉။ The Arab
၁၀။ The Ethiopian
၁၁။ Babylon
၁၂။ Susa
၁၃။ Persepolis
၁၄။ Sardis
၁၅။ Thessaly
၁၆။ Isthmus of Corinth
၁၇။ The Aegean
၁၈။ The Hellespont
၁၉။ Thermopylae
၂၀။ Sparta
၂၁။ Leonidas
၂၂။ Delphi
၂၃။ Gorgo
၂၄။ Demaratus
၂၅။ Hydernes
၂၆။ The Phocians
၂၇။ Megistias
၂၈။ Mycenae
၂၉။ The Thespians
၃၀။ The Thebans
၃၁။ Dienices
၃၂။ Eurytus

www.burmeseclassic.com

www.burmeseclassic.com



## ၄။ မိတ်ဆွေစစ်

၁။ Syracuse
၂။ Sicily
၃။ Dionysius
၄။ Harmodius
၅။ Aristogeiton
၆။ Philoxenus
၇။ Pythias
၈။ Damon

## ၅။ သေရဲသူ

၁။ Codrus
၂။ The Latin
၃။ Consul
၄။ Titus Manlius Torquatus
၅။ Publius Decius Mus
၆။ Valerius
၇။ Quintus Fabius
၈။ The Gauls
၉။ The Samnite
၁၀။ Sentinum

## ၆။ အိုဘယ့်လူ

၁။ Carthage
၂။ Regulus
၃။ Xanthippus
၄။ Marcia

## ၇။ ဇွဲ နှင့် သတ္တိ

၁။ Julius
၂။ Vercingetorix
၃။ Orleans
၄။ The Cebenna
၅။ Bourges
၆။ Auvergne
၇။ Gergovia
၈။ Aedui
၉။ Alesia
၁၀။ Vergosillaunus



## ၈။ မြို့ခံ

၁။ Moors
၂။ Spain
၃။ Castile
၄။ Aragon
၅။ San Cho
၆။ Tarifa
၇။ Guzman
၈။ Don Juan
၉။ Portuguese
၁၀။ Yusuf ben Yacoub
၁၁။ Zamora
၁၂။ Morocco

## ၉။ ရိုးမြေကျ

၁။ Arria
၂။ Caecina Paetus
၃။ Claudius
၄။ Gertrude
၅။ von der Wart
၆။ Albrecht I
၇။ Johann
၈။ Walther (von Eschenbach)
၉။ Baden
၁၀။ The Reuss
၁၁။ Hungary
၁၂။ Agnes

## ၁၀။ လွတ်လပ်ရေးသို့

၁။ Lucerne
၂။ Zurich
၃။ Sempach
၄။ Richensee
၅။ Johann von Bonstetten
၆။ Arnold (von Winkelreid)

## ၁၁။ တာဝန်ကျေသူ

၁။ The Scots
၂။ The English
၃။ James I (Scotland)
၄။ Sir Robert Graham
၅။ Perth
၆။ Scotland
၇။ Sir Robert Stewart
၈။ Catherine Douglas
၉။ Auguier
၁၀။ (M. de) Miomander
၁၁။ (M. de) Repaire

www.burmeseclassic.com

www.burmeseclassic.com



### ၁၂။ သားကောင်းရတနာ

၁။ Hannibal
၂။ Publius Cormelius Scipio
၃။ The Alps
၄။ Italy
၅။ Napoleon
၆။ The Numidians
၇။ Alexander (the Great)
၈။ Toulon
၉။ Malta
၁၀။ Alexandria
၁၁။ Nelson
၁၂။ Candia
၁၃။ Aboukir Bay
၁၄။ L Orient
၁၅။ Casabianca

### ၁၃။ သတ္တိခဲကလေး

၁။ The Czar
၂။ Siberia
၃။ Prascovia
၄။ Paul 1
၅။ Petersburg
၆။ Tobolsk
၇။ Kamouicheff
၈။ Ischim

### ၁၄။ ချတယ်ဆို ဒီလိုမှ

၁။ Stalingrad
၂။ Soviet
၃။ Nazi
၄။ Division
၅။ Joseph
၆။ Zaragosa
၇။ The Torrero
၈။ General Lefebvre
၉။ Don Jose Palafox
၁၀။ Burita
၁၁။ The Portillo
၁၂။ Agostina
၁၃။ St. Engracia
၁၄။ The Cozo
၁၅။ Don Fransisco
၁၆။ The Ebro

### ၁၅။ မြန်မာ့ဇာတိမာန်

၁။ Me. Fielding Hall
၂။ The Soul of a People

## စာရေးသူ၏
## စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၀၇ ။မေလ ၂၅ ရက်၊ စနေနေ့၊ ၁၂၆၉ ခုနှစ်၊ နယုန်လပြည့်နေ့၊ နံနက် ၈ နာရီ၊ ၃၉ မိနစ်၊ ၁၂ စက္ကန့်တွင် ဝါးခယ်မမြို့၌ အဖ ဦးစံထွန်း၊ အမိ ဒေါ်စောခင်တို့မှ မွေးဖွားသည်။ မွေးချင်း နှစ်ယောက်တွင် အကြီးဆုံး၊ ညီငယ်အမည်မှာ မောင်ဥ။

၁၉၂၀ ။တက္ကသိုလ်ကျောင်းသားသပိတ်တွင် ဝါးခယ်မမြို့ အစိုးရကျောင်း၌ ပဉ္စမတန်းမှ ပါဝင်။ ၆ တန်း၌ ပညာသင်ကြားနေစဉ် ဝါးခယ်မ အမျိုးသားကျောင်းတွင် ဆရာ အခက်အခဲရှိနေ၍ ဆရာတစ်ဘက်၊ ကျောင်းသားတစ်ဘက် ဆောင်ရွက်ခဲ့။

၁၉၂၅ ။မြို့မ အထက်တန်းကျောင်းမှ ဆယ်တန်းအောင်။ ရန်ကုန်တက္ကသိုလ် ဆက်တက်။

၁၉၂၉ ။ဘီ အေ (ဝိဇ္ဇာ)ဘွဲ့ ရရှိ။
မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးတည်ထောင်ရာတွင် ကမကထလုပ်၍ ပါဝင်။
ဦးသန့်၏ တိုက်တွန်းချက်အရ ပန်းတနော်မြို့ အမျိုးသားအထက်တန်း ကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်း။

www.burmeseclassic.com

www.burmeseclassic.com

သုံးခွမြို့ အမျိုးသားကျောင်း၊ ကျောင်းအုပ်အဖြစ် ပြောင်းရွှေ့။ ပန်းတနော်မြို့ အမျိုးသားကျောင်းကော်မတီ ဥက္ကဋ္ဌ သမီး ဒေါ်မြရီနှင့် အိမ်ထောင်ကျ။ ပန်းတနော် အမျိုးသားကျောင်းသို့ ပြန်လည်၍ တာဝန်ထမ်း။

၁၉၃၄ ။ဘီ အယ်လ် (ခေါ) ဥပဒေတန်းတက်။ တက္ကသိုလ်သမဂ္ဂ အမှုဆောင်အဖြစ် ရွေးချယ်ခံရ။

၁၉၃၅ ။တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ။ ဘီ အယ်လ် (ဥပဒေ၊ ဝိဇ္ဇာဘွဲ့) ရရှိ။

၁၉၃၆ ။တက္ကသိုလ်ကျောင်းသားသပိတ်ကို ခေါင်းဆောင်ခဲ့။ ကျွန်ပညာကို အလိုမရှိ ဟူသော သဘောဖြင့် ဘီ အေ ဘွဲ့ကို ပြန်အပ်။

၁၉၃၇ ။သတင်းစာဆရာ ဦးဘနိုင်၊ ဒီးဒုတ်ဦးဘချိုတို့ ဖွဲ့စည်းထားသော ဖေဘီယံ နိုင်ငံရေးပါတီတွင် ဝင်ရောက်ကူညီ။ ဒီးဒုတ်ဂျာနယ်တွင် ပြဇာတ်များ၊ ဆောင်းပါးများ အပတ်စဉ် မှန်မှန်ရေး၊ နဂါးနီစာအုပ်အသင်းကြီးကို တည်ထောင်။ တို့ဗမာအစည်းအရုံး သို့ ဝင်ရောက်၍ သခင်နု ဖြစ်လာခဲ့။

၁၉၃၉ ။တရုတ်ပြည်သို့ ချစ်ကြည်ရေးသွားသောအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်။

၁၉၄၁ ။အင်္ဂလိပ်အစိုးရက ဖမ်းဆီး၍ ရုံးတင်စစ်ဆေးပြီး ထောင်ဒဏ်နှစ်နှစ် အပြစ်ပေး။

၁၉၄၃ ။ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်။

၁၉၄၄ ။ပြန်ကြားရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်။

၁၉၄၅ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဖ ဆ ပ လ လူထုညီလာခံမှရွေးချယ်သော ဗဟိုအမှုဆောင် ၁၀ ဦးတွင် ပါဝင်။ ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့။

၁၉၄၇ ။ဇွန် ၁၃ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရ။ ဇွန် ၂၃ ရက်တွင် ဗြိတိန်နိုင်ငံသို့ထွက်ခွာ။ ဇူလိုင် ၁၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိ။ ဇူလိုင် ၁၈ ရက်တွင် ယာယီအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်လာ။ ဇူလိုင် ၂၆ ရက်တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌရာထူးမှနုတ်ထွက်။ ဩဂုတ် ၂၆ ရက်တွင် *ဘာသာပြန်စာပေအသင်းကြီး* တည်ထောင်ရန် ဆုံးဖြတ်။ အောက်တိုဘာ ၁၇ ရက်တွင် အင်္ဂလန်ပြည် လန်ဒန်မြို့၌ နန်းရင်းဝန် ရစ်ချတ် အက်တလီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နု (ဦးနု)တို့ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် 'နု အက်တလီ' စာချုပ် သဘောတူလက်မှတ်ရေးထိုး။

၁၉၄၈ ။ဇန်နဝါရီလ ၃ ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးမှ မြန်မာနိုင်ငံ၏ ပထမဝန်ကြီးချုပ်အဖြစ် အမည် တင်သွင်းခံရ။ ၄ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရ။ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဂျပ်ဆင် ကောလိပ်ကျောင်းဝင်းတွင်း ယာယီအသင်းတိုက်၌ ဘာသာပြန်စာပေအသင်းကိုဖွင့်လှစ်၊ ၎င်းမှ တစ်ဖန် အမှတ် ၃၆၁ ပြည်လမ်းပေါ်ရှိ ဆိုရန်တိုဗီလာ အဆောက်အဦသို့ ပြောင်းရွှေ့ပြီးနောက် 'စာပေဗိမာန်'ဟု အမည်ပြောင်း။

၁၉၅၁ ။ဘာသာပြန်စာပေအသင်း အုပ်ချုပ်မှုကောင်စီဖွဲ့စည်း၊ ဥက္ကဋ္ဌ တာဝန်ယူ။

၁၉၅၃ ။ဇန်နဝါရီလ ၁၅ ရက်၊ ၁၃၁၄ တပို့တွဲလဆန်း တစ်ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော် အနီးတွင် လိုဏ်ဂူတော်ကြီးကို ပန္နက်ရိုက် အုတ်မြစ်ချ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၄ ။မေလ ၁၇ ရက်၊ ၁၃၁၆ ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကို ရန်ကုန်မြို့ ရေကျော်ရပ် သိရိမင်္ဂလာကုန်းမြေရှိ လိုဏ်ဂူတော်ကြီးတွင် ကျင်းပ။

၁၉၅၆ ။ဇွန်လ ၁၂ ရက်တွင် ဝန်ကြီးချုပ်ရာထူးမှ ခေတ္တနုတ်ထွက်။ ရန်ကုန်အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ရွေးချယ်ခံရ။

၁၉၅၇ ။ကမ္ဘာတစ်ပတ် (ဒေါ်မြရီ၊ ဦးသန့်၊ ဗိုလ်မှူးလွင်၊ ဗိုလ်ကြီးပြည်စိုး)

၁၉၅၈ ။ဇွန်လ ၉ ရက်နေ့ သန့်ရှင်း ဖ ဆ ပ လအဖွဲ့ကို တည်ထောင်။ အောက်တိုဘာ ၂၈ ရက်နေ့တွင် အိမ်စောင့်အစိုးရသို့အာဏာလွှဲပြောင်း။

၁၉၆၀ ။ရန်ကုန် အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ထပ်မံရွေးချယ်ခံရ။ မတ်လ ၁၈ ရက်တွင် သန့်ရှင်း ဖ ဆ ပ လ အဖွဲ့မှ ပြည်ထောင်စုပါတီအဖြစ် အမည်ပြောင်း၊ ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူ။

ဧပြီလ ၄ ရက်တွင် ကာကွယ်ရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး တာဝန်များ စတင်ထမ်းဆောင်။

အောက်တိုဘာ ၁ ရက်တွင် တရုတ် မြန်မာ နယ်စပ်ကိစ္စ လက်မှတ်ရေးထိုး။

၁၉၆၁ ။မတ် ၁၄ ရက်တွင် ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်။

၁၉၆၂ ။ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကွယ်လွန်ခဲ့သည်။

## စာရေးသူ

## ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များ

၁၉၂၅ ။*အချစ်လော၊ အမုန်းလော* ပြဇာတ်ကို ရှုဝ မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခွင့်ရ။

၁၉၃၆ ။တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပြီးသည့်အခါ သပိတ်မှောက်*ကျောင်းသား* အမည်ဖြင့် ဇာတ်ညွှန်းရေး၍ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ ရုပ်ရှင်ရိုက်။

၁၉၃၇ ။ပြဇာတ်တိုများထဲမှ ကောင်းနိုးရာရာများကို ရွေးချယ်၍ ခေတ်မီ*ပြဇာတ်တိုများ* အမည်ပေး၍ နဂါးနီ စာအုပ်အသင်းမှ ထုတ်ဝေ။

၁၉၃၈ ။ဗမာ့သတ္တိ။

။*လူ့ပေါ်လူ့ဇော်လုပ်နည်း* ပထမတွဲ။

။*လူ့ပေါ်လူ့ဇော်လုပ်နည်း* ဒုတိယတွဲ။

(နောင်အခါ ထိုစာအုပ်ကို မိတ္တဗလဋ္ဌိကာ အမည်သစ်သို့ပြောင်း၍ ကျောင်းသုံးစာအုပ်အဖြစ် အစိုးရ ပညာရေးဌာနမှ ကျောင်းများတွင် သင်ကြားရန် ပြဋ္ဌာန်း)

၁၉၃၉ ။တရုတ်ပြည်သွားအဖြစ်အပျက်များကို ဂန္ဓာလရာဇ် အမည်ဖြင့် စာအုပ်ရေး၍ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေ။

၁၉၄၀ ။နိုင်ငံရေးအဘိဓာန် (သခင်လှဖေနှင့် တွဲဖက်၍ရေး)

၁၉၄၁ ။ထောင်ထဲမှာရှိနေစဉ် အင်္ဂလိပ်ပြဇာတ် ၁၅ ပုဒ်ကို ဆီလျော်အောင် ဘာသာပြန်ခဲ့ရာ ၎င်းတို့ထဲမှ *နွားသိုးကြီးပြဇာတ်* နှင့် ပုထုဇဉ်ဥမ္မတကော ပြဇာတ် နှစ်ပုဒ်ကို ဂျပန်တို့ မြန်မာပြည်အုပ်စိုးနေချိန်က ထုတ်ဝေ။

www.burmeseclassic.com

www.burmeseclassic.com

။အင်းစိန်ထောင်တွင်ရှိနေစဉ် ရက်စက်ပါပေ့ကွယ်ကို ရေးခဲ့သည့်ပြင်
။ဦးသောင်းဒန် ဝတ္ထုကိုလည်း ရေးခဲ့။
၁၉၄၃ ။ပုထုဇနော ဥမ္မတကော
၁၉၄၅ ။အာဏာနည်ဆိုတာ ဘာလဲ ပထမအကြိမ်။
။မာစ်ဆဗ္ဗင်းမ်ဆိုတာ ဘာလဲ (ဗမာတွေ ဘာလုပ်ရမလဲ)
။ငါးနှစ်ရာသီ ဗမာပြည် ပထမအကြိမ်။
။ငါးနှစ်ရာသီ ဗမာပြည် ဒုတိယအကြိမ်။(မြန်မာနိုင်ငံအစိုးရ အမျိုးသား စိမ်ကိန်းဌာန၊ အတိုင်ပင်ခံအရာရှိကြီး မစ္စတာဂျေ အက်ဖ် ဖာနီဗဲလ် က အင်္ဂလိပ်ဘာသာသို့ပြန်)
။*Towards Peace & Democracy*
၁၉၄၉ ။မိတ္တဇလင်္ဂါကာ တတိယအကြိမ်။
။အာဏာနည် ဒုတိယအကြိမ်။
။လူမွဲတို့၏ ထွက်ရပ်လမ်း။
၁၉၅၀ ။မိတ္တဇလင်္ဂါကာ စတုတ္ထအကြိမ်။
၁၉၅၁ ။*From Peace to Stability*
၁၉၅၂ ။ဓာရိတ္တမဏ္ဍိုင်။
။*The People win through*
။လူထုအောင်သံ ပြဇာတ် (မြန်မာနိုင်ငံရှိ စာသင်ကျောင်းများ၌ သင်ကြားရန် ပညာရေးဌာနမှပြဌာန်း၊ အမေရိကန်ရုပ်ရှင်ကုမ္ပဏီ တစ်ခုနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံ ဒီမိုကရေစီ ပညာပြန့်ပွားရေးအသင်းမှ ကြီးမှူး၍ ရုပ်ရှင်ရိုက်။ အမေရိကန်တွင် ပြဇာတ်အဖြစ် စင်တင်)
၁၉၅၃ ။ကမ္ဘာကျော် ရှိတ်စပီးယားပြဇာတ်များ။
။အာဏာနည် တတိယအကြိမ်။
။မိတ္တဇလင်္ဂါကာ ပဉ္စမအကြိမ်။
။နိုင်ငံတော်ပန်းတိုင်။
။*Burma looks Ahead*

၁၉၅၄ ။မိတ္တဇလင်္ဂါကာ ဆဋ္ဌမအကြိမ်။
။အာဏာနည် စတုတ္ထအကြိမ်။
။*Burma under the Japan:* Picture and Portraits
၁၉၅၅ ။အသားထဲကလောက်ထွက် ပြဇာတ်။
။ပြည်ထောင်စုပန်းတိုင် ပထမတွဲ။
။ပြည်ထောင်စုပန်းတိုင် ဒုတိယတွဲ။
။မိတ္တဇလင်္ဂါကာ သတ္တမအကြိမ်။
။မိတ္တဇလင်္ဂါကာ အဋ္ဌမအကြိမ်။
။ပြည်တော်သာ ပန်းတိုင်။
။*Forward with the People*
၁၉၅၆ ။မိတ္တဇလင်္ဂါကာ နဝမအကြိမ်။
၁၉၅၇ ။အာဏာနည် ပဉ္စမအကြိမ်။
။ပြည်တော်သာ ပန်းတိုင် ဒုတိယအကြိမ်။
၁၉၅၈ ။ဓမ္မအကြောင်း။
။ငါးပါးသီလအကြောင်း။
။ငါးပါးသီလ၊ မြတ်စွာဘုရား၊ သံဃာတော်၊ ဓမ္မအကြောင်း၊
။ဗုဒ္ဓသာသနာအရေးတော်ပုံ။
၁၉၅၉ ။ဖိနှိပ်မှု တိုက်ပွဲအဆင့်ဆင့် ပ ကြိမ်။
။ဖိနှိပ်မှု တိုက်ပွဲအဆင့်ဆင့် ဒု ကြိမ်။
။ဒီမိုကရေစီကာကွယ်ကြ (မြန်မာ အင်္ဂလိပ် နှစ်ဘာသာ)
။ရှေ့တန်းခေါင်းဆောင် ဖြစ်လိုသော်။
။*We Must Defend Democracy*
၁၉၆၀ ။ငါးပါးသီလ၊ မြတ်စွာဘုရား၊ သံဃာတော်၊ ဓမ္မအကြောင်း၊ ဗုဒ္ဓ
။သာသနာ အရေးတော်ပုံ ဒုတိယအကြိမ်။
။သကအလ ပြဇာတ်။
၁၉၆၁ ။*Wages of Sin*
၁၉၆၂ ။အိန္ဒိယပြည်၌ ဟောပြောသော ဗုဒ္ဓတရားတော်များ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၃ ။ပုထုဇနော ဥမ္မတကော ဒုတိယအကြိမ်။
၁၉၆၇ ။ကာမတဏှာ ဝတ္ထုကြီး ပထမအုပ် ပထမအကြိမ်။
။ကာမတဏှာ ဝတ္ထုကြီး ဒုတိယအုပ် ပထမအကြိမ်။
၁၉၆၈ ။ကာမတဏှာ ဝတ္ထုကြီး ပထမအုပ် ဒုတိယအကြိမ်။
။ကာမတဏှာ ဝတ္ထုကြီး ဒုတိယအုပ် ဒုတိယအကြိမ်။
။ရက်စက်ပါပေ့ကွယ် ဒုတိယအကြိမ်။
။ရုပ်စုံအခြေခံသမိုင်း၊ အတွဲ ၁။
။(ကမ္ဘာနှင့် သတ္တဝါအစ၊ ယဉ်ကျေးမှုအစ)
၁၉၈၂ ။ကာမတဏှာ ဝတ္ထုကြီး ၂ အုပ်တွဲ ပထမအကြိမ်။
၁၉၈၃ ။ညောင်ကန်အေး ဝိပဿနာတရားတော်။
။ငရဲဆို ချိုနဲ့လားဗျို့ ပထမအကြိမ်။
။ရက်စက်ပါပေ့ကွယ် တတိယအကြိမ်။ (ပြန်ကြားရေးဝန်ဟောင်း ဦးခင်ဇော်မှ အင်္ဂလိပ်ဘာသာဖြင့် ဂါးဒီးယန်းသတင်းစာတွင် ရေးသားသည်ကို အစ္စရေးသံအမတ်က ဖတ်ရ၍ အစ္စရေးနိုင်ငံတွင် ဘာသာပြန်၍ ပုံနှိပ်ထုတ်ဝေခဲ့)
။ဗုဒ္ဓဘာသာ တရားတော် (မြန်မာ အင်္ဂလိပ် နှစ်ဘာသာ)
၁၉၈၄ ။ကျေးဇူးရှင်။
။ဓမ္မစကြာ တရားတော်။
၁၉၈၅ ။အနတ္တလက္ခဏသုတ် တရားတော်။
၁၉၈၇ ။ငရဲဆို ချိုနဲ့လားဗျို့ ဒုတိယအကြိမ်။
၁၉၈၈ ။တြိရတနသဗ္ဗဇေယျ မင်္ဂလာဂါထာတော်များ (စီစဉ်ပြုစု)။
၁၉၉၆ ။မိတ္တဗလဒီကာ ဒသမအကြိမ်။
၁၉၉၇ ။အာဇာနည် ဆဋ္ဌမအကြိမ်။
၂၀၀၀ ။ကာမတဏှာ ဝတ္ထုကြီး ၂ အုပ်တွဲ ဒုတိယအကြိမ်။
၂၀၀၀ ။မိတ္တဗလဒီကာ ဒွါဒသမအကြိမ်။
၂၀၀၄ ။ငရဲဆို ချိုနဲ့လားဗျို့ တတိယအကြိမ်။




## သော်တာဆွေ
### ကျွန်တော့်ဘဝဇာတ်ကြောင်း

ဆရာသော်တာဆွေ၏ စာပေပရိသတ်များ တသသအစွဲမက်ကြဆုံး စာအုပ်တွဲဖြစ်ပါသည်။

စာအရေးအသားကို သတိထားဖတ်ရှုကြသူများက အံ့ဩဖွယ်ရာ ကောင်းမွန်ပြီး ဆွဲဆောင်မှုလည်း ကြီးမားလှသော စာပေလက်ရာအဖြစ် ဤစာစုကို သတ်မှတ်ကြပါသည်။

ဆရာသော်တာဆွေ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ် ဖြစ်ပြီး ကျယ်ဝန်းလှသော ဇာတ်အိမ်ဇာတ်လမ်းနှင့် ဝတ္ထုကြီးတစ်ပုဒ်အနေဖြင့်လည်း ဖတ်ရှု၍ကောင်းသော စာအုပ်တွဲဖြစ်ပါသည်။

၄ တွဲ ခွဲထုတ်ထားပြီး စံတိုး၊ ဝသုန်၊ မှတ်သုံ၊ ဇော်မောင်တို့၏ လက်ရာမျက်နှာဖုံးများနှင့် စီစဉ်ထားပါသည်။

[စာမူခွင့်ပြုချက် အမှတ် ၆၅၇/၉၉ (၇)]

www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မိကဘသန်း
## (မြန်မာပြန်)
## နှုတ်ကောင်းခွန်းမြိုက် သုခမိန်

ကမ္ဘာကျော် လစ်ဘနွန်ကဗျာဆရာ ခါလီဂျီဗြံ၏ The Prophet အမည်ရ စာနုစာမွန်များကို ဆရာဓမ္မိကဘသန်းက လှပစွာ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ဓမ္မိက ဘသန်းသည် နက်ရှိုင်းသောဒဿန ထုံမွမ်းသည့် ယောန သံဇင်ရော်စာအုပ်ကို ဘာသာပြန်ခဲ့သူလည်း ဖြစ်သည်။ ယခုစာနုစာ မွန်များမှာလည်း လူသားဝန်းကျင်တွင် တည်ရှိနေမှုများ အပေါ် နက်နဲမှုနှင့် လှပနူးညံ့မှုတို့ ယှဉ်တွဲလျက် အကောင်းဆုံးရေးသား ဖန်တီးမှုများ ဖြစ်ပါသည်။

[စာမှုခွင့်ပြုချက် အမှတ် ၄၃၀/၉၅ (၂)]



## မန်းတင်-မြန်မာပြန်
## မီးလျှံနှင့် ရေသီတာ

ဤစာအုပ်သည် အိန္ဒိယစာရေးဆရာကြီးများဖြစ်သည့် ပရမ်ချမ်၊ နရယန်းနှင့် ရာဂျ်အာနန်တို့ သုံးဦး၏ဝတ္ထုတိုများကို မြန်မာပြန်ထားခြင်း ဖြစ်သည်။ ဤစာရေးဆရာကြီးသုံးဦးသည် သူ့နိုင်ငံ သူ့လူမျိုး အတွင်းမှာသာမက ကမ္ဘာသိကျော်ကြားသော စာရေးဆရာကြီးများ လည်း ဖြစ်သည်။

ပရမ်ချမ်သည် တောနေတောင်သူလယ်သမားတို့၏ ဆင်းရဲတွင်းနစ် ဒုက္ခဝေရပုံသရုပ်ကို မေတ္တာဆေးရည် အသုံးပြုကာ ကရုဏာစုတ်တံဖြင့် ခြယ်သထား၏။

နရယန်းနှင့် ရာဂျ်အာနန်တို့ကား အများအားဖြင့် မြို့နေလူလတ်တန်းစားများ ခေါင်းပုံဖြတ်ခံရပုံ၊ ဗြိတိသျှကိုလိုနီစနစ်အောက်တွင် အဖိနှိပ်ခံရပုံ၊ လူ့လောကအဆင်မပြေပုံများကို ဟာသနှောတင်ပြထားသည်။

[စာမူခွင့်ပြုချက် အမှတ် ၅၄၆/၉၈ (၈)]

www.burmeseclassic.com

www.burmeseclassic.com




## အောင်လင်း
## ဝတ္ထုတိုများ

အောင်လင်းသည် နာမည်ကျော် ဝတ္ထုရေးဆရာတစ်ဦး ဖြစ်သည်။ သူ့ခေတ် သူ့အခါတွင် လျှမ်းလျှမ်းတောက်ခဲ့သည်။ ရွှေနှင့်ငွေ၊ ပစ်တိုင်းထောင်၊ အရိုင်းစပယ်၊ ရွှေဝတ်မှုန်၊ မန်ဒါလီ စသော နာမည်ကျော်ဝတ္ထုရှည်များရေးခဲ့သည်။ သူ၏ ဝတ္ထုရှည် အချို့ကို ရုရှားဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာများသို့ ပြန်ဆိုခဲ့သည်။ အရိုင်းစပယ်သည် ၁၉၆၀ ခုနှစ် စာပေဗိမာန် ဝတ္ထုရှည်ဆုရခဲ့သည်။ ယခုစာအုပ်သည် ရုပ်ရှင်ပဒေသာ၊ သက်လျာ၊ နဝဒေး၊ မြဝတီ၊ ရှုမဝ စသောမဂ္ဂဇင်းများတွင် ၁၉၅၇– ၆၂–၆၃ တစ်ဝိုက် ရေးသားချက်များ စုဆောင်းထားခြင်းဖြစ်သည်။

ဖဲစက်ရာပေါ်မှာ၊ ဈေးသည်မ လုလုကလေး၊ လှည့်ကွက်ကလေးတစ်ကွက်၊ မသာမင်းသား၊ မိန်းမဆန်လွန်းသောမိန်းမ စသော ဝတ္ထုတိုပေါင်း ၁၇ ပုဒ် ပါရှိသည်။ ချစ်ရေးချစ်ရာသာမက ဘဝလှုပ်ရှားရုန်းကန်ရမှုတို့ကိုလည်း တွေ့မြင်နိုင်ပါသည်။

စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း ပူးတွဲပါရှိသည်။

[စာမူခွင့်ပြုချက် အမှတ် ၁၇၅/၂၀၀၁ (၂)]



## တိုက်စိုး
## မင်္ဂလာနှင့်
## အခြားအစမ်းစာများ

တိုက်စိုးသည် Essay ဟုခေါ်သော အစမ်းစာများ အများဆုံး ရေးသားလေ့ရှိသည်။ သုတေသနစာတမ်းများလည်း ပြုစုခဲ့သည်။

အတ္ထုပ္ပတ္တိ၊ မြန်မာစာပေရေးရာ၊ ဘာသာသုတဆိုင်ရာ၊ သမိုင်းဆိုင်ရာစာပေများ ပြုစုခဲ့သည်။ ထင်ရှားသည့်စာအုပ်အချို့မှာ မြန်မာစာမိတ်ဖွဲ့ (မင်းယုဝေနှင့်)၊ ဇေယျာဝတီ၊ ဂျူဗလီဟော၊ မင်းတုန်းမင်းနှင့် စာဆို ဦးဖိုးကျားနှင့် ပီမိုးနင်း၊ ဇေယျ၊ ဗုဒ္ဓဘာသာ အနုပညာနိဒါန်း၊ တိုက်စိုးစာ တို့နှံ့နှံ့တို့ ဖြစ်ကြသည်။

မင်္ဂလာနှင့်အခြားအစမ်းစာများ စာအုပ်တွင် စာ ၂၄ ပုဒ် ပါရှိသည်။

တိုက်စိုး၏ စာဂုဏ်သည် ကျစ်လျစ်ခြင်းဂုဏ်ဖြစ်သည်။

ဤစာအုပ်တွင် တိုသည့်စာများပါသကဲ့သို့ ရှည်သည့်စာများလည်းပါသည်။ အချို့စာများတွင် အောက်ခြေ၌ စာကိုးအညွှန်းများပါရှိ၏။ စာတစ်ပုဒ်ချင်းတွင် စေတနာပါပါနှင့် အလေးအနက်ထားရေးသားကြောင်း ထင်ရှားပေသည်။ စာရေးဆရာ၏ စာပေနှင့်ဘဝဖြစ်စဉ်မှတ်တမ်း ပူးတွဲပါရှိသည်။

[စာမူခွင့်ပြုချက် အမှတ် အမှတ် ၁၆၄/၉၉ (၂)]

www.burmeseclassic.com

www.burmeseclassic.com




## မောင်ဝံသ
## (မြန်မာပြန်)
## ကစ်ဆင်းဂျား၏
## အိမ်ဖြူတော်နှစ်များ
## ကစ်ဆင်းဂျား၏
## ကသောင်းကနင်းနှစ်များ

အမေရိကန် နိုင်ငံခြား ရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်းဂျား၏ အိမ်ဖြူတော်နှစ်များစာအုပ်ကို တိုင်းမဂ္ဂဇင်းက အနှစ်ချုပ် ပြန်လည်ရေးသားသည့်မှုအား ဆရာမောင်ဝံသက (မူရင်းတွင် ၂ တွဲ ခွဲထားသည့်အတိုင်း) ၂ အုပ်ခွဲ၍ ဘာသာပြန်ဆိုရေးသားထားသော စာအုပ်များဖြစ်သည်၊

ဒေါက်တာ ဟင်နရီကစ်ဆင်းဂျားသည် ၁၉၆၈ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ အိမ်ဖြူတော်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် အမေရိကန်သမ္မတ ၂ ဆက် တာဝန်ပေးခဲ့စဉ် သူ၏ ကမ္ဘာ့ရေးရာ အတွေ့အကြုံများ၊ အစိုးရအဖွဲ့အတွင်း အတွေ့အကြုံများ၊ တွေးခေါ် သုံးသပ်ဆင်ခြင်






ခဲ့မှုများကို စာအုပ်အဖြစ် ရေးသားထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၇၉ ခုနှစ်ထုတ် စာအုပ်များဖြစ်ပါသည်။ သို့သော် ယနေ့ ၂၀၀၂–၂၀၀၃ တွင် ဟင်နရီကစ်ဆင်းဂျား၏လက်ရာ နောက်ဆုံးထုတ် ဒစ်ပလိုမေစီစာအုပ်သည် ကမ္ဘာ့နိုင်ငံရေးကို စိတ်ဝင်စားသူများကြားတွင် လက်ကိုင်ထားရမြဲ ကိုးကားရမြဲဟုဆိုလျှင် ဆရာမောင်ဝံသ ဘာသာပြန်ဆိုသော ဤစာအုပ် ၂ အုပ်ပါ အတွေ့အကြုံများ၊ ကောက်ချက်များသည် ဟင်နရီကစ်ဆင်းဂျား၏ နိုင်ငံရေးသုံးသပ်မှု ပင်မရေသောက်မြစ်များပင် ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် ဤစာအုပ် ၂ အုပ်မှ ဒေါက်တာ ဟင်နရီကစ်ဆင်းဂျား၏ ဘဝ၊ ဖြတ်သန်းမှုအတွေ့အကြုံနှင့် တွေးတောဆင်ခြင် သုံးသပ်ကောက်ချက်ဆွဲပုံများသည် ယနေ့အထိ ဖတ်သင့်သိသင့်သော အချက်များအဖြစ် ရှိနေသည်ဟုယူဆပြီး ထုတ်ဝေထားခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## သက်လုံ
### သားငယ်ရွှယ်လူး
### သိစေဦး

လူငယ်လူရွယ် သားငယ်သမီးငယ်တွေကို ဦးတည်ကာ ပုံပြင်လမ်းညွှန် ရေးသားမှု ဆောင်းပါးစု စာအုပ်ဖြစ်ပါသည်။

စာရေးဆရာကြီး (ဦး)သက်လုံသည် စာပေဝါရင့်သူအတွေးအခေါ် ရင့်သူဖြစ်သောကြောင့် ဤစာစုများသည် လူငယ်များအတွက် ဘဝ အောင်မြင်ရေးကို ရှေ့ဆောင်ပေးနိုင်ရုံမက စိတ်ဓာတ်တည်ကြည် ဖြောင့်မတ်မှု၊ လူမှုပတ်ဝန်းကျင်ကို မျှတစွာရှုမြင်တတ်ရေး စသည်များ ကိုပါ ညွှန်ပြနေပါသည်။

ဆောင်းပါးပုဒ်ရေ ၄၀ ကျော် တစ်စုတစ်စည်းတည်း ပါဝင်ပြီး လူငယ်များအတွက် ဘက်စုံထောင့်စုံကနေ နားဝင်အေးစေသော အရေးအသားဖြင့် သုံးသပ်ဆင်ခြင်ပြောပြထားသည့် ဤစာအုပ်မှာ ဘဝခရီးတွင် အောင်မြင်သူများဖြစ်စေဖို့ ရည်မှန်းချက်ထားသူ ငယ်ရွယ် သူများ လက်စွဲပြုစရာဟု ရည်ညွှန်းပါသည်။

[စာမူခွင့်ပြုချက် အမှတ် ၁၆၃/၂၀၀၃ (၂)]




## မိုးမိုး(အင်းလျား)
### မဂ္ဂဇင်း ဝတ္ထုရှည်များ ၁

လူမှုဝန်းကျင်ကို ပုံဖော်ဖွဲ့နွဲ့ရာတွင် မျှတသောအမြင်ဖြင့်သာ ရေးဖွဲ့လေ့ ရှိသော ဆရာမ မိုးမိုး (အင်းလျား)၏ ၁၉၈၀ မှ ၁၉၈၉ နှစ်အတွင်း မဂ္ဂဇင်းအသီးသီးတွင် ပုံနှိပ်ဖော်ပြခဲ့သော မဂ္ဂဇင်းဝတ္ထုရှည် ၁၀ ပုဒ် စုစည်းမှုဖြစ်ပါသည်။

အများစု၏ ပတ်ဝန်းကျင်တွင် မြင်တွေ့ရှိနေတတ်သော ကြေကွဲ စရာ၊ ကျေနပ်စရာ၊ ကြည်နူး စရာအဖြစ်ကလေးများကိုပင် မြင်တတ် ယူတတ် တွေးတတ်သောရှုထောင့်မှ စာနာစိတ်၊ ဝေမျှခံစားလိုစိတ် ပေါ်အောင် ရေးဖွဲ့မှုဖြင့် ဤဝတ္ထုများ ဖြစ်ပေါ်စေခဲ့ပါသည်။

ဆရာမသည် ဝတ္ထုအဖြစ် ရေးသားသောအခါတွင် ဝတ္ထုထဲက ဇာတ်ဆောင်တို့၏ စိတ်နေသဘာဝကိုသာ မျှတမှန်ကန်အောင် အားပြု ပုံဖော်တတ်ခြင်းကြောင့် ယခုချိန်အထိ ဝတ္ထုများကပေးသော 'အာ ဘော်' ခေါ် အမြင်နှင့် ခံစားမှုများမှာ စာဖတ်သူကို လတ်ဆတ်စွာပေး နေဆဲဖြစ်သည်ကို တွေ့ရပါမည်။

ဤစာအုပ်တွင် လရောင်လွှမ်းလည်း ကမ်းနှင့်ဝေးခဲ့၊ အချစ်သည် ဘဝ၏ အစိတ်အပိုင်းတစ်ခု၊ အကိုင်းအခက်တို့သည်လည်း အတို အရှည် ရှိကြကုန်၏၊ ပုစဉ်းပြာတောင်ပံကားရယ်၊ အပြန်တစ်ရာမိုက် ဦးမှာ၊ လေးဘက်နံ့ရဲ့ အချစ်ပွင့်ဦး၊ ဒုက္ခကိုပဲ ရှာနေရတယ်၊ ကြေကွဲ သွားသောမုန့်စများ၊ ပြည်ဗာရာမှအစပြု၍ ဝတ္ထုများပါဝင်ပါသည်။

{စာမူခွင့်ပြုချက် အမှတ် ၅၇၆/၉၂ (၁၁)}

www.burmeseclassic.com

www.burmeseclassic.com



## ရွှေဥဒေါင်း


## ရုပနန္ဒီ၊ ရုပကလျာဏီ

လူ့ဂုဏ်နက်နဲဆန်းကြယ်သော ဖြစ်ရပ်များနှင့် စိတ်လှုပ်ရှားဖွယ် ဇွန့်စားခန်းများကို နှစ်သက်သဘောကျသော စာဖတ်ပရိသတ်များ ကြားတွင် တသသစွဲမက်စေသော ဝတ္ထုနှစ်ပုဒ်တွဲအဖြစ် ကျော်ကြားသော စာအုပ်ဖြစ်ပါသည်။

ဆရာကြီးရွှေဥဒေါင်း၏ စာရေးဟန်ခံ့ညားမှုကြောင့်လည်း ဤဝတ္ထုများသည် ဖြစ်ရပ်မှန်ကို အခြေပြုလေသလားဟူ၍ စိတ်ဝင်စားမှု ပိုစေခဲ့ပါသည်။

ဆွဲဆောင်အားကောင်းသည့် ပန်းချီမောင်မောင်သိုက်၏ လက်ရာဖြင့် ထူထူထဲထဲ အားပါးတရ ဖတ်စရာစာအုပ်ကောင်း တစ်အုပ်။

[စာမူခွင့်ပြုချက် အမှတ် ၃၄၀/၉၉ (၄)]




## ရွှေဥဒေါင်း

## အကြံဉာဏ်ဖြင့် ကြီးပွားရေး

ဤစာအုပ်သည် အောင်မြင်ကြီးပွားရေး တက်ကျမ်းစာအုပ်တစ်အုပ် ဖြစ်၏။ သို့သော် မည်ကာမတ္တမျှသာမဟုတ်ကြောင်း လက်တွေ့ ဖတ်ကြည့်လျှင်သိနိုင်၏။ ရွှေဥဒေါင်း၏ စကားချီးကိုဖတ်ကြည့်လျှင်ပင် ဤစာအုပ်၏ သတ္တိကို အကဲခတ်ခွင့်ရနိုင်၏။

ဤစာအုပ်သည် ခြေဖဝါးလက်ဖဝါးမှစ၍ တိုင်းကျော်ပြည်ကျော် သူဌေးကြီးများအဖြစ် ရောက်ရှိလာသည့် ပုဂ္ဂိုလ်ကြီးငါးရာကျော်၏ စီးပွားရှာပုံ စနစ်နည်းနာတို့ကို စစ်ဆေးမေးမြန်းစုံစမ်းပြီး ၎င်းတို့၏ ပြောဆိုချက်များကို တစ်ခုနှင့်တစ်ခု တိုက်ညှိနှိုင်းချိန်၍ အဆီအနှစ် ထုတ်ထားခြင်းဖြစ်၏။

ဤစာအုပ်ကို ကြီးပွားရေးအတွက် ခြေလှမ်းဆယ်လှမ်းဖြင့် တစ်ခန်းချင်းဖွင့်ဆိုထား၏။

[စာမူခွင့်ပြုချက် အမှတ် ၃၀/၉၇ (၇)]

www.burmeseclassic.com

www.burmeseclassic.com



## မြဝင်း(ဒဿန)
## ရသပညာနိဒါန်း

စာပေအနုပညာဆိုင်ရာ စာတစ်အုပ်ဖြစ်သည်။

တက္ကသိုလ်ပညာ ပဒေသာစာစောင်နှင့် ဒဿနစာစဉ်တို့တွင် ရေးသားခဲ့သော စာတမ်းများ စုစည်းချက်ဖြစ်ပါသည်။

ရသပညာများ၏ အရေးပါသော ပြဿနာများကို မြန်မာ့ရသပညာရှင် ဆရာဇော်ဂျီ၏ အမြင်များနှင့် ယှဉ်တွဲပြသထားသည့် စာတမ်း များလည်းဖြစ်သည်။

ဤစာတမ်းများသည် မျက်မှောက်ခေတ် ရသပညာ၏ အရေး ပါသောပြဿနာများကို တင်ပြထားသည်ဖြစ်၍ အထူးသဖြင့် ရသ ပညာကို လေ့လာနေသော ဒဿနိကဗေဒအထူးပြု ကျောင်းသူ ကျောင်းသားများအတွက် လည်းကောင်း၊ ရသပညာကို မြတ်မြတ်နိုးနိုး လေ့လာနေကြသော စာပေမြတ်နိုးသူ စာဖတ်ပရိသတ်ကြီးအတွက် လည်းကောင်း အဖိုးတန်သော ဆောင်းပါးကောင်းများဖြစ်ပါ၏။

[စာမူခွင့်ပြုချက် အမှတ် ၁၄၅/၉၈ (၃)]

BURMESE CLASSIC .com



## မောင်ဇေ
## ဂန္ထဝင်အချစ်ကဗျာ ၁၀၀

ခေတ်ဟောင်းခေတ်သစ် နိုင်ငံတကာမှ ကဗျာကဝိတစ်ရာတို့၏ ကဗျာတစ်ပုဒ်စီကို ဘာသာပြန်ထားပါသည်။

ဓမ္မဟောင်းကျမ်းလာ ရှောလမုန်သီချင်း၊ ဂရိအမျိုးသမီးစာဆို ဆက်ဖို၏ မင်္ဂလာတေးကဗျာ၊ သက္ကတစာဆို ကာလိဒါသ၏ သကုန္တလာကဗျာ စသည့် ရှေးကဗျာများမှသည် မျက်မှောက်ခေတ် စပိန်၊ ပြင်သစ်၊ ရုရှား ကဗျာဆရာများဖြစ်ကြသော လော်ကာ၊ ရှောဘတ် ဒက်စနော၊ မာယာကော့စကီး စသူတို့အထိပါဝင်ပါသည်။

အချစ်စိတ်နိုးကြားလာသည့်အခါ လူတိုင်းကဗျာဆရာဖြစ်လာရသည်ဟု ပလေးတိုးက ဆိုဖူးသည်။ ယခုစာအုပ်ပါ ကဗျာအားလုံး၏ အဓိကအာဘော်သည် အချစ်ဖြစ်သည်။ အချစ်၏ သွင်ပြင်၊ ခံစားမှု၊ အတွေးအမြင် စသည်ဖြင့် အချစ်နှင့် ပတ်သက်သော လှပသော စုတ်ချက်များကို ဤကဗျာများတွင် တွေ့ရှိရလိမ့်မည်။

[စာမူခွင့်ပြုချက် အမှတ် ၃၀/၉၉ (၇)]

www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာဦးသူသို့

ဤစာအုပ်သည် ၁၉၉၉ ခုနှစ်တွင် ကျင်းပခဲ့သည့် မောင်ကိုကိုမြင့်နှင့် မသွယ်မျိုးညွန့်တို့၏ မင်္ဂလာဆည်ခံပွဲအတွက် အထူးရည်ညွှန်း၍ ရေးသားခဲ့ကြသည့် နာမည်ကျော်စာရေးဆရာများ၏ စာများ (ဦးသိန်းဖေမြင့်မှအပ) ဖြစ်ပါသည်။

- ချစ်သူများဘဝမှ အိမ်ထောင်ရှင်များအဖြစ်သို့ ချဉ်းနင်းဝင်ရောက်ပြီး လောကတာဝန်ကို ထမ်းဆောင်ကြတော့မည့် မင်္ဂလာဦးသူများအတွက်၊
- မင်္ဂလာဦး ဇနီးမောင်နှံများမှသည် အောင်မြင်သော အိမ်ထောင်ရှင်များအဖြစ်သို့ရည်ရွယ် လက်တွဲကြတော့မည့် လူငယ်မောင်မယ်များအတွက်၊

ဤရည်ညွှန်းချက်များဖြင့် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းတို့ကို ဘဝအတွေ့အကြုံ၊ ခံစားချက်တို့ဖြင့်ယှဉ်၍ ရေးသားထားသော စာစုများလည်းဖြစ်ပါသည်။

[စာမူခွင့်ပြုချက် အမှတ် ၃၇၈/၂၀၀၁ (၅)]

www.burmeseclassic.com